www.burmeseclassic.com



www.burmeseclassic.com



# ရွှန်းရမိမိုး



# မချစ်ဘဲ လက်ထပ်ရဲတယ်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

# ရွှန်းရမိမိုး၏ ထွက်ရှိပြီးစာအုပ်များ


၁။ လက်ဗျာအရောင်ရင့်ပါမှ
၂။ ကွန်းခိုရာမဲ့
၃။ မေတ္တာလှည့်ခန်း
၄။ ယုန်ကလေးနဲ့ဒိုင်ယာရီ
၅။ မွေးစားသမီးပုံပြင်
၆။ သံယောဇဉ်ဦး ... ဆူး
၇။ အချစ်၏ရိုက်ခတ်မှု အချိန်၏ပွဲတင်သံ
၈။ အငိုဆုံး ... ရှုံ
၉။ လေးပင်လိမ်
၁၀။ အချစ်စစ်တို့၏ဝိညာဉ်ကကြိုး
၁၁။ မေတ္တာရေတိမ်နစ်မှာစိုး
၁၂။ ဆက်ထုံးပြေသောနေ့
၁၃။ အသည်းကွဲခရီးသည်
၁၄။ ရင်စည်းရိုးနှင့် အချစ်လေပြည်
၁၅။ အက်ဆစ်အတ္တ
၁၆။ ရင်ပိုးမြစ်
၁၇။ ကြည်နူးခြင်းလက်ဆောင်
၁၈။ သစ္စာတော်ဩဘွဲ့သို
၁၉။ လ အချိုး ကြယ်
၂၀။ ချယ်ရီရောင်သတို့သမီး ဆာကူရာချစ်သူ
၂၁။ ပစ္စုပ္ပန်၏နောက်ကွယ်
၂၂။ ကာရံလွဲဗျူဟာမှသည်အချစ်လမ်းလွှဲဆီသို့
၂၃။ ဆူးလှေကား
၂၄။ ဘဝအထာနှင့်နှလုံးသားကဗျာ
၂၅။ သံယောဇဉ်ကိုဖွင့်မပြရက်ခဲ့ပါ
၂၆။ ရင်ကွဲပိုး
၂၇။ ဖယောင်းတိုင်
၂၈။ မညီမျှခြင်း၏ တစ်ဖက်ဆီမှာ
၂၉။ အဓိပ္ပာယ်မဲ့ မျှော်လင့်ခြင်း
၃၀။ သံယောဇဉ်ငြိမ်း (ပုလဲရတုအထိမ်းအမှတ်)
၃၁။ ကြယ်ကြွေခြင်းနဲ့ လမင်းလက်ဘ
၃၂။ မှုပိုင်နှလုံးသား
၃၃။ သက်တံရောင်ခြယ်နှလုံးသားစုတ်ချက်များ
၃၄။ အချစ်ဖြင့် ပြီးပြည့်စုံသော
၃၅။ အတူတူမသက်ဆိုင်ခဲ့ရင်
၃၆။ နားလည်ကြေး
၃၇။ မြားနတ်မောင်၏ နှစ်ဆယ့်တစ်ရာစုလက်နက်
၃၈။ ဂူနေ့ကိုတောင်ပံခတ်မိတဲ့အခါ
၃၉။ ရာဇဝင်မလှတဲ့ကဗျာ
၄၀။ နှလုံးသား ကံစမ်းမဲ
၄၁။ ချစ်သူ သူ့ရဲကောင်း

**__ယခုလ__**

၄၂။ မချစ်ဘဲ လက်ထပ်ရဲတယ်

www.burmeseclassic.com

**နိုင်ငံတော်ဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | နိုင်ငံ့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | နိုင်ငံ့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | နိုင်ငံ့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံသူတော်စင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ၁

"ညီမလေး ... နာမည်လေး ပြောပါဦး"

"ချောကလက်ပါရှင့်"

"ချောကလက် ... နာမည်လေးက စားချင်စရာလေး၊ လူကလည်း ..."

"သြော် ... ဟိုးဆရာရေ၊ လူကလည်း ဆိုတာက ဆက်မပြောရင် ကောင်းမယ်နော်"

"သြော် ... ကိုမင်းကလည်း၊ လူကလည်း ချစ်စရာလေးလို့ ပြောမလို့ပါ"

"ကဲ ... ဟုတ်ပါပြီ၊ ညီမလေး ချောကလက် ဘယ်ကလာပြိုင်တာလဲ"

www.burmeseclassic.com



"မြိတ်ကပါ"

"မြိတ်ကလာတဲ့ ငပြာရည်၊ သြော် ... မဟုတ်ပါဘူး၊ မြိတ်ကလာတဲ့ ချောကလက်ပေါ့၊ ဟုတ်ပါပြီ ... ညီမလေးက မြိတ်ကဆိုတော့ ဆလုံလူမျိုးများလား။ စကားလည်းဝဲတယ်ဆိုတော့"

"မဟုတ်ပါဘူး၊ ချောကလက်က ကချင်လူမျိုး"

"ဟော"

ရုပ်မြင်သံကြားကြည့် ပရိသတ်တွေ အကုန်ရယ်ကုန်ကြသလို အကဲဖြတ်ဒိုင်တွေလည်း ရယ်နေကြသည်။

ဘွဲ့တောင် တီဗီဖွင့်ထားပြီး မျက်လုံးစုံမှိတ်ထားရာမှ ဖွင့်ကြည့်မိလိုက်သည်။

"ကဲ ... ဟုတ်ပါပြီ။ ညီမလေးဆိုမယ့် သီချင်းလေး ပြောပါဦး။ သီချင်းခေါင်းစဉ်နဲ့ တေးရေးတေးဆိုတွေက ..."

"တေးရေး တေးဆိုက စိုင်းစိုင်းခမ်းလှိုင်ပါ။ သီချင်းခေါင်းစဉ်ကတော့ အမုန်းသမားတဲ့"





"ဟော ... စိုင်းစိုင်းရဲ့သီချင်း၊ ဟုတ်ပါပြီ ... ဟုတ်ပါပြီ၊ ကဲ ... ညီမလေး ဒီအစီအစဉ်မှာ ပထမဆုရပါစေလို့ ဆုတောင်းပေးမယ်နော်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေရှင်"

ဘွဲ့သည် တော်တော်ကို လွဲချော်နေသော ကောင်မလေးကိုကြည့်ရင်း ရယ်ချင်လာကာ သဘောလည်းကျလာသည်။ ထို့ကြောင့် မထင်မှတ်ဘဲ ထိုကောင်မလေး သီချင်းဆိုနေတာကို ကူးထားလိုက်မိသည်။

ရင်ဖုံးအင်္ကျီလက်စကလေးနဲ့ လုံချည်ကိုခပ်ရှည်ရှည် ဝတ်ထားတဲ့ ကောင်မလေးက စိုင်းစိုင်းရဲ့အမုန်းသမားကို မူ(ဒ်)အပြည့်နဲ့ သီဆိုနေပုံက ဟာမိုနီတော့ မဖြစ်ပေမယ့် သူမကတော့ အမုန်းသမားကို တော်တော်ပိုင်နိုင်သည်။

ကီးအချိန်းအပြောင်း ခပ်များများနဲ့ ခက်တဲ့သီချင်းတစ်ပုဒ်ကို သူမက ရအောင်ဆိုနိုင်သည်။ ဒိုင်တွေက ခေါင်းတညိတ်ညိတ်။

www.burmeseclassic.com



သူမ သီချင်းဆုံးသွားတော့ လက်ခုပ်သံတွေ ပြည့်လို့လျှံလို့။ အစီအစဉ် တင်ဆက်သူနှစ်ယောက်က ...

"ညီမလေးဆိုသွားတာ အရမ်းကောင်းပါတယ်။ ဒီလိုခက်ခက်ခဲခဲ သီဆိုရတဲ့သီချင်းကို မှ(ဒ်)အပြည့်နဲ့ ပိုင်ပိုင်နိုင်နိုင် သီဆိုသွားပါတယ်။ ခံစားမှုတွေနဲ့များ တိုက်ဆိုင်နေလို့လား ညီမလေး"

"မဟုတ်ပါဘူး၊ ကြိုက်လို့ ဆိုတာပါ"

"အော် ... ဟုတ်ပါပြီ၊ ညီမလေး ပထမဆုရပါစေလို့ ဆုတောင်းပေးပါတယ်"

"ဟုတ်ကဲ့"

ထိုနေ့က ပြိုင်ပွဲမှာ အဲဒီချောကလက်ဆိုသော ကောင်မလေး တကယ်ပဲ ပထမရသည်။

ဘယ်တုန်းကမှ ရင်မခုန်တတ်ခဲ့သော သို့မဟုတ် ခဏခဏ ရင်ခုန်နေခဲ့တတ်သော ဘဲ့တစ်ယောက် ထူးဆန်းတဲ့ ဖီလင်လေး တစ်မျိုးခံစားနေရသည်။





သူကူးထားသော ချောကလက် သီချင်းဆိုတဲ့ပုံလေးကို ခဏ ခဏ ဖွင့်ကြည့်မိရင်း ဘယ်လိုသဘောကျမှန်းမသိ။ သို့သော် ဘယ်မှာနေလို့ ဘယ်လိုက်ရှာရမှန်း မသိဘဲ ချောကလက်ဆိုတဲ့ နာမည်တစ်ခုတည်းနဲ့ သူမကို ဘယ်လိုလိုက်ရှာမလဲ။

ပြီးတော့ ...

ဘဲ့မှာကလည်း တော်တော်ရှာချိန်ရှိတာကိုး။ ဘဲ့ဟာဘဲ့တောင် အိပ်ချိန်စားချိန် ပုံမှန်မရှိသည့်သူလေ။

ခုတောင် နှစ်ရက်တိတိ ကောင်းကောင်းမအိပ်ရသေးတဲ့ မျက်လုံးတွေက ဒေါက်မခိုင်တော့။

❖ ❖ ❖

www.burmeseclassic.com



ဘွဲ့ဆိုတာက နံပါတ်တစ်မင်းသားတစ်ဦးပီပီ အချိန် ဆိုတာ ရွှေပဲလေ။

ခုချိန်ထိ ရည်းစားတစ်ယောက်မှ မထားဘူးပေမယ့် ရိုက်ကွင်းပေါ်မှာတော့ မင်းသမီးပေါင်းစုံနဲ့ အမျိုးစုံရင်ခုန်ဖူး။ ချစ်မန်းကြိုက်ခန်းသာမက ဇာတ်ကားအတွက် မင်္ဂလာဆောင် ခဏခဏဆောင်ဖူး။ အိမ်ထောင်ခဏခဏကျဖူး။

ဖြူနီပြာဝါ ရောင်စုံကာလာမင်းသမီးတွေနဲ့ ဖက်လှဲ တကင်း။

ဒီတော့ မိန်းမဆိုတာကို ထူးပြီး ရင်မခုန်တတ်တော့ ဘူး။ ဒါပေမဲ့ ...





ဟုတ်တယ်။ ရှုတင်ကပြန်လာပြီး ဘာရယ်မဟုတ် တီဗီခဏဖွင့်ကာ နားနေတုန်း တီဗီအစီအစဉ်တစ်ခုဖြစ်တဲ့ သီချင်း ဆိုပြိုင်ပွဲက ချောကလက်ဆိုတဲ့ ကောင်မလေးကို တွေ့လိုက်ရချိန်မှာ ရင်ထဲ ဘယ်လိုဖြစ်သွားမှန်းမသိ။

ချောကလက်တဲ့။

နာမည်လေးတစ်ခုကလွဲရင် ဘာ Deta မှမရှိ။ ကောင်မလေးကို ဘယ်လိုလိုက်ရှာမလဲ။

သူ ပြုံးမိသည်။

ကောင်မလေးကို ရှာဖို့တွေ စဉ်းစားနေမိလို့လေ။ ကောင်မလေးကို ရှာချင်စိတ်ရှိနေတာကို ကိုယ့်ကိုယ်ကိုယ် အံ့ဩ နေမိတာ။

အထူးတဆန်း စိတ်ဝင်စားနေမိလို့လေ။

နောက်တော့လည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွား မှာပဲကို။ ရယ်ရသေး။

"သားရေ ... ဘွဲ့"

www.burmeseclassic.com



သူ့ရဲ့တစ်ဦးတည်းသော မေမေ။ သူ့ရဲ့မန်နေဂျာ ဆိုလည်းဟုတ်။ ဒီဇိုင်နာလည်းဟုတ်။

အောင်မြင်ကျော်ကြားမှုတွေ သရဖူဆောင်းနေတဲ့ သူ့နောက်ကို မေမေက တကောက်ကောက် လိုက်၏။

တချို့မင်းသမီးတွေတောင် မအေတွေ မလိုက်ဘဲ သူတို့မိတ်ကပ်ဆရာနဲ့လာတဲ့ခေတ်မှာ ဘွဲ့အမေကတော့ ဘွဲ့နောက်မှာ အရိပ်လို ရှိနေခဲ့တာ။

အဲဒါကြောင့်လည်း ဘွဲ့ဆိုတာ ဘာကောလာဟလမှ မရှိအောင် ရှင်းသန့်တဲ့ မင်းသားအဖြစ်လည်း ကျော်ကြားတာပေါ့။

ဘွဲ့ရဲ့အောင်မြင်မှုမှာ မေမေ့ရဲ့အခန်းကဏ္ဍတွေ အများကြီးပါသည်။

ဘွဲ့နဲ့မေမေက အမေတစ်ခု သားတစ်ခုမို့ ဘွဲ့ကလည်း မေမေ့ကို အရမ်းချစ်သည်။ လောကမှာ မေမေသည်သာ အရေးအကြီးဆုံး။





ဘွဲ့ဖေဖေက ဘွဲ့ဆယ်တန်းနှစ်မှာပဲ ဆုံးသွားတာကိုး။ ဖေဖေရှိတုန်းကတော့ ဘွဲ့ရဲ့အနုပညာဗီဇကို အားမပေးခဲ့။ ဖေဖေက သူ့လို ဆရာဝန်တစ်ယောက်ပဲ ဖြစ်စေချင်ကာ ပညာရေးကို ဦးစားပေးခဲ့သည်။

သို့သော် ဆယ်တန်းနှစ်မှာပဲ ဖေဖေဆုံးတာကြောင့် မေမေရော ဘွဲ့ပါ ဝမ်းပန်းတနည်းနဲ့ ဘွဲ့ဆို ဆယ်တန်းကို အောင်အောင် မနည်းဖြေခဲ့ရသဖြင့် ဘယ်အမှတ်ကောင်းနိုင်တော့မလဲ။

သာမန်အမှတ်ကလေးနဲ့ ဆယ်တန်းအောင်ခဲ့သော ဘွဲ့ဟာ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တွေကို အမှတ်မမီမယ့်အတူ အဝေးသင်တက်ရင်း မော်ဒယ်လ်သင်တန်း စတက်ကာ အနုပညာလောကထဲ တိုးဝင်ခဲ့တာပါ။

ခုတော့ ဘွဲ့အသက်လည်း နှစ်ဆယ့်ငါးနှစ်ရှိပြီ။ အရမ်းကို အောင်မြင်ကျော်ကြားတဲ့ မင်းသားတစ်ယောက်လည်း ဖြစ်ခဲ့ပါပြီ။

www.burmeseclassic.com



မေမေက ဖေဖေရှိစဉ်ကတည်းက ဖေဖေနဲ့သူ့ရဲ့ ဝေယျာဝစ္စတာဝန်တွေကို ကိုယ်တိုင်လုပ်ပေးရမှ ကျေနပ်တတ်သော အိမ်ရှင်မစစ်ပီပီ ဖေဖေမရှိတော့ သူ့အပေါ်စုပုံကာ နှစ်ဆဂရုစိုက်ခဲ့သူပါ။

ဖေဖေရဲ့အထူးကုဆရာဝန် ဝင်ငွေနဲ့ပဲ တစ်သက်လုံး ထိုင်စားခဲ့တာမို့ တခြားဘာစီးပွားရေးမှမရှိ။ ဖေဖေ ထားရစ်ခဲ့သော အိမ်နဲ့ခြံကလေးရယ်၊ ဘဏ်စာအုပ်ကရတဲ့ ဘဏ်တိုးလေးနဲ့ လက်ဝတ်လက်စား အချို့တို့ဖြင့် သူ မော်ဒယ်လ်မဖြစ်ခင် ဣန္ဒြေမပျက်ခဲ့။

ခုတော့ သူ့ရဲ့အောင်မြင်မှုတွေက ပိုက်ဆံဆိုတာကို စိုးရိမ်စရာမလိုသည့် အနေအထားသို့ ရောက်ခဲ့ပြီ။

အစကတည်းက သိမ်းထုပ်သေချာ စည်းစနစ်ကြီးတဲ့ မေမေကလည်း အလှူအတန်းကလွဲရင် အလေအလွင့်မရှိစေရ။

သူများတွေလို နာမည်တပ်ပြီး ဖောင်ဒေးရှင်းထောင်ဖို့အတွက် မအားတာကတစ်ကြောင်း၊ နာမည်မတပ်ချင်တာတစ်





ကြောင်းတို့ကြောင့် တတ်နိုင်သလောက် လှူဒါန်းဖြစ်ပေမယ့် ဘယ်ဂျာနယ်တွေမှမပါ။ သူက အထည့်မခံတာပါ။ လှူတာဟာ ကြွားဝါဖို့မှ မဟုတ်တာလေ။

ဖေဖေရှိစဉ်ကတည်းက သူတို့မိသားစုမှာ အလှူအတန်း မပြတ်ခဲ့။ ဖေဖေ့ဝါဒက ...

"တစ်ခါတည်းနဲ့ အများကြီးမလှူနိုင်ရင်နေပါ။ တတ်နိုင်သလောက် အမြဲတမ်းလှူပါ"တဲ့။

သဘောကတော့ အလှူရေစက် လက်နဲ့မပြတ်ဆိုတဲ့ စကားကိုပဲ အမြဲတမ်း စိတ်ကို ကုသိုလ်တရားတွေနဲ့ ထုံမွှမ်းထားတဲ့အခါ အကုသိုလ်ဆိုတဲ့ ဒုက္ခပေးတရားတွေနဲ့ ကင်းလွတ်ရတာပေါ့လေ။

အဲဒီအကျိုးတွေကြောင့်ပဲ သူ ယခုလိုအောင်မြင်နေခဲ့လားမသိ။

www.burmeseclassic.com



ချောကလက် ဆိုတာ ဆယ့်ရှစ်နှစ်မလေးပါ။ ဒီခေတ်ရဲ့ဆယ့်ရှစ်နှစ်ပီပီ လန်းမှလန်း တကယ့်အလန်းဇယားလေး။

မြိတ်က စက်လှေပိုင်ရှင်တစ်ဦးရဲ့သမီးပီပီ သုံးနိုင်ဖြုန်းနိုင်ထဲကဆိုတော့ ပိုပြီးလန်းနိုင်တာပေါ့။

ရန်ကုန်မှာ ဆယ်တန်းကို ဘော်ဒါလာနေရင်း အောင်ခဲ့တာမို့ ကျောင်းတက်တော့ ရန်ကုန်မှာပဲ တက်ဖြစ်သည်။

ဒါပေမဲ့ ချောကလက်က သီချင်းဆိုရတာ အရမ်းဝါသနာပါပြီး အဆိုတော်ဖြစ်ချင်သူပါ။ ရှိသမျှ ရှိုးပွဲတိုင်း မလွတ်တမ်း အားပေးတတ်သလို ပြည်တွင်းပြည်ပ အဆိုတော် တော်တော်များများကလည်း ချောကလက် အသည်းကျော်။





သီချင်းဆိုပြိုင်ပွဲမှန်သမျှ ဝင်ပြိုင်ရင်း ခုနောက်ဆုံးပြိုင်ပွဲမှာတော့ ပထမရတာပင်။

ထို့ကြောင့် ပြိုင်ပွဲတွေမှာ ဒိုင်လုပ်သည့် တေးရေးဆရာကြီးတွေတောင် ပွဲတိုင်းကျော် ချောကလက်ကို မှတ်မိသိရှိနေကြပြီ။

ဂီတလောကနဲ့ ချောကလက် သိပ်မစိမ်းတော့။ သို့သော် ပြဿနာက ချောကလက်ရဲ့မိဘတွေ။

ချောကလက်တို့က ညီမနှစ်ယောက်ပဲရှိတာပါ။ ထို့ကြောင့် သမီးကြီးဖြစ်တဲ့ ချောကလက်ဟာ ကျောင်းပြီးတာနဲ့ မြိတ်ကိုပြန်ပြီး စက်လှေလုပ်ငန်းတွေ ဝင်လုပ်ရတော့မှာ။

ချောကလက် ညီမလေးက ခုမှ ခုနစ်တန်းကျောင်းသူဆိုတော့ ချောကလက်ပဲ အလုပ်တွေကို အရင်ဝင်လုပ်ရမှာ။ ထို့အတွက် ဂီတနဲ့ပတ်သက်တဲ့ ကိစ္စတွေကို ဖေဖေက လုံးဝအားမပေး။ စီးပွားရေးသမားတွေပီပီ အနုပညာဆိုတာကို အထင်ကိုမကြီးတာပါ။

www.burmeseclassic.com



ထို့ကြောင့် ချောကလက်မှာ စီးရီးစ်ထုတ်ဖို့ ပိုက်ဆံလည်းမရှိပါ။

ဒီခေတ်အခြေအနေကလည်း မိုးကူးချေပြဿနာကြောင့် ထုတ်လုပ်ရေးတွေကလည်း မစွန့်စားရဲတဲ့ခေတ်ပီပီ အဆိုတော်ဖြစ်ချင်သူတွေဟာ ကိုယ့်ပိုက်ဆံနဲ့ကိုယ် စီးရီးစ်ထုတ်နိုင်ရင်ထုတ်။ မထုတ်နိုင်ရင်တော့ ပလုံ့ပဲ။

ဒီတော့ ချောကလက်က ညစ်ရုံအပြင် မရှိဘူးလေ။ ဂစ်တာတီးသင်ပြီး သံစဉ်တွေထုတ်။

သီချင်းတွေ ကော်ပီရေးကြည့်နဲ့ပဲ ဝါသနာလေးကို ဖြေဖျောက်နေရတာ။

အဆောင်မှာ အတူနေတဲ့ မိဆွေက ...

“ချောကလက်ရယ် ... ရှင်က လမင်းကိုလိုချင်တဲ့ကလေးဖြစ်နေပြီ။ စိတ်ကူးယဉ်တိမ်တိုက်တွေထဲမှာ မျောလွင့်နေမယ့်အစား ရှင့်ဝါသနာကြီးကို လက်လျှော့ပြီး ရှင့်အိမ်ကအလုပ်ကို လုပ်ဖို့ပဲ ဆုံးဖြတ်လိုက်စမ်းပါဟယ်”





“ဟား ... မိဆွေ၊ ငါ့ဖိလင်က အဲလောက်မပေါ့ပါဘူးနော်။ ငါ့ရဲ့ဝါသနာက အကြီးကြီးနော်။ တော်ရုံဆို ငါလက်လျှော့လိုက်တယ်ဟဲ့။ ခုတော့ လုံးဝမလျှော့နိုင်ဘူး။ အင်း ... ငါ့လိုပဲ ငါ့မိဘတွေကလည်း လျှော့မှာမဟုတ်ဘူး”

“အဲဒါကြောင့် ပြောတာပေါ့။ နင့်ဝါသနာက ဒီတိုင်းလုပ်လို့လည်း ရတာမဟုတ်ဘူး။ ငွေရှိမှ လုပ်လို့ရမယ့်ဝါသနာကြီး။ ဟဲ့ ... ချောကလက်၊ နင် ဟိုအဆိုတော်လိုတော့ မလုပ်နဲ့နော်။ ခွေထုတ်ချင်လို့ စပွန်ဆာရှာတာလေ”

“ဖွတ် ... ငါက ဘာလို့လုပ်ရမှာလဲဟဲ့၊ ပိုက်ဆံမမြင်ဘူးဟာမှ မဟုတ်တာ။ ငါ့မိဘဆီက တောင်းမရတာဘဲရှိတာ”

“အေးပါ၊ ငါက နင့်ဝါသနာကိုသိလို့ နင် ရှုးရှုးမိုက်မိုက်တွေ လျှောက်လုပ်မှာစိုးလို့ ပြောတာ”

www.burmeseclassic.com



"ငါက ရှုးတော့ရှုးတယ်၊ ဒါပေမဲ့ မိုက်တဲ့အမျိုးအစားတော့ မဟုတ်ဘူးဟ၊ နောက်ဆုံး မတတ်သာရင်တော့ အိမ်ပြန်၊ ခပ်တည်တည်နဲ့ အလုပ်ထဲဝင်ပြီး ငါလိုချင်တဲ့ဝိုင်းကို ဘတ်ရုံပဲ။ အဟီး … အဖေအမေ့ပိုက်ဆံ ကိုယ့်ပိုက်ဆံပေါ့ ဟ"

❖ ❖ ❖





MTK ကုမ္ပဏီ။

ဘွဲ့သည် မသော်ကောင်းရဲ့ MTK ကုမ္ပဏီအတွက် မကြာခဏဆိုသလို ကြော်ငြာတွေ ရိုက်ပေးရပါသည်။

MTK ကုမ္ပဏီက Electronic ကုမ္ပဏီတစ်ခုဖြစ်ပြီး ကမ္ဘာမှာ နာမည်ရပြီးသားတံဆိပ်တွေကို မြန်မာပြည်မှာ တင်သွင်းဖြန့်ချီနေတာပဲဖြစ်သည်။

ကုမ္ပဏီဥက္ကဋ္ဌက ဦးသော်ကောင်း ဖြစ်သော်လည်း MD ကတော့ သမီးဖြစ်သူ မသော်ကောင်းသာဖြစ်သည်။

မသော်ကောင်းသည် နိုင်ငံခြားမှာ MBA ဘွဲ့ယူလာသူဖြစ်သည်။

www.burmeseclassic.com



အင်မတန်မှ ထက်မြက်စူးရှသော မိန်းမသားတစ်ယောက်လည်းဖြစ်ကာ ဖခင်ခြေရာနင်းသော သမီးတစ်ယောက်ဖြစ်သည်။

တစ်စတစ်စနှင့် စီးပွားရေးလောကမှာ မေသော်ကောင်း ဆိုတာ မသိသူမရှိ ဖြစ်လာ၏။ သူမဖခင်ရဲ့အရှိန် အရှိပ်လည်း ပါတာပေါ့လေ။

စူးရှထက်မြက်တဲ့ မိန်းမတွေဟာ စကားပြောကျွမ်းကျင်သလို ပေါင်းသင်းဆက်ဆံရေးကလည်း အင်မတန်ညက်လှသည်။

အရမ်းထက်မြက်တဲ့ မိန်းမတွေဟာ သူတို့ကိုယ်သူတို့လည်း ဆွဲဆောင်မှုရှိအောင် ပြုမူနေထိုင်တတ်သေးသည်။

အရမ်းချမ်းသာပြီး ပညာတွေ တသီကြီးတတ်တဲ့ မိန်းမတစ်ယောက်ဟာ လှတစ်မျက်နှာ၊ ယဉ်တစ်ကိုယ်မယ် ဆိုသလို အဆင်းကပါ အပြစ်ပြောစရာ မရှိတော့ဘူးဆိုရင်။



မေသော်ကောင်းကို ကြည့်လိုက်တာနဲ့ အင်မတန်လှပခမ်းနားသော အထက်တန်းလွှာ အမျိုးသမီးတစ်ယောက်ဖြစ်ကာ သူမဆီမှာ အရှိန်တစ်မျိုးလည်း ရှိနေသည်။

ထို့ကြောင့် မေသော်ကောင်းရဲ့ ပတ်ဝန်းကျင်ကကြီးငယ်ရွယ်လတ် လွတ်လပ်သူ ပုရိသတိုင်းဟာ မေသော်ကောင်းကို အနည်းဆုံး တစ်ကြိမ်လောက်တော့ စိတ်ကူးယဉ်မိကြကာ မေသော်ကောင်းကို လက်ထပ်ခွင့်ရဖို့ ကြိုးစားတန်းစီနေကြ၏။

သို့သော် မေသော်ကောင်းက ဘယ်သူ့ကိုမှ စိတ်မဝင်စား။ ဒါပေမဲ့ မေသော်ကောင်းသည် ဘွဲ့ကိုတော့ အထူးအရေးပေးလှသည်။

သူမရဲ့ကုမ္ပဏီအတွက် ကြော်ငြာမှန်သမျှ ဘွဲ့နဲ့ရိုက်သည်။

ကုမ္ပဏီကပွဲမှန်သမျှ ဘွဲ့ကိုဖိတ်၏။

ကုမ္ပဏီရဲ့အများဆုံးဝယ်ယူသော Dealer ကြီးတွေကို နိုင်ငံခြားပို့ရင် ဘွဲ့ကိုပါ ခရီးစဉ်သံတမန်အဖြစ်ထည့်သည်။

www.burmeseclassic.com



စသဖြင့် ဘွဲ့ကို ပတ်သက်မှုလေးတွေ ပြတတ်သည်။ သို့သော် ဘွဲ့ကတော့ မေသော်ကောင်းကို အစ်မတစ်ယောက်လို ပဲ သဘောထားကာ ခင်မင်ရုံပင်။

မေသော်ကောင်းက ဘွဲ့ထက် လေးနှစ်လောက်တော့ ကြီးနိုင်သည်လေ။

ယခုလည်း ဘွဲ့ရဲ့အကယ်ဒမီဧည့်ခံပွဲအတွက် အစစ အရာရာကို မေသော်ကောင်းက စပွန်ဆာပေးမှာမို့ ဘွဲ့နဲ့ မေသော် ကောင်းတို့ ဆီဒိုးနားမှာ နေ့လယ်စာစားရင်း ဆွေးနွေးကြမှာဖြစ် သည်။

ဘွဲ့နဲ့အတူ မေမေ အမြဲပါသလို သူမနားမှာလည်း သူမရဲ့အတွင်းရေးမှူးမလေးက အမြဲရှိ၏။

မေသော်ကောင်းသည် ပေါင်းသင်းဆက်ဆံရေးညက် သူပီပီ မေမေ့ကိုလည်း တရိုတသေ လေးလေးစားစား ဆက်ဆံ တတ်သည်။

မေမေကလည်း မေသော်ကောင်းကို ချစ်မှချစ်။





စားစရာတွေ မှာထားတုန်း ပွဲကိစ္စ ဆွေးနွေးကြ သည်။ ပြီးတော့ စားစရာတွေ ရောက်လာတာနဲ့ စကားစဖြတ် စားစရာရှိတာစားပြီး မေသော်ကောင်းလည်း ကုမ္ပဏီပြန်၊ ဘွဲ့လည်း ရှုတင်ပြေး။ သို့သော် ကားပေါ်မတက်ခင် မေသော်ကောင်းက ...

"ဘွဲ့ ဒီည ရှုတင်မရှိရင် ကိုးနာရီတိတိ ဖုန်းဆက်ဦး"

✤ ❖ ✤

www.burmeseclassic.com



သူက အလုပ်များတဲ့သူပီပီ မေသော်ကောင်းဆီ ဖုန်းဆက်ဖို့ သတိမရပါ။

"သားလေး ... မေသော့်ဆီ ဖုန်းဆက်ရမယ်နော်"

မေမေက သူ့ကို ဖုန်းလာပေးမှ သတိရသည်။

သူကိုင်တဲ့ဖုန်းနံပါတ်က သူ့သူငယ်ချင်းအရင်းအခြာတွေလောက်သာပြောဖို့ သုံးတာဖြစ်ပြီး ကျန်တဲ့ဖုန်းအဆက်အသွယ်တွေကိုတော့ မေမေ့ဖုန်းကိုပဲ သုံးဖြစ်သည်။

အလုပ်ကိစ္စအဝဝကလည်း မေမေနှင့်သာ ပြောတာကိုး။

သူ ရှုတင်မသိမ်းသေး၍ ဖုန်းမဆက်ချင်ပါ။ အာရုံတွေ ရှင်းရှင်းပဲထားချင်သည်။





သို့သော် ကိုယ့်ပွဲတစ်ခုလုံးကို စပွန်ဆာပေးမည့်သူမှာ ဘာကိစ္စရှိမှန်း မသိသဖြင့် ဆက်လိုက်ရသည်။

ဖုန်းလိုင်းက အလွယ်တကူ ဝင်သွား၏။

"ဘွဲ့"

"မမေသော် ဘာပြောစရာရှိလို့လဲ"

"အင်း ... ပြောမယ့်စကားက တို့ကိုယ်တိုင် မပြောသင့်တဲ့စကားပဲ။ ဒါပေမဲ့ တို့ဒယ်ဒီကို ပြောနိုင်းဖို့လည်း မသင့်တော်ဘူးထင်လို့။ ပြီးတော့ မင်းမေမေကို ပြောတာထက် မင်းကိုပြောတာက ပိုပြီးအဆင်ပြေမယ်ထင်လို့"

အချိန်မရပါဘူးဆိုမှ ဘာတွေ ဒီလောက်စကားပလ္လင်ခံနေပါလိမ့်။ မေသော်ကောင်းဆိုတာ ဒဲ့သမား။ ဒီလိုဇေ့နေတတ်တဲ့သူမှ မဟုတ်တာ။

"ပြောလေ မမေ"

"ဘွဲ့ ယောကျ်ားလေးတစ်ယောက်အမြင်နဲ့ ကြည့်ရင် တို့က ဘယ်လိုမိန်းမမျိုးလဲ"

www.burmeseclassic.com



"ဗျာ"

နောက်တစ်ကတ် ကျန်ပါသေးတယ်ဆို ဘာတွေလာမေးနေပါလိမ့်။ သူမပုံစံကလည်း တစ်စုံတစ်ခုကို ပြောရခက်နေပုံမျိုး။

"မမေ"

"အင်း ... အားမနာတမ်း ဝေဖန်စမ်းပါ ဘွဲ့"

"ဟိုလေ ... ကျွန်တော် ရှုတင်မဖြုတ်သေးလို့။ မနက်မှ ပြန်ဆက်ရင် ရမလား"

"မင်းရှုတင် ဘယ်အချိန်ဖြုတ်မလဲ"

"နောက်တစ်ကတ် ကျန်သေးလို့"

"မနက်ဖြန်ရော အလုပ်ရှုပ်မှာပဲလား"

"မနက်ဖြန် နေ့လယ်မှာ ကြော်ငြာရိုက်ဖို့ရှိတယ်"

"ကောင်းပြီလေ၊ ဒါဆို မင်း မနက်ပိုင်းအားတာပေါ့။ အိုခေ ဘွဲ့။ ဒီည မင်း အိမ်ပြန်ရောက်တဲ့အချိန် ကိုယ့်ကို ဖုန်းဆက်ပေးမလား။ ဘယ်အချိန်မှရောက်ရောက် ကိုယ်





စောင့်မယ်။ ဒီည ဖုန်းပြောရလို့ အိပ်ရာဝင်နောက်ကျလည်း မနက်ကျရင် နေမြင့်တဲ့အထိ မင်း အိပ်လို့ရတာပဲ"

"ဟုတ်ကဲ့ ... ကျွန်တော် အိမ်ရောက်ရင် ဆက်လိုက်မယ် မမေသော်"

"အိုခေ ... see u soon "

ရှုတင်ကို မြန်မြန်ဖြုတ်ပြီး အိမ်ပြန်ရောက်တော့ ရေမြန်မြန်ချိုးရသည်။ ဘယ်အချိန်ပဲ ပြန်ရောက်ရောက် သူက ရေချိုးပြီးမှ အိပ်ရာဝင်တတ်သည်။

ရေချိုးပြီး မေမေက နွားနို့ပူပူတစ်ခွက်နဲ့ ပန်းသစ်တော်တစ်ပန်းကန် လာပို့သွားသည်။

"သား ... ဖုန်းသုံးဦးမလား"

"ဟုတ် ... မမေသော်ဆီ ဆက်ရဦးမယ်"

"ဒါဆို မေမေ ဖုန်းထားခဲ့မယ်၊ ပြောပြီးရင် စက်ပိတ်လိုက်တော့"

"ဟုတ် ... မေမေလည်း အိပ်တော့လေ"

www.burmeseclassic.com



"အေး ... မမေ အိပ်ရာဝင်ပြီ သား"

ဆယ့်နှစ်နာရီတောင် ထိုးတော့မယ်။ မမေသော်က ပြန်ဆက်လို့ ပြောထားလို့သာ။ ညဉ့်ကတော့ နက်နေပြီ။

"ဟဲလို"

"ဘွဲ့ ... တို့မေးထားတာ ဖြေပါဦး"

"ဗျာ"

ဘာမေးထားပါလိမ့်။ Memory ကို မြန်မြန်ပြန်ခေါ်ရသည်။

"တို့ကို ဘယ်လိုမြင်လဲ"

"သြော် ... အဟင်း"

ဒါက အထူးစဉ်းစားစရာ မလိုပါ၊ မမေသော်ကောင်းဟာ ထူးချွန်ထက်မြက်ပြီး ဣန္ဒြေရတဲ့ မိန်းမတစ်ယောက်ပါ။

"မမေက တကယ့် sharp ဖြစ်တယ်။ ပြီးတော့ ဣန္ဒြေလည်းရတယ်၊ အရမ်းထက်မြက်တဲ့ မိန်းမတစ်ယောက်ပေါ့"

"ဟုတ်လား"





"တကယ်ပြောတာပါ မမေ"

"ဘွဲ့က ဘယ်လိုမိန်းကလေးတွေကို ဆွဲဆောင်မှုရှိတယ်လို့ သတ်မှတ်မလဲ"

"ကျွန်တော်ထင်တာ ပြောတာနော်၊ ဆံပင်ကောက်ထားတဲ့ မိန်းကလေးက ဆွဲဆောင်မှုရှိပြီး ဆံပင်ဖြောင့်ထားတဲ့ မိန်းကလေးက ချစ်စရာကောင်းတယ်၊ ပြီးတော့ စိတ်ကောက်တတ်တဲ့ မိန်းကလေးက ချစ်စရာကောင်းပြီး၊ စိတ်ထားဖြောင့်မတ်တည်ကြည်တဲ့ မိန်းကလေးက ဆွဲဆောင်မှုရှိတယ်၊ အဲဒီတော့ ဆံပင်လည်းကောက်ထားပြီး စိတ်ထားကလေးပါ ဖြောင့်မတ်တည်ကြည်မယ်ဆိုရင် အဲဒီမိန်းကလေးက ဆွဲဆောင်မှုအား ပြင်းတာပေါ့၊ ဥပမာ မမေပေါ့"

"ဟား ... ဟား"

မေသော်ကောင်းက အားပါးတရ ရယ်နေသည်။

"ဟုတ်ပါပြီ၊ ဘွဲ့ဆိုရင်ရော ဘယ်လိုမိန်းကလေးမျိုးကို လက်ထပ်မှာလဲ"

www.burmeseclassic.com



မမေရဲ့အမေးကို မဖြေခင် ချောကလက်ဆိုတဲ့ ကောင်မလေးကို ဘာလို့ပြေးမြင်မိပါလိမ့်။

"ဟေး ... ဘာလို့ ငြိမ်နေတာလဲ"

"မသိဘူး မမေ။ လောလောဆယ် လက်ထပ်ရမယ့်သူ မရှိသလို ဘယ်လိုမိန်းကလေးဆိုပြီး Target လည်း မရှိသေးဘူး"

"ချစ်ရမယ့်သူလည်း မရှိဘူးပေါ့"

"ဟုတ်ကဲ့"

"ဘွဲ့"

"ဗျာ"

"ဒါဆို Good night ဘွဲ့။ ဒါပေမဲ့ ဒီညတော့ တို့နှစ်ယောက်လုံး အိပ်ရေးပျက်မယ် ထင်တယ်"

မေသော်ကောင်းက ဖုန်းချသွားပြီ။ သူမပြောသလိုပါပဲ။ ဘွဲ့မျက်လုံးတွေ ကြောင်နေပြီ။

အိပ်မရတော့။





ဘယ်လိုလုပ်ရမလဲ။ မမေသော်ကောင်းလို ဂုဏ်သရေရှိ မိန်းမတစ်ယောက်က ဖွင့်ပြောလာတဲ့ သဘောထား။ ပြီးတော့ ဒီလို ဖွင့်ပြောတာကလည်း တည်ကြည်ပြီး ဣန္ဒြေရသဖြင့် ဘယ်လိုမှ အထင်သေးစရာ မကောင်းပါ။ မေသော်ကောင်းသည် သူ ဖြစ်ချင်တာကို မဖြစ်ဖြစ်အောင် လုပ်တတ်တဲ့ မိန်းမတစ်ယောက်လေ။ ပြီးတော့ မိန်းမတစ်ယောက်က စတင်ဖွင့်ပြောလာတာကို သူ ငြင်းလိုက်ရင် တော်တော်ရုပ်ဆိုးသွားမလား။

ငြင်းရလောက်တဲ့ ပြစ်ချက်တော့ မရှိပေမယ့် မေသော်ကောင်းကို သူ ရင်မခုန်ပါ။ ချစ်ဖို့ဆိုတာဝေးလို့ အချစ်ဆိုတာ ဘာမှန်းတောင် မသိပါ။

သို့သော် မေသော်ကောင်းသည် အင်မတန် ပြီးပြည့်စုံသော မိန်းမတစ်ယောက်ဖြစ်ပြီး လက်ထပ်သင့်သော မိန်းမတစ်ယောက်ပါ။

အချစ်ဆိုတာ ဘာမှန်းမသိသေးတဲ့ သူ့နှလုံးသားက မေသော်ကောင်းကို ချစ်နိုင်လိမ့်မည် ထင်ပါရဲ့။

www.burmeseclassic.com



မေသော်ကောင်းဆိုတဲ့ မိန်းမက အရှိန်အဝါတစ်မျိုးတော့ ရှိသည်။ ဘွဲ့ ရင်ထဲမှာ ငြင်းဆန်လိုခြင်း အလျှင်းမရှိအောင် သူမက လွှမ်းမိုးနိုင်သည်။

မေသော်ကောင်းကို ဘွဲ့ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာ တစ်ညတည်းနဲ့ပါ။

မိုးသောက်ရောင်နီဖျို့လာတော့မှ သူ အိပ်ရာဝင်ဖြစ်သွားသည်။

ဘာပဲဖြစ်ဖြစ်လေ သူက လူပျိုကြီးလုပ်ဖို့မှ စိတ်ကူးမရှိတာ။ မေသော်ကောင်းလို မိန်းမတစ်ယောက်ကို လက်မထပ်နိုင်စရာ အကြောင်းမရှိပါဘူး။

✤ ❖ ✤





ဘွဲ့သည် ဘယ်တော့မှ နိုးစက်ဆောင်လေ့မရှိ။ မေမေက အမြဲလာနိုးပေးတတ်သည်။

ရှုတင်သွားဖို့အတွက် အချိန်ကိုက်လာနိုးသည်။ သူနိုးလာရင် အိပ်ရာထဲမှာ ငါးမိနစ်နေ့ ဆက်နှပ်မည်။ ရေချိုးချိန်က ဆယ့်ငါးမိနစ်။ မေမေ ထုတ်ပေးထားမယ့် အဝတ်အစားကို အဆင်သင့်ဝတ်ရုံ။

ရေမွှေးတစ္စတ်လောက် ဆွတ်ပြီးတာနဲ့ပြီးပြီ။ ကျန်တဲ့အဝတ်အစားကိစ္စ၊ ဖိနပ်ကိစ္စတွေက မေမေ စီစဉ်ပေးပြီးသား။ ရှုတင်ရောက်မှ အသင့်လဲရုံ။ သူ့ရဲ့တပည့်ကျော် ဖိုးခွားလေးက ရှုတင်ရောက်တာနဲ့ ဆံပင်ကို ရှိုင်းပေးလိမ့်မယ်။ ဖိုးခွားလေးကို နာမည်ကြီး ဆလွန်းတစ်ခုမှာ သင်တန်းတက်ခိုင်းထားတာမို့ တော်တန်ရုံ ပြင်ဆင်မှုအတွက်တော့ စိတ်ချရပြီးသား။

www.burmeseclassic.com



သူ ရေချိုးပြီး ဆင်းလာတော့ နေ့လယ်စာက အဆင်သင့်။ သူသည် မနက်စောစော ရှုတင်ရှိမှသာ Breakfast နဲ့ မိတ်ဆက်ရပြီး တစ်လမှာ ရက်သုံးဆယ်လောက်က သူ့ရဲ့ တစ်နေ့တာ ပထမဆုံး အစားစားခြင်းဟာ နေ့လယ်စာကနေ စရတာပင်။

"မေမေ"

"ပြောလေ သား"

"သား ညက မမေသော်နဲ့ ဖုန်းပြောဖြစ်တယ်"

"အင်း"

"သားနဲ့ မမေသော်တို့ လက်ထပ်မယ်ဆိုရင် မေမေ သဘောတူနိုင်မလား"

"ဟင်"

မေမေ့ရဲ့ ဖွန်းကိုင်လက်က လေထဲမှာရပ်တံ့သွားသည်။

"သား"





"ဟုတ်တယ် မေမေ၊ သားတို့ညက အဲဒီကိစ္စ ဆွေးနွေးဖြစ်ကြတယ်"

"နေဦး သား၊ သားက မေသော်လေးကို သဘောကျနေခဲ့တာလား"

မေမေက အံ့သြနေသည်။

"အမှန်ကတော့ ..."

သူက ညက မမေသော်နဲ့ပြောတဲ့ အကြောင်းတွေ မေမေ့ကို ဖောက်သည်ပြန်ချလိုက်သည်။

"အင်း ... မိန်းကလေးတန်မဲ့ ဖွင့်ပြောတယ်ဆိုပေမယ့် မေသော်လေးက တည်ကြည်ပြီး ဣန္ဒြေရှိရှာပါတယ်"

"အဲဒါကြောင့် သားက မငြင်းချင်တာ မေမေ။ မိန်းကလေး တန်မဲ့ ဖွင့်ပြောတာကို သားက ငြင်းလိုက်ရင် မမေသော်ရဲ့ဂုဏ်သိက္ခာက ရှိသေးတယ်လေ။ ပြီးတော့ မမေသော်ရဲ့ အနေအထားက ငြင်းစရာ ဘာမှမရှိအောင် ပြီးပြည့်စုံနေပြီးသား။ သားမှာကလည်း ခုချိန်ထိ စိတ်ဝင်စားရမယ့်သူ

www.burmeseclassic.com



မရှိသေးဘူးဆိုတော့ သား မမေသော်ကို လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာပါ”

“မေသော်ကောင်းလို မိန်းကလေးမျိုးဟာ သဘောမတူစရာမရှိပါဘူး။ ဒါပေမဲ့ သားစိတ်ကို သားသေချာပြန်ဆန်းစစ်ကြည့်ဦးနော်။ သေချာပြီဆိုမှ မေသော်ကိုပြော”

“ဟုတ်ကဲ့ မေမေ၊ သား ထပ်စဉ်းစားကြည့်ဦးမှာပါ”

“ကဲ ... ကဲ ... စားတော့၊ ပြီးရင် ရှုတင်ကို အချိန်မီမရောက်အောင် သွားရမယ်”

“ဟုတ်ကဲ့”

သူသည် နာမည်ကြီးမင်းသားဆိုပေမယ့် အလုပ်ကို အလေးထား လေးစားသည့်အနေဖြင့် ဘယ်တော့မှ ရှုတင်နောက်ကျလေ့မရှိ။

ရှုတင်ဖျက်ခြင်းမရှိ။

ကိုယ့်ရဲ့နောက်ကျမှုတစ်ခုကြောင့် လူအများ စိတ်အနှောင့်အယှက် မဖြစ်စေရ။





ထို့ကြောင့် သူနဲ့တွဲရိုက်ရတဲ့သူတိုင်း စိတ်ချမ်းသာကြသည်။

မင်းသား ဘွဲ့နဲ့ဆိုရင် ဘယ်သူမဆို ဝမ်းသာအားရအလုပ်တွဲလုပ်ချင်သူချည်းသာ။

ဒါဟာ သူမရဲ့အလုပ်အပေါ်ထားတဲ့ စေတနာရဲ့ရောင်ပြန်ဟပ်မှုပင်ဖြစ်သည်။

❖ ❖ ❖

www.burmeseclassic.com



ဒီနေ့က စုပါဆန်းဒေး။

သူ ဒီနေ့ညနေပိုင်း ရှုစရာင်မရှိ။ မရှိဆို တမင်ရှင်း ထားတာပါ။ ဒီနေ့ဟာ မေသော်ကောင်းလည်း အားတဲ့ရက်မို့ သူနဲ့ မေသော်ကောင်း ချိန်းထားပါ၏။ အထူးသဖြင့် ဒီနေ့မှာ သူနဲ့မေသော်ကောင်းရဲ့ကိစ္စကို အတည်ပြုမှာဆိုရင်လည်း မမှားပါ။

ရေချိုးပြီး ပေါ့ပေါ့ပါးပါး တီရှပ်တစ်ထည်နဲ့ ရှော့ပင်လဲပြီး ထွက်လာလိုက်သည်။

သူတို့ချိန်းထားတာက သူမ အိမ်မှာပင်။ မေသော်ကောင်းရဲ့အိမ်ကို သူ တစ်ခါရောက်ဖူးပါသည်။

သူမမွေးနေ့ပါတီကို သူမရဲ့ခြံထဲမှာ ကျင်းပတုန်းကပါ။





အင်းလျားကို မေးတင်ဆောက်ထားတဲ့ သူမတို့အိမ်ကြီးက ခမ်းနားလှသလို ခြံကလည်း အကျယ်ကြီးပါ။ လှပတဲ့ ရေကူးကန်ကျယ်ကြီးနဲ့ မြက်ခင်းပြင်စိမ်းစိမ်းစိုစိုကလွဲပြီး ခြံထဲမှာ ဘာပန်းပင်မှမရှိဘဲ သဘာဝကျောက်တုံးပုံစံမျိုးစုံကိုသာ ဟိုတစ်စု ဒီတစ်စု တွေ့ရပြီး အမြင်ဆန်းသစ်လှသည်။

မေ့သော်ကောင်းရဲ့အိမ်ဟာ သူမရဲ့ကြွယ်ဝမှုကို လှစ်ဟပြသလို ပန်းပင်တစ်ပင်တလေတောင် စိုက်မထားတဲ့အတွက် သူမရဲ့ မာကျောသောစိတ်ဓာတ်ကိုလည်း လှစ်ဟပြနေသလိုပင်။

သူမမွေးနေ့တုန်းက ခြံထဲတင်ရောက်ခဲ့တာမို့ အိမ်ထဲက အပြင်အဆင်ကိုတော့ သူ မသိသေးပါ။

သူ့ကား ခြံဝရပ်ရုံပဲရှိသေးသည် ခြံတံခါးက အလိုလို ပွင့်သွားကာ ခြံဝဂိတ်ရုံကလေးထဲက သူမ ထွက်လာသည်။

“ဘွဲ့က အချိန်တိကျတာသိလို့ ခြံဝက လာစောင့်တာ”

မေသော်ကောင်းက သူ မမြင်ဖူးသော အပြင်အဆင်လေးနဲ့ပါ။ အမြဲ ဂုဏ်သရေရှိ အမျိုးသမီးပုံစံမဲ မြင်ရသော မေ

www.burmeseclassic.com



သော်ကောင်းကို ဂါဝန်အပြာနုနုလေးဝတ်လျက် တွေ့ရသည်။ အပြာနုမှာ အဖြူရောင်ပန်းပွင့်လေးတွေ ခပ်ကျဲကျဲပါသော ဂါဝန်လေးနဲ့ စလစ်ပါဖိနပ်အပါးလေး စီးထားသည်။ အမြဲထုံးဖွဲ့ထားတတ်တဲ့ သူမဆံပင်တွေကို လှပဝဲဖြာစွာ ဖြန့်ချထားသည်။ သူမရဲ့လှိုင်းတွန့်ဆံနွယ်ခွေတွေက သူမမျက်နှာတစ်ဝိုက် ကပိုကရိုရဲထားပုံက ရင်ခုန်ချင်စရာပင်။ မာန်မရှိသော မျက်နှာထားလေးက တစ်မျိုးဆွဲဆောင်မှုရှိတာအမှန်။ သို့သော် သူမကို တွေ့လိုက်ရလို့ ရင်ခုန်တာမျိုးတော့မရှိ။ ရင်ခုန်ခြင်းက အချစ်ကို ကိုယ်စားပြုတယ်ဆိုရင် သူ မေသော်ကောင်းကို မချစ်သေးဘူးပေါ့နော်။

ခြံဝကနေ သူမတို့အိမ်ကိုရောက်ဖို့ တော်တော်လှမ်းသေးသည်။ မေသော်ကောင်းက သူ့ကားတံခါးကိုဖွင့်ပြီး ဝင်ထိုင်သည်။

ဆင်ဝင်အောက်မှာ မေသော်ကောင်းရဲ့ မာစီဒီးစ်ကားကြီးက ခန့်ထည်စွာ နေရာယူလျက်။ မေသော်ကောင်း ကားဘေးမှာ သူ့ကားဝင်ထိုးလိုက်သည်။





"လာ ... ဘွဲ့"

မေသော်ကောင်းတို့အိမ်က သုံးထပ်တိုက်ဖြစ်ပြီး မေသော်ကောင်းက အပေါ်ဆုံးထပ်မှာနေသည်။ ဒုတိယထပ်ဟ သူမဖခင်နေသတဲ့။ သုံးထပ်ကိုတောင် ဓာတ်လှေကားတပ်ထားသည်။

မေသော်ကောင်းရဲ့အပေါ်ဆုံးထပ်ရှိ ဧည့်ခန်းကို သူ့ကိုခေါ်သွားသည်။

ဧည့်ခန်းမျက်နှာစာကို မှန်အပြည့် တပ်ထားပြီး အင်းလျားကို မျက်နှာမူထားသဖြင့် သဘာဝပတ်ဝန်းကျင်အလှကို မြင်တွေ့နေရသည်။

"ဘွဲ့ အပူလား အအေးလား"

"ရတယ် မမေ၊ အဆင်ပြေတာ တစ်ခုခုပေါ့"

မေသော်ကောင်း မျက်နှာက ရွှင်လန်းကာ ငယ်နုသွေးရိပ် ထင်နေသည်။

www.burmeseclassic.com



ခဏနေတော့ ကောင်မလေးတစ်ယောက်က အအေး လာပို့ပေးသွား၏။

သူ မြည်းကြည့်တော့ ပန်းသီးဖျော်ရည်။

"မမေ သောက်တာပဲ စိစဉ်လိုက်တယ်။ မမေက ဒီအချိန် ဆို Fresh Juice တစ်ခုခု သောက်တတ်တယ်လေ"

"ကောင်းပါတယ်၊ အသားအရေ လှတာပေါ့"

"အဟင်း ... ဘွဲ့တို့က Skin Care တော်တော်လုပ်ရမယ် နော်"

"အဲလောက်လည်း တကူးတက မလုပ်ဖြစ်ပါဘူး။ ရေများ များသောက်၊ အသီးအရွက်စား၊ မျက်နှာသစ်ဆေးတို့၊ ရေချိုးဆပ်ပြာတို့ ဂရုစိုက်သုံးတာလောက်ပါပဲ၊ နယ်ကား ရိုက်က ပြန်လာတဲ့အခါမျိုး ဆိုရင်တော့ မျက်နှာပေါင်း တင်ရတယ်"

"ဪ"

သူက ပန်းသီးဖျော်ရည်ကို တစ်ချက်မော့လိုက်ပြီး ...





"မမေ"

"အင်း ... ပြော"

"မမေကို ကျွန်တော် လက်ထပ်မယ်"

မမေ ဘာင်း မျက်နှာ ဝင်းလက်သွားသည်။

✤ ❖ ✤

www.burmeseclassic.com



မသော်ကောင်း ရင်ထဲမှာ တသသနဲ့ ကြည်နူးနေသည်။

ဘွဲ့ဘေးမှာ ဘယ်သူမှမရှိလို့။ ပြီးတော့ သူမကိုယ်တိုင်လည်း ကိုယ့်အနေအထားကို ယုံကြည်လို့ ဖောက်လမ်းစခဲ့တာ။

ခုတော့ သူမ စွန့်စားရကျိုး နပ်ပါ၏။

"ဟေး ... မေလေး၊ ပြောစရာရှိတယ်ဆို မပြောဘဲ ပြုံးစိစိ လုပ်နေပုံက သိပ်တော့မရိုးဘူးကွ"

မသော်သည် ဖေဖေ့ကို ရှေ့တင်ထားပြီး လွှင့်မျှောနေမိပါလား။ အာရုံတွေ ပြန်စုစည်းပြီး ...

"ဖေဖေ"





"ပြော My daughter"

"သမီး လက်ထပ်တော့မယ်ဆိုရင် ဖေဖေ အံ့သြမလား"

"မအံ့သြပါဘူး။ သမီးအသက်အရွယ်က အိမ်ထောင်ပြုသင့်တဲ့ အရွယ်ပဲ၊ ငါ့သမီးက တွမ်တီအိတ်ချ်မို့လား။ နောက်တစ်နှစ်၊ နှစ်နှစ်ဆိုရင်တောင် သာတီဖြစ်တော့မယ်၊ ဒါနဲ့ ဖေဖေ့သမက်လောင်းက ..."

"ဘွဲ့ပါ ဖေဖေ"

"ဘွဲ့"

"ဟုတ်"

"မင်းသား ဘွဲ့ကို ပြောတာလား"

"ဟုတ်ကဲ့"

ဖေဖေ့မျက်နှာမှာ ခုမှ အံ့သြရိပ်တွေ ဖြတ်ပြေးသွားသည်။

"သမီးက ဒီကောင်လေးကို သဘောကျတယ်"

"ဟုတ်ကဲ့"

www.burmeseclassic.com



"သမီးနဲ့ ရှေ့သွားနောက်လိုက် မညီဘူး။ ဘယ်လိုမှ မလိုက်ဖက်တာ"

"သမီး သိပါတယ် ဖေဖေ"

"သမီးလို [illegible] ရှထက်မြက်လွန်းတဲ့ **Business Women** တစ်ယောက်နဲ့ နာမည်ကြီးရုပ်ရှင်မင်းသားတစ်ယောက်ဆိုတာ တစ်လိုင်းစီပါ သမီးရဲ့။ သမီးမှာ အလုပ်တွေအများကြီးပဲ။ လုပ်စရာတွေ အများကြီး။ ဒါတွေကို ဘွဲ့ကစိတ်ဝင်စားပါ့မလား။ အထူးသဖြင့် သူ့ရဲ့အောင်မြင်မှုကို စွန့်လွှတ်မယ် ထင်သလား။ စွန့်ခဲ့ဦးတော့ သမီးကို **support** ဖြစ်မယ် ထင်သလား။ သူက **Business** နဲ့ သိပ်မစိမ်းလွန်းဘူးလား"

"လူတိုင်းက မွေးတည်းက သင်ယူနေကြရတာပါပဲ။ သမီး သူ့ကို တွဲခေါ်ရမှာပေါ့"

"ဟုတ်ပြီ။ သူက သမီးတွဲခေါ်တာကို ခံယူမတဲ့လား"

"သမီးရအောင် တွဲခေါ်မှာပါ ဖေဖေ"





"ငါ့သမီး ကော်တော်ကျဆုံးနေတာပဲကွ"

"ဟုတ်တယ် ဖေဖေ၊ သမီး သူ့ကိုတော်တော်ချစ်တယ်"

"ဟုတ်ပါပြီ၊ သမီးက ဒီလောက်တောင်းဆိုနေမှတော့ **as u like my Baby !** ။ ဒါပေမဲ့ သမီးဘက်ကလည်း သူ့အနုပညာဆိုတဲ့ ပြဿနာထုပ်ကြီးရှင်းအောင် တာဝန်ယူရမယ်နော်။ ဦးသော်ကောင်းရဲ့ တစ်ဦးတည်းသောသမက်က အများပြည်သူကို ဖျော်ဖြေရမှ ရပ်တည်နိုင်တာ မဟုတ်ဘူးဆိုတာတော့ သူ သဘောပေါက်ပါစေ သမီး။ ရိုင်းရိုင်းပြောရရင် သူတို့အနုပညာဆိုတာ ဖက်ခွက်စားအလုပ်ပဲ"

"ဖေဖေ"

"သမီး နားဝင်ဆိုးပေမယ့် ငြင်းလို့မရတာ။ အိုခေ။ သမီး သူ့ကို ပုံသွင်းနိုင်ပါစေကွာ။ တစ်ခုတော့ သေချာပြောမယ်နော်။ သမီးကို မင်းသားတစ်ယောက်နဲ့ လက်ထပ်ခွင့်မပြုနိုင်ဘူး။ ဟုတ်ပြီလား။ ဖေဖေ မကန့်ကွက်ဘူး။

www.burmeseclassic.com



ဒါပေမဲ့ ဖေဖေ လက်မခံနိုင်တဲ့ အပိုင်းကိုလည်း ဖဲ့ထုတ်ပေးနိုင်ပါစေ၊ ဟုတ်ပြီနော်”

“ဟုတ်ကဲ့ပါဖေဖေ”

“အေး ... သမီး သွားနားတော့။ မနက်အစောကြီး လေဆိပ်ဆင်းရမယ်မို့လား”

“ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ် ဖေဖေ။ good night”

ဖေဖေနှင့်စကားပြောပြီး သူမအထပ်ကို ပြန်တက်လာမိသည်။ သူမရဲ့ဧည့်ခန်းလေးထဲကနေ အင်းလျားရဲ့ညရှုခင်းကို ခံစားရင်း ဘွဲ့ဆီ စိတ်ရောက်သည်။

ဘွဲ့။

စပြီး တီဗီဖန်သားပြင်မှာ မြင်ဖူးကတည်းက ရင်ခုန်သွားတာ။ နောက်ပိုင်း ကြော်ငြာတွေကို ဘွဲ့နဲ့ရိုက်ဖြစ်တော့မှ အပြင်မှာ စတွေ့ဖူးတာဖြစ်ပြီး ယောကျ်ားပီသပြီး တည်ကြည်တဲ့ ဘွဲ့ကို အရမ်းကို သဘောကျသွားခဲ့တာ။





သူမကိုယ်သူမ မသိလိုက်ခင်မှာပဲ သူမ ဘွဲ့ကိုတော်တော် ချစ်နေမိပြီ။

သူမဘဝမှာ ဘွဲ့မရှိရင်, မဖြစ်တော့သလောက်ကို ခံစားရသည်။

ဘွဲ့ရဲ့အပြုံးတွေက ဖမ်းစားလွန်းလှသည်။ သူမ ပတ်ဝန်းကျင်မှာ ဘွဲ့ အမြဲရှိနေအောင် ဘွဲ့ဓာတ်ပုံလေးတွေက နေရာယူထားခဲ့သည်။

ဘွဲ့က သူမကို ဖမ်းစားလွန်းသည်။ ထို့ကြောင့်ပဲ သူမဟာ သူမပတ်ဝန်းကျင်မှာရှိတဲ့ သူမနဲ့တန်ဖိုးတူသော ဂဏန်းမြင့်တွေကိုကျော်ကာ ဘွဲ့ကိုမှ။

ခုတော့ သူမဆန္ဒတွေ ပြည့်သွားခဲ့သည်။ တစ်ခုပဲ။ ဘွဲ့ကို သူ့ရဲ့အနုပညာကို စွန့်လွှတ်ခိုင်းရဦးမည်။ သူမလည်း ဘွဲ့ မင်းသားလုပ်တာ မကြိုက်ပါ။ သူမဆန္ဒကလည်း ဘွဲ့ကို မင်းသားထက် စီးပွားရေးသမားပဲ ဖြစ်စေချင်၏။

www.burmeseclassic.com



ပြီးတော့ မင်းသမီးပေါင်းစုံ ခိုနားရာ ရင်ခွင်ကိုလည်း ဖြစ်နိုင်ရင် တရော်ကင်ပွန်းနဲ့ကို သန့်စင်ပစ်ချင်သည်။ ဘွဲ့သည် သူမရဲ့မူပိုင်ရင်ခွင် ဖြစ်ချင်သည်လေ။

✤ ❖ ✤





ညနေမှာ သူ့ရဲ့အကယ်ဒမီညှော်ခံပွဲရှိသည်။ ပြီးတော့ ဒီပွဲမှာ မမေသော်ကောင်းကို မကြာခင် လက်ထပ်တော့မည်ဆိုတဲ့ သတင်းကိုလည်း ကြေညာမည်ဖြစ်သည်။

ပွဲကိစ္စအဝဝကို မေမေနဲ့ မမေကပဲ စီစဉ်ပြီး သူကတော့ ရှုတင်မပျက်ပါ။

ဒီနေ့ ကန်တော်ကြီးထဲမှာ ကြော်ငြာတစ်ခုရိုက်ပေးနေတာ။

ပြီးမှ ရေချိုးပြီး ညှော်ခံပွဲကိုသွားရုံပင်။

မေမေက ပွဲကိစ္စ သွားစီစဉ်နေတာမို့ တပည့်ကျော်ဖိုးခွားနဲ့ပဲ ရှုတင်ကိုလာခဲ့ရသည်။

www.burmeseclassic.com



ရှုတင်ခဏနားချိန်မှာ ဝိုင်းရံနေသော ပရိသတ်တွေကြောင့် မနားရပါ။ လက်မှတ်တွေ ပလူပျံနေအောင် ထိုးပေးနေရသည်။

ချောကလက်တို့ အဖွဲ့ကလည်း ကန်တော်ကြီးထဲ ရောက်နေကြသည်။

ချောကလက်တို့ သူငယ်ချင်းတစ်ယောက် သူ့ရည်းစားနဲ့ ပထမဆုံး စချိန်းတွေ့တာကို မသွားရဲသဖြင့် ချောကလက်တို့တစ်ဖွဲ့လုံး လိုက်ပေးရတာပါ။

သူငယ်ချင်းမက သူ့အချစ်နဲ့ စကားပြောနေတုန်း ချောကလက်တို့က ကန်တော်ကြီးထဲမှာ ဓာတ်ပုံလျှောက်ရိုက်ရင်း ကြော်ငြာရိုက်ကွင်းဘက် ရောက်လာကြသည်။

"ဟယ် ... ဟိုဟာ ... မင်းသား ဘွဲ့မို့လား"

ချောကလက်တို့အဖွဲ့ထဲမှာ ဘွဲ့ကို ခရေဇီဖြစ်တဲ့ တစ်ယောက် ပါလာတာမို့ သည်းသည်းလှုပ်တော့သည်။





"ဘွဲ့ ... ဘွဲ့တော့ ... ဘွဲ့ကအပြင်မှာ ပိုတောင်ချောသေးတယ်။ ငါ ... ငါ သွားပြီး လက်မှတ်ထိုးခိုင်းရမယ်၊ အမယ်လေး ... ဒီဘဝတော့ သေပျော်ပါပြီ"

ဆယ်ကျော်သက်မလေးတွေပီပီ ကဲကဲတုန်နေကြသည်။

ချောကလက်ကတော့ အေးဆေးပင်။ ချောကလက်က ရုပ်ရှင်မင်းသားတွေထက် အဆိုတော်တွေကို ပိုကြိုက်တာလေ။ ဒီနေရာမှာ နာမည်ကြီးအဆိုတော်တစ်ယောက် ဆိုရင်တော့ ဆွေ့ဆွေ့ခုန်ရမှာ ချောကလက်ပေါ့။

ခုတော့ ချောကလက်က ဘွဲ့ရဲ့ဇာတ်ကားတစ်ကားတလေတောင် ဆုံးအောင်မကြည့်ဘူးပါ။

ရုပ်ရှင်ဇာတ်ကားတွေ ကြည့်မယ့်အစား သီချင်းတစ်ပုဒ်ကို တစ်နေကုန် ထိုင်နားထောင်ပစ်ချင်သူလေ။

သို့သော် သူငယ်ချင်းတွေ အတင်းဆွဲခေါ်သွားသဖြင့် ချောကလက်ပါ ရောတောယောင်တောင်ဖြင့် ဘွဲ့နား ရောက်သွား၏။

www.burmeseclassic.com



သူငယ်ချင်းတွေက ကျောင်းစာအုပ်တွေထုတ်ကာ ဘွဲ့ကို လက်မှတ်ထိုးခိုင်းကြသည်။

ချောကလက်က မလှုပ်သဖြင့် ...

"ဟဲ့ ... ချောကလက် လက်မှတ်ထိုးခိုင်းလေ"

ဘွဲ့က ဘာရယ်မဟုတ် ချောကလက်ဆိုသည့်အသံကြောင့် မော့ကြည့်မိတော့ ...

"သြော် ... ချောကလက်ကိုး"

"ရှင်"

ချောကလက်တို့အဖွဲ့ အံ့သြသွားသည်။ ချောကလက်ဆိုတာ နယ်ကတက်လာပြီး အဆောင်နေကာ ကျောင်းတက်နေတဲ့ မထင်မရှားလေးလေ။

ဘွဲ့ကသိနေတော့ ...

"သီချင်းဆိုပြိုင်ပွဲမှာ ပထမရတဲ့ မြိတ်သူ ကချင်မလေးမို့လား"

"ဟုတ် ... ဟုတ်ကဲ့"





ချောကလက်သည် ခုနကအထိ ဘွဲ့ကိုစိတ်မဝင်စားသေးသော်လည်း ခုလို ကိုယ့်ကို နာမည်ကြီးမင်းသားက သိနေတာကို ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ခြေထောက်နှင့်မြေကြီးပင် မထိချင်တော့။ ဘွဲ့က ပြုံးပြတော့ ယောင်မှားမှားနဲ့ ပြန်ပြုံးပြ။ ရင်တွေ ဘာတွေခုန်၊ အို ... လှုပ်ရှားမှုတွေက ကာရန်မကိုက်။ စည်းချက်မမှန်။

ဘွဲ့တို့ ရှူတင်ပြန်စတော့ ဘွဲ့က နားနေခုံမှထကာ ...

"ချောကလက် သီချင်းဆိုပုံက တကယ့် Talent ရှိတယ်။ အဆိုတော်ကြီး တစ်ယောက်လိုပဲ။ ဝါသနာပါရင် ဆက်ကြိုးစား။ ဖြစ်နိုင်တယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ဟိုလေ ဓာတ်ပုံတွဲရိုက်လို့ရမလား"

မစီထားတဲ့ စကားလုံးတွေ ချောကလက် ကိုယ်တိုင်ပြောမိသလားဟုတောင် ဇဝေဇဝါ။

"ရပါတယ်၊ မြန်မြန်ရိုက်နော်၊ ကိုယ် ရှူတင်စတော့မှာ"

www.burmeseclassic.com



ချောကလက်က ဘွဲ့လက်မောင်းကို ဖက်တွယ်ရိုက်ပြီး ခါတ်ပုံတွဲရိုက်ပစ်လိုက်သည်။

ဘာဘာညာညာ မစဉ်းစားမိဘဲ ရုတ်တရက် စိတ်ကူးပေါက်သည့်အတိုင်း လုပ်လိုက်မိတာပါ။

သို့သော် ဘွဲ့ကတော့ ရင်ထဲမှာ ရှိန်းခနဲနွေးသွားသည်။ ဘယ်လိုဖြစ်တာလဲ။ မင်းသမီးတကာနဲ့ ဖက်လဲတကင်းနေခဲ့ဖူးပါရက် ဒီကောင်မလေးရဲ့ အထိအတွေ့မှာ ရင်ခုန်သံတွေ ညက်ညောနေတာ အံ့ဩစရာပဲ။

ကောင်မလေး ရပ်ကြည့်နေသဖြင့် သရုပ်ဆောင်ရတာတောင် လွဲလို့ယောင်လို့။

❖ ❖ ❖





ညနေမှာတော့ သူ့ရဲ့အကယ်ဒမီချီးမြှင့်ပွဲကြီးက ကြီးကျယ်ခမ်းနားစွာ။

ချက်ထရီယမ်ဟိုတယ်ရဲ့ pool side မှာ အနုပညာအသိုင်းအဝိုင်းက ပန်းကလေးတွေ အရောင်စုံနေသည်။

သူ့ရဲ့ဝတ်စုံက မမေနဲ့ အရောင်ဆင်တူနေသည်။ မမေက ပွဲကိုထင်ထားတာထက် ပိုပြီးခမ်းနားအောင် စီစဉ်ထား၏။

"ဘွဲ့ ဒီပွဲမှာ တို့က ဘွဲ့လက်ကိုချိတ်ပြီး ထွက်လိုက်ရင် ကြေငြာစရာမလိုတော့ဘူး ထင်တယ်နော်"

"မမေ သဘောပါဗျာ"

မမေက ပြုံးပြုံးလေးနှင့် သူ့ရင်ဘတ်ကို နှင်းဆီနီတစ်ပွင့် လာစိုက်ပေးသည်။ ပြီးတော့ သူ့ရင်ဘတ်က နှင်းဆီကို ဖွဖွကလေး ငုံ့နမ်းလိုက်သည်။

www.burmeseclassic.com



သူက မမေရဲ့အပြုအမူလေးကို သဘောကျသွားရသည်။ မမေ သူ့ကို အရမ်းချစ်တာကိုလည်း ခံစားမိသည်။

ဒီအချိန်မှာ မမေကို သူ ဥပေက္ခာပြုလိုက်လို့ မသင့်ဘူးထင်သည်။ မမေရဲ့နဖူးကို သူ နမ်းလိုက်တာဟာ ဝတ္တရားတစ်ရပ်အနေနဲ့များလားကွယ်။

မမေရဲ့ပီတိပြုံးတွေကို မြင်ရတော့လည်း စိတ်ချမ်းသာရပါသည်။ မမေ သူ့လက်မောင်းကို လာချိတ်လိုက်တော့နေ့ခင်းက ကောင်မလေးကို သတိရသည်။

ချောကလက်ရဲ့အထိအတွေ့က အင်မတန် ချွေးထွေးရှိန်းမြသည်။ သူနဲ့လက်ထပ်တော့မည့် မမေတောင် ထိုသို့မစွမ်းနိုင်။

မမေ ဖက်တွယ်ထားသောလက်သည် ချစ်ခြင်းမေတ္တာအပြည့်ပါမည်ဆိုတာ သံသယရှိစရာမလို။ သို့သော် သူ့ရင်တွေ ဘာလို့အေးစက်နေပါလိမ့်။ ဒီထက်နည်းနည်းပို၍ ချွေးထွေးဖို့ ကောင်းပါသည်။





သူတို့နှစ်ယောက် ထွက်လာတော့ အားလုံးရဲ့မျက်နှာမှာ အံ့ဩရိပ်တွေ အပြည့်။ ကင်မရာမီးရောင်တွေက ထင်ထားတာတက် ပိုလင်းလက်သွားသည်။

သူ့ရှေ့မှာ recorder လေးတွေ ပလူပျံလာသည်။

"ခဏလေးဗျာ၊ ပွဲလေးအရင်ကျင်းပပါရစေ။ ပြီးမှကြိုက်သလောက် ဖျူးကြပါဗျာ"

"အချိန်မမီမှာစိုးလို့ပါ မင်းသားရယ်၊ ဂျာနယ်က မနက်ဆိုထွက်တော့မှာ၊ သတင်းထူးလေး ဦးချင်လို့ပါဗျာ"

အင်မတန် အလုပ်ကြိုးစားတတ်သော ဂျာနယ်လစ်တွေကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရပါသည်။

တစ်ခါတလေကျတော့ celebrity ဘဝကဘောင်ကျဉ်းလွန်းလှပါသည်။

ခုလို ကိုယ်ရေးကိုယ်တာကိစ္စမျိုး ရှိလာတဲ့အခါကျတော့ သတင်းအနံ့ခံကောင်းသည့် မုဆိုးတွေလက်ထဲမှာ သားကောင်ဖြစ်ရသည်။

www.burmeseclassic.com



ပွဲမှာ မမေက လုံးဝကို လက်မဖြုတ်။ မမေရဲ့အသိုင်းအဝိုင်းက မိတ်ဆွေတချို့ကိုလည်း ဖိတ်ထားတာမို့ ဒီပွဲကနေစ်ဖက်အသိုင်းအဝိုင်းကို ကြော်ငြာပြီးသား ဖြစ်သွားသည်။

မမေရဲ့အပြုံးတွေက သူမဝတ်ထားသော စိန်တွေနှင့်အပြိုင် ဖျပ်ဖျပ်လက်နေသည်။

လွတ်လပ်သူ ပုရိသတိုင်းက ဘွဲ့ကို အားကျတဲ့အကြည့်တွေနဲ့။

မမေ ကိုယ်တိုင်လည်း ပီတိတွေ ဖွေးဖွေးဖြူလို့။

ဘွဲ့က မမေလက်ကိုဆွဲပြီး စိတ်တိတ်ချပေါ်တက်ကာ ...

"ကျွန်တော်နဲ့ မမေတို့ရဲ့မင်္ဂလာဆည်ခံပွဲကို မကြာခင်ကျင်းပတော့မယ့် အကြောင်းလေး ကြေငြာပါရစေ ခင်ဗျာ"

လက်ခုပ်သံတွေကြားမှာ ဘွဲ့ ကျေနပ်ခဲ့လေ၏။

✤ ❖ ✤





ချောကလက်သည် တစ်ညနေလုံး သဘောကျနေပြီး ပါးစပ်နားရွက်ချိတ်နေသည်။

ဘယ်လိုပဲ ဘွဲ့ဇာတ်ကားတစ်ကားတောင် မကြည့်ဖူးပေမယ့် ဘွဲ့က သူမကို သိနေတဲ့အတွက် ပုထုဇဉ်ပီပီ၊ ဆယ်ကျော်သက်ပီပီ ဆွေ့ဆွေ့ခုန်အောင် ပီတိတွေဖြာနေသည်။

သူမက ဘွဲ့ဇာတ်ကားကို အရေးတယူ မကြည့်ဖူးပေမယ့် ဘွဲ့က သူမ သီချင်းလေး တစ်ခါဆိုတာကို ကြည့်ဖူးတဲ့အပြင် သူမကို မှတ်မှတ်ရရ ရှိနေတာဟာ ဘယ်လောက် ပီတိဖြစ်စရာ ကောင်းလိုက်သလဲ။

သူငယ်ချင်းတွေကြားထဲမှာလည်း မျက်နှာပွင့်လှသည်။ ဘွဲ့ကိုနိုက်တဲ့ သူငယ်ချင်းဆို ချောကလက်ကို အားတွေကျလို့။

www.burmeseclassic.com



ချောကလက်သည် ထိုအခြေအနေကို တော်တော်ယစ်မူးသာယာသွားကာ ဘွဲ့ရဲ့အချက်အလက်တွေကို အပြည့်အစုံစုဆောင်းထားသော သူငယ်ချင်းမထံမှာ ဘွဲ့အကြောင်းတွေ စတင်စုံစမ်းတော့၏။

ဘွဲ့ရဲ့ဓာတ်ကား ငါးကားကိုငှားပြီး တစ်ညလုံးထိုင်ကြည့်သည်။ ဘာရယ်လို့ မရည်ရွယ်ဘဲ လုပ်နေမိပေမယ့် ချောကလက်သည် ဘွဲ့ဆီကို ဖုန်းဆက်ဖို့ ဆုံးဖြတ်ထားမိသည်။

ချောကလက်ကို ကောင်းကောင်းကြီး မှတ်မိသိရှိနေတဲ့ မင်းသားကို ချောကလက်က စပြီးဆက်သွယ်သင့်သည်။

ချောကလက်လို အညတရကျောင်းသူ ဆယ်ကျော်သက်မလေးက ဘွဲ့နဲ့ခင်မင်ခွင့်ရရင် နည်းတာမှတ်လို့။

ချောကလက်သည် ကိုယ့်အတွေးနဲ့ကိုယ် ပီတိတွေဖြာနေသည်။

ညလုံးပေါက် ဘွဲ့ရဲ့ဓာတ်ကားတွေ ထိုင်ကြည့်ပြီး မိုးလင်းကာနီးမှ အိပ်ပျော်သွားသည်။





သို့သော် အိပ်မက်ထဲမှာလည်း ဘွဲ့နဲ့ကင်းလွတ်ခွင့်မရ။

ကြည်နူးစရာအိပ်မက်က ဆယ်ကျော်သက်မလေးကို ပိုပြီးမနူးမနပ် ဖြစ်စေခဲ့သည်။

အိပ်မက်ထဲမှာ ဘွဲ့နဲ့သူမက ချစ်သူတွေတဲ့။ ဘွဲ့က သူမကို သိပ်ချစ်တာဆိုပဲ။

အိပ်မက်က လန့်နိုးတော့ ရင်တွေခုန်လို့။

ပြီးတော့ တကယ်သာ ဘွဲ့နဲ့ချစ်သူဖြစ်ခဲ့ရင်ဆိုတဲ့ စိတ်ကူးယဉ်မှုကြီးက သူမကို ချဉ်းကပ်ခဲ့သည်။

ဘွဲ့ကို ချစ်မိလား သူမ မသိပါ။ အချစ်ဆိုတာ ဘာလဲ။ သူမ မသိပါ။ ဘွဲ့သည် သူမ၏ Roll Model လည်း မဟုတ်ပါ။ သို့သော် အဆိုတော်မဟုတ်သော ဘွဲ့ကို သူမစိတ်ဝင်စားသွားမိတာ ကံကြမ္မာရဲ့တွန်းပို့မှုလား ? ။

✤ ◆ ✤

www.burmeseclassic.com



"ဟယ် ... ရင်တွေကွဲပြီ။ Morning feeling က တကယ်ကြေကွဲစရာပါပဲဟယ်"

တစ်ဖက်ခန်းမှ ဘွဲ့ကို ခရေဇီဖြစ်သော စုစုရဲ့အသံကြီးက စူးရှစွာ။

"ဟဲ့ ... ဘာဖြစ်လို့လဲ စုရဲ့၊ မနက်စောစောစီးစီး"

မိုးလင်းကာနီးမှ အိပ်ပျော်သွားသော ချောကလက်ပါ လန့်နိုးသွားတာမို့ အော်ပစ်လိုက်၏။

"ဘွဲ့လေ ... ဘွဲ့"

အဲ ... ဘွဲ့ ဆိုပါလား။ လတ်တလောမှာတော့ သူမတို့အဆောင်မှာ ဘွဲ့က ပေါ်ပြူလာဖြစ်နေသည်လေ။





"ဘွဲ့ ဘာဖြစ်လို့လဲ"

"ငါဝယ်နေကျဂျာနယ် ဒီနေ့ထွက်လို့ စောစောစီးစီး ဂျာနယ်လေးနဲ့ TT ထိုင်မိပါတယ်။ ရင်ကွဲစရာသတင်းနဲ့တိုးပြီး မနက်ခင်းကိစ္စတောင် တိုးလိုးတန်းလန်း ဖြစ်သွားတယ်၊ အီး ဟီး"

"ဟဲ့ ... ဘာသတင်းမို့လို့ နင် အဲလောက် ရှုနေတာလဲ"

"ဘွဲ့ လက်ထပ်တော့မယ်တဲ့ဟ။ ဆော်ကြီးက ဘောစိမကြီး ဟဲ့"

ချောကလက် အိပ်ရာထက်မှ ခုန်ထကာ စုစု အခန်းဆီပြေးသည်။

"ဟဲ့ ... ငါ့ကို ပြဦး"

"ဘွဲ့က ချောလိုက်တာဟယ်၊ ဆော်ကြီးက ရင့်မယ့်ပုံပဲ။ နေပါဦး ... ဒီမေသော်ကောင်း ဆိုတာ ဦးသော်ကောင်း သမီးမို့လား။ ဟိုက်ဘော့စ်ကြီးလေဟာ"

"ဟုတ်ပဲ့။ မေသော်ကောင်းက ဦးသော်ကောင်း သမီးပေါ့။ ဘွဲ့က ခေါင်ကို ကိုင်လိုက်တာပဲ"

www.burmeseclassic.com



တစ်ယောက်တစ်ပေါက် ပြောသံတွေကြားမှာ ချောကလက် နည်းနည်းဆွေးသွားသည်။

ချောကလက်က ခုမှ စလုံးရေစမလို့ဟာကို။ သူဌေးကြီး ဦးသော်ကောင်း ဆိုတာ မြန်မာပြည်ရဲ့ Top Ten စာရင်းဝင်လေ။

ပြီးတော့ မေသော်ကောင်းက ဦးသော်ကောင်းရဲ့ တစ်ဦးတည်းသောသမီးဟု ကြားဖူးထား၏။

"ဟဲ့ ရ ... နင်ပြောတော့ ဘွဲ့က မိန်းကလေးတွေကို စိတ်မဝင်စားပါဘူးဆို။ ဘွဲ့မှာ ရည်စားမရှိပါဘူးဆို"

"ဩော် ... သူက အင်တာဗျူးတွေမှာ အဲလိုပဲဖြေတာကိုးဟဲ့။ ပြီးတော့ ဘာကောလာဟလမှလဲ မကြားရတော့ ငါက မရှိဘူးထင်တာပေါ့။ သူတို့ မင်းသား မင်းသမီးတွေက သူတို့နာမည်ကျမှာစိုးလို့ ဒီလိုပဲ ဖြေတတ်ကြတယ် ထင်ပါတယ်ဟာ"

ဘွဲ့တို့သတင်းက မျက်နှာဖုံးသတင်း ဖြစ်နေပါသည်။





မေသော်ကောင်း ဆိုသည့် အမျိုးသမီးကလည်း တော်တော်ကို ချောမောကျက်သရေရှိတာမို့ ဘွဲ့နဲ့လိုက်ဖက်ညီလှပါသည်။

ဂုဏ်သရေရှိ သူဌေးသမီးတစ်ယောက်နဲ့ လက်ထပ်တော့မယ့် ဘွဲ့ကလည်း ပြုံးနေလိုက်တာမှ သွားသုံးဆယ့်နှစ်ချောင်းလုံး ပေါ်ခမန်းပင်။

"ဒီနေ့ ငါ ကျောင်းမတက်ဘူး"

"ဟင် ... ဘာဖြစ်လို့လဲ မိစု၊ နေမကောင်းဘူးလား"

"မဟုတ်ဘူး၊ ဆွေရဲ့ အသည်းကွဲတဲ့ အထိမ်းအမှတ်နဲ့ အိပ်ရာထဲ ခွေမလို့"

"အမယ်လေးဟဲ့ ... ဒီဂေါက်သီးကတစ်မျိုး"

ချောကလက်လည်း ညကမှ အလွတ်ကျက်ထားသော ဖုန်းနံပါတ်ကလေးကို phone book ထဲ ထည့်မှတ်ရင်း ငိုင်နေမိသည်။

www.burmeseclassic.com



တစ်ညလုံးခုန်နေတဲ့ ရင်ခုန်သံလေးတောင် ဘယ်ချောင်မှာ ကျဆုံးသွားလဲ မသိပါ။ ကြေကွဲစရာသီချင်းကိုသာ ဟစ်လိုက်ချင်ပါဘိနော်။

✣ ✣ ✣

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့လိုလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဧရာဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။





ဘွဲ့နဲ့ မေသော်ကောင်းရဲ့သတင်းကို ကြားပြီးနောက် ချောကလက်သည် ဘွဲ့ကို ဆက်သွယ်ဖို့ ဆုံးဖြတ်ထားသည့် မဟာစီမံကိန်းကြီးကို စွန့်လွှတ်လိုက်သည်။

အနုပညာသည်တစ်ယောက်ဟာ လွတ်လပ်သည့် အနေအထားနဲ့ အနှောင်အဖွဲ့ရှိသည့် အနေအထား ကွာတော့ကွာသည်။

အနုပညာသည် တစ်ယောက်ဟာ လွတ်လပ်သည့် အချိန်မှာ ဘယ်လောက်ပဲ အောင်မြင် အောင်မြင်။ အိမ်ထောင်ကျသွားသည့် အချိန်မှာတော့ ထိုအောင်မြင်မှုဟာ အနည်းနဲ့အများ ကွာခြားသွားပါသည်။

www.burmeseclassic.com



နုလည်း ဘွဲ့ကို လွှတ်လပ်သူအဖြစ် အားပေးမလို့ ကြံစည်ထားသော ချောကလက်တစ်ယောက် ဆက်လက်အားပေး ဖြစ်ဖို့ မသေချာ။

ချောကလက်လို အနုပညာကို အားပေးတာမဟုတ်ဘဲ လူကိုအားပေးသော ပရိသတ်တွေ ဘယ်လောက်တောင် လျော့သွားမလဲ မသိ။

သို့သော် ရေစက်ပါလာရင် ရှောင်လွှဲလို့ မရပေ။ ကံကြမ္မာ ဒီတစ်ကွေ့မှာ တွေ့ကိုတွေ့ရဖို့ ရေစက်ပါလာရင် ကမ္ဘာတစ်ဖက်စီ ခြားနေဦးတော့။ ရှောင်လို့မရပေ။

ချောကလက်တစ်ယောက် စာအုပ်ထွက်ငှားရင်း ကော်ဖီသောက်ချင်လာသဖြင့် ကော်ဖီရှော့ပ်မှာထိုင်ရင်း စာဖတ်နေမိသည်။

"ကိုယ် ဒီမှာ ထိုင်မယ်နော်"

"ဟင် ... ဘွဲ့"





"ကိုယ်လည်း ချောကလက် ဒီဆိုင်ထဲဝင်သွားတာတွေ့လို့ ကော်ဖီသောက်ချင်လာတာနဲ့ ဝင်ခဲ့လိုက်တာ"

ဦးထုပ်ကို ငိုက်ငိုက်ဆောင်းထားပြီး နေကာမျက်မှန်ပုံတုံးကြီးတပ်ကာ ရုပ်ဖျက်ထားသော ဘွဲ့ကို အသံကြားရုံဖြင့် သူမက မှတ်မိသတဲ့။

ချောကလက်မှာ ကြောင်စီကွေးဖြစ်ကာ ဘာပြန်ပြောရမှန်းမသိ ဖြစ်နေသည်။ ထင်မှမထင်ထားတာလေ။

"ဟေး ... ငုတ်တုတ် မေ့သွားတာလား။ ဘာလဲ ကော်ဖီ တိုက်ရမှာစိုးလို့လား။ ကိုယ်တိုက်မှာပါ ဘေဘီရ"

"မဟုတ် ... မဟုတ်ပါဘူး ကို ... ကိုဘွဲ့ရ၊ ရုတ်တရက်ကြီးရောက်လာလို့ အံ့သြသွားတာ"

"ဪ ... ဂလိုလား။ သိပါဘူး ကိုယ်က ကော်ဖီမတိုက်ချင်လို့များလားလို့"

"မဟုတ်ပါဘူး၊ တိုက်ပါ့မယ်။ အဲ ... ဒါပေမဲ့ စာအုပ်ငှားဖို့ထွက်လာတာ။ ပိုက်ဆံသိပ်မပါဘူး။ ကော်ဖီတော့ တိုက်

www.burmeseclassic.com



လို့ရတယ်။ မုန့်ပါစားမယ် ဆိုရင်တော့ ပိုက်ဆံလောက်ပါမလား မသိဘူး"

ချောကလက်က ပိုက်ဆံမပါတဲ့အကြောင်းကိုပြောရင်း ရှက်ပြီး မျက်နှာကလေး နီနေ၏။

ဘွဲ့က ကောင်မလေးရဲ့ ဟန်မဆောင်တတ်မှုလေးကို သဘောကျသွားသည်။

သူ့လောကမှာက ဟန်ဆောင်မှု သရုပ်ဆောင်းတဲ့ မင်းသမီးတွေ များတာကိုး။

ဘာပဲဖြစ်ဖြစ် သူလည်း တစ်ခါတလေ ဒီလိုအပြင်လောက ကောင်မလေးတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ချင်ပါသည်။ သူမက တကယ်ရိုးသားပါသည်။ ပြီးတော့ သူမကို မြင်မြင်ချင်း နှစ်လိုစိတ်ဖြစ်မိသည်။

"ကလေးကြိုက်တာမှာနော်။ ကိုယ် ရှင်းမှာ"

"တကယ် ... တကယ်လား"

"တကယ်ပေါ့"





"ကိုဘွဲ့က တကယ်ဝယ်ကျွေးမှာ"

"အင်း"

"ဟယ် ... ပျော်လိုက်တာ"

အဲဒီလို သူတို့ဆုံခဲ့တာဟာ မတော်တဆတော့ မဖြစ်နိုင်။ ဘွဲ့က တမင် ကော်ဖီဆိုင်ထဲ ဝင်ခဲ့တာ။

ချောကလက်ရှိရာသို့ ဘွဲ့ကရောက်လာတာလေ။

"ချောကလက်ဆိုတာ နာမည်အရင်းလား"

"ဟုတ်ကဲ့"

"အဆန်းလေးပဲ။ ချောကလက်က မြိတ်ကနော်။ ဘယ်လို ကချင်မလေး ဖြစ်နေတာလဲ"

"ချောကလက်တို့မိဘတွေက အရင်က မြစ်ကြီးနားမှာနေတာလေ။ ရေကြည်ရာ မြက်နုရာရွှေ့ရင်း ရန်ကုန်ရောက်၊ အဲကနေ ထားဝယ်၊ မြိတ်ဘက်ရောက်လာတာတဲ့။ ချောကလက်ကိုတော့ ရန်ကုန်မှာမွေးတာ။ မြိတ်မှာ ကြီးပြင်းရတယ် ဆိုပါတော့"

www.burmeseclassic.com



“ဪ”

“ကိုဘွဲ့သတင်း ကြားတယ်နော်။ ကိုဘွဲ့က လက်ထပ်တော့မှာဆို”

“သတင်းက မြန်လှချည်လား ဘောဘိရဲ့”

“ကိုဘွဲ့ကို အရမ်းကြိုက်ကြတဲ့ ပရိသတ်တွေက ကိုဘွဲ့ကို နှမြောနေကြတယ်။ ချောကလက်သူငယ်ချင်း တစ်ယောက်ဆို ဂျာနယ်ဖတ်ပြီး ကျောင်းတောင်မတက်နိုင်ဘူး”

“ဟုတ်လား။ ကိုယ့်ကို အဲလောက်သဘောကျ အားပေးလို့ ဝမ်းသာပါတယ်။ ကိုယ်လည်း လူပဲလေ။ လုပ်သင့်လုပ်ထိုက်တာကို လုပ်ရုံပါပဲလို့။ အနုပညာဘက်ကို မလျှော့ပါဘူးကွာ”

“စပ်စုလိုက်ဦးမယ်၊ ကိုဘွဲ့ ... အဲဒီမမကို တော်တော်ချစ်လား”

ဘွဲ့သည် ရှေ့ကကောင်မလေးကိုကြည့်ပြီး အချစ်ဆိုတဲ့စကားလုံးကို ဘာလို့မသုံးချင်ရပါလိမ့်။





ဘွဲ့ရင်ထဲမှာ အချစ်မရှိပေမယ့် ဒီကောင်မလေးကို အမှန်တိုင်း ဝန်မခံရဲ။

မမေကို မချစ်ဘဲ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာကို အမှန်အတိုင်း မပြောချင်သလို မမေကို ချစ်ပါတယ်လို့လည်း မညာချင်ပါ။

“ကိုဘွဲ့ ပြောလေ”

“အဲဒီအကြောင်း မမေးကြေးကွာ”

“သိချင်လို့ပါဆို”

“ဆောရီး ... မပြောပြဘူး”

“ဟန့် ... စိတ်ပုပ်။ သူများသိချင်မှ လျှိုသွားတယ်”

နှုတ်ခမ်းထော်ပြီး မျက်စောင်းထိုးလိုက်ပုံလေးက ဘွဲ့ရင်ဘတ်ကို ဆွဲခါသွားသလိုပဲ၊ ဘာလဲကွာ။ ရင်ခုန်သံတွေ မမှန်ချင်ပါလား မဖြစ်သင့်ဘူးနော်။ မမေအတွက်တောင် မခုန်ခဲ့တဲ့ရင်ဘတ်ကြီး ငြိမ်ငြိမ်နေသင့်တယ်နော်။

✤ ❖ ✤

www.burmeseclassic.com



နောက်ပိုင်းမှာ ချောကလက်နဲ့ ဘွဲ့တို့ မကြာခဏ ဖုန်းပြောဖြစ်ကြသည်။

တစ်ခါတစ်ရံ အပြင်မှာချိန်းပြီး ဆုံဖြစ်ကြသေး၏။ ချောကလက်က ထိုကိစ္စကို ဘယ်သူငယ်ချင်းကိုမှ မပြောဘဲ လျှို ထားခဲ့သည်။

ချောကလက်က သီချင်းကြိုက်တဲ့သူလေ။ ရုပ်ရှင်မင်းသားတစ်ယောက်နဲ့ ခင်မင်စရာအကြောင်းကို မရှိတာလေ။ ပြီးတော့ ဒီရုပ်ရှင်မင်းသားမှာကလည်း သက်ဆိုင်သူရှိပြီးသား။

ချောကလက်နဲ့ ဘွဲ့က ရိုးရိုးသားသား ခင်ကြတာ ဆိုပေမယ့် ချောကလက်ကတော့ ဆယ်ကျော်သက်ပီပီ အကယ်ဒမီ မင်းသားကို နည်းနည်းတော့ ကာလာပါချင်တာပေါ့။



ဘာပဲဖြစ်ဖြစ် ဘွဲ့က သူမကို လိုလိုလားလား ခင်မင်နေတာပဲ။

မေသော်ကောင်းနဲ့ကလည်း တရားဝင်စေ့စပ်၊ လက်ထပ်ထားသေးတာမှ မဟုတ်တာ။

ပြီးတော့ ဘွဲ့ကလည်း သူမကိုကြည့်တဲ့ အကြည့်တွေက အမြဲရွှန်းလဲ့နေတာလေ။

ဘွဲ့မှာ သက်ဆိုင်သူရှိထားတယ် ဆိုပေမယ့် ပိုင်ဆိုင်သူရှိတာမှ မဟုတ်တာ။ ဘွဲ့လက်မထပ်ခင်အထိ လွတ်လပ်နေသေးတာပဲ။

ချောကလက်ကတော့ စိတ်ကူးယဉ်ကမ္ဘာကြီးကို ခမ်းနားစွာ တည်ဆောက်နေမိသည်။ ပြီးတော့ ချောကလက်မှာ အိုင်ဒီယာတစ်ခုရှိသည်။

ချောကလက်ရဲ့ စီးရီးစ်ကိစ္စပါ။ ချောကလက် အဆိုတော်ဖြစ်ဖို့အတွက် နာမည်ကြီး အကယ်ဒမီမင်းသားကတော့ ကူညီနိုင်လိမ့်မည်ထင်သည်။

www.burmeseclassic.com



ချောကလက်သည် ဘွဲ့ကို စိတ်ဝင်စားတာထက် သူမ စီးရီးစ်ထုတ်ဖို့အတွက် ဘွဲ့က ကူညီနိုင်မည်ထင်၍ ပိုပြီးချဉ်းကပ်ချင်တာဆို မှန်မည်။

ချောကလက် ဘယ်လိုမှ မြိတ်ကိုမပြန်ချင်။ မိဘတွေရဲ့စက်လှေလုပ်ငန်းနဲ့ ရေလုပ်ငန်းတွေကိုလည်း စိတ်မဝင်စား။ ချောကလက်ရဲ့ဘဝမှာ အဆိုတော်ဖြစ်ရင် သေပျော်ပြီ။

ထို့ကြောင့် သူမ ဘွဲ့နဲ့ရင်းနှီးခင်မင်ခွင့်ရဖို့ အလိုရှိနေတာဖြစ်သည်။

ထို့ကြောင့် ဘွဲ့က ဖုန်းမဆက်ရင်တောင် ချောကလက်က ဘွဲ့ကို စဆက်သည်။

သို့သော် ဘွဲ့က ဖုန်းကို ညဘက် သူ အိမ်ပြန်ရောက်သည့်အချိန်မှ ဖွင့်တတ်သည်။ အလုပ်ပြီးလို့ အိပ်ရာဝင်ချိန်ရောက်မှ ဖုန်းဖွင့်သတဲ့လေ။ ချောကလက် ဖုန်းစခေါ်ပေမယ့် ဘွဲ့က ချောကလက်ကို ဖုန်းချခိုင်းပြီး သူပဲပြန်ခေါ်တတ်သည်။ ချောကလက်က ကျောင်းသူဆိုတော့ ဖုန်းဘေလ်အတွက် ပိုက်ဆံကုန်မှာ စိုးသည်တဲ့လေ။





ချောကလက်သည် ထိုသို့ အလိုက်သိမှုတွေကြောင့် ဘွဲ့ကို ပိုပြီးစိတ်ဝင်စားလာတာဖြစ်သည်။

ဘွဲ့က ချောကလက်ကို ကလေးတစ်ယောက်လို ငဲ့ညှာလွန်းသည်လေ။

ချောကလက်က ညီမလေးပဲရှိတာမို့ ဘွဲ့ကို အစ်ကိုတစ်ယောက်လိုလည်း ချွဲနွဲ့ခင်မင်မိ၏။

သူတို့ရင်းနှီးကြသည့် အချိန်အတိုင်းအတာက ဘာမှမကြာသေးပေမယ့် ဘွဲ့ဘက်က အရမ်းနွေးထွေးလွန်းသလို ခံစားရသည်။

ထို့ကြောင့်လည်း ချောကလက်က ဘွဲ့ကို လိုက်ကပ်နေမိတာပါ။ တစ်ခုခု အမြတ်ထွက်သွားလည်း နည်းလား။ ဘွဲ့နဲ့ မကင်းရာမကင်းကြောင်း မျက်နှာနာရမယ့် ထုတ်လုပ်ရေးတွေများ ရှိခဲ့ရင် သူမ ဘယ်လိုမှ အကျိုးမယုတ်နိုင်ဘူးလေ။

မတော်တဆလေးများ ဘွဲ့နှလုံးသားကိုပါ ရခဲ့ရင် မြတ်ပြီးရင်းမြတ်မယ့် နှစ်သီးစားအကွက်ပဲပေါ့။

❖ ❖ ❖

www.burmeseclassic.com



"ချောကလက်တို့က ညီအစ်မနှစ်ယောက် ဆိုတော့လေ အစ်ကိုဖြစ်ဖြစ်၊ မောင်ဖြစ်ဖြစ် အရမ်းလိုချင်ခဲ့တာ သိလား၊ ခုလို ကိုဘွဲ့နဲ့ ခင်မင်ခွင့်ရလိုက်တာ တကယ်ကို စိတ်ကူးယဉ်ထားတဲ့ အစ်ကိုတစ်ယောက် ရလိုက်သလိုပဲ"

"ဟုတ်လား"

"တကယ်ပေါ့။ အစ်ကိုအဖြစ် မွေးစားလိုက်ပြီနော်။ အစ်ကိုတို့ ဝတ္တရားရှိတဲ့အတိုင်း အလိုလိုက်ဖို့သာ ပြင်ထားပေတော့"

"အလိုလိုက်ပြီးသားပါကွာ။ တကယ်တော့ ကိုယ်ကလည်း တစ်ဦးတည်းသောသားဆိုတော့ ညီမလေးရတာ ဝမ်းသာပါတယ်"





"တကယ်လား။ အဲဒါဆို ချောကလက်က မုန့်ဆာရင်လုပ်ပေးမှာလား"

"ဘာမုန့်ဆာမှာလဲ"

"ရေခဲမုန့် ဝယ်ကျွေးပါ"

"ဟား ဟား ... ဝယ်ကျွေးရမှာပေါ့ကွာ"

ချောကလက်ရဲ့ အချွဲအနွဲ့တွေကြားမှာ ဘွဲ့ တစ်ယောက် ငြိတွယ်ပျော်ဝင်နေသည်။

ချောကလက်ကလည်း အချိုတွေကျွေးပြီး ဝင်လုံးနေတာပါ။ ယောက်ျားတွေဆိုတာက အချွဲအနွဲ့ပြည့်တဲ့ မာယာလက်နက်ကို ကာကွယ်စရာ ဒိုင်းမရှိတတ်သလို ရှောင်တိမ်းနိုင်စွမ်းလည်း မရှိဘူးလေ။

"ကိုဘွဲ့"

"ပြော ... ဘာဘီ"

"ကိုဘွဲ့ကို ကိုကြီးလို့ ခေါ်လို့ရမလား"

"ကိုကြီး"

www.burmeseclassic.com



"ဟုတ်တယ်၊ မွေးစားအစ်ကို တော်ထားတယ်လေ"

"ဟုတ်ပါပြီ ခေါ်ပါ"

"ကိုကြီးက တကယ်အလိုလိုက်တယ်နော်။ အဲဒါကြောင့် ကိုကြီးကို ချစ်ရတာပါ"

ဘွဲ့ရင်ထဲမှာ ရှိန်းခနဲ နွေးသွားသည်။ သူမနှုတ်ခမ်းက လွယ်လွယ်ထွက်လိုက်တဲ့စကားလေးက သူ့ရင်ခုန်သံတွေကို စည်းချက်မမှန် ဖြစ်စေ၏။

သရုပ်ဆောင် တစ်ယောက်အတွက် အချစ်ဆိုတဲ့ စကားလုံးကို နေ့စဉ်နီးပါး ထိတွေ့နေရတာပဲ။

သူ သရုပ်ဆောင်ရတဲ့ ဇာတ်ကားတွေက အချစ် တစ်ဝက်ကလေးမှ မပါဘဲ ပြီးသွားတာမှ မဟုတ်တာ။

ဒါပေမဲ့ ဒါက သရုပ်ဆောင်နေတာ မဟုတ်ဘူးလေ။ မမေနဲ့ လက်ထပ်ဖို့ဆုံးဖြတ်ခဲ့တာတောင် သူရော မမေပါ အချစ် အကြောင်း၊ အချစ်ဆိုတဲ့ စကားအသုံးအနှုန်းမျိုး မရှိခဲ့ဘူး။





မမေရဲ့အရွယ်၊ မမေရဲ့အနေအထားကလည်း ချောကလက်တို့ ဆယ်ကျော်သက်မလေးတွေလို ဘယ်ရဲတင်းမှာလဲ။

အပြင်လောကအနေနဲ့ ဘွဲ့နဲ့အချစ်က အစိမ်းသက် သက်ပါ။

ခုမှ စပြီးမိတ်ဆက်ခံရတာလေ။

သို့သော် ပြောသူက ဘာရယ်မဟုတ် ရိုးရိုးသားသား ပြောလိုက်တာကို ဘွဲ့က လိုက်ခံစားနေသလို ဖြစ်နေသည်။

ခံစားလို့မရဘူး။ ခံစားခွင့်မရှိဘူး။ သူ့မှာ မမေရှိ တယ်လေ။

တကယ်လို့သာ ချောကလက်နဲ့ ဒီထက်စောပြီးတွေ့ ခဲ့ရင် မမေနဲ့သူ ဒီအခြေအနေထိ ရောက်ပါ့မလားတောင်မသိ။

"ကိုကြီး ဘာတွေငေးနေတာလဲ"

"အင်း ... ဘာရယ်မဟုတ်ပါဘူး"

"ကိုကြီးကရော ချောကလက်ကို ချစ်ရဲ့လား"

"ဟင်"

www.burmeseclassic.com



"ညီမလေးတစ်ယောက်လို ချစ်ရဲ့လား မေးတာပါ။ လန့်မသွားပါနဲ့ ... ဟဲ ဟဲ ဟဲ"

ကဲ ... အဲဒီလို ရှုးချင်ယောင်ဆောင်တတ်တဲ့ ကောင်မလေးရဲ့ကွန်ယက်ကနေ ဘယ်ယောက်ျားက ရုန်းထွက်နိုင်မှာလဲ။

✤ ✤ ✤





"ကိုကြီး ကားလျှောက်စီးချင်တယ်"

"ဒါဆို သန်လျင်တံတားဘက် သွားကြတာပေါ့"

ဘွဲ့ရဲ့ အားလပ်ချိန်တွေကို ချောကလက်က မကြာခဏ ခိုးယူတတ်သည်။

မမေကိုတောင် အဲဒီလောက် အချိန်မပေးနိုင်။ ထို့ကြောင့် မမေက သူ့ကို တစ်ပတ်တစ်ခါတွေ့ကြဖို့ တောင်းဆိုရသည်အထိပင်။

မမေက ဣန္ဒြေရရဖြင့် တွေ့ဆုံစကားပြောရုံပါ။ သို့သော် ချောကလက်ကတော့ ထိုသို့မဟုတ်။ ထုလိုက်၊ ရိုက်လိုက်၊ ဆွဲဆိတ်လိုက်နှင့် မထိတထိ ကလူကျီစယ်တတ်သည်။

တစ်ခါတစ်ရံ သူ တစ်ခုခုစားရင်း ပေသွားရင် နှုတ်ခမ်းကို တစ်ရှူးနှင့် လှမ်းသုတ်ပေးတတ်သေးရဲ့။

www.burmeseclassic.com



သူမရဲ့လျှပ်တစ်ပြက် အပြုအမူတွေက သူ့ရင်ကိုနွေးစေသည်။

ထို့ကြောင့် မမေနဲ့တွေ့ဖို့ထက် ချောကလက်နဲ့သာ တွေ့ချင်နေမိသည်။ မမေနဲ့ တစ်သက်တစ်ခါ တွေ့ရဖို့တောင်ဝန်လေးပေမယ့် ချောကလက်နဲ့ဆို အားတိုင်း၊ အချိန်ရတိုင်းတွေ့ချင်နေမိသည်။ ဘာကြောင့်လဲ။ မစဉ်းစားချင်ပါဘူး။ မစဉ်စားရဲဘူး။

သန်လျင်တံတားပေါ်မှာ ကားကိုပုံမှန်မောင်းရင်း ကားမှန်တံခါးတွေဖွင့်ပြီး လေညှင်းခံရတဲ့အရသာကို ဘွဲ့က အရမ်းကြိုက်သည်။ ချောကလက်ကို ခေါ်လာတော့ ချောကလက်ကပါ သဘောတွေကျနေပြီး မကြာခဏ ကားလျှောက်စီးဖို့ ပူဆာတတ်သည်။

ချောကလက်သည် သူမ စားချင်တာရှိရင်လည်း ဝယ်ကျွေးဖို့ ပူဆာတတ်သလို သူ့ရပ်ရှင်ကားတွေ ရုံတင်ရင်လည်း လက်မှတ်အလကားတောင်းတတ်သေးသည်။





သို့သော် ချောကလက်သည် ကြီးကြီးမားမား ပူဆာတာမျိုးမရှိဘဲ ချစ်စရာကောင်းရုံလေးတွေလောက်သာ။

မမေနဲ့ သူတို့ကြားမှာတော့ မမေက ပေးဆပ်သူဖြစ်သည်။ မမေသည် နိုင်ငံခြားသွားတိုင်း သူနဲ့လိုက်ဖက်မယ့် အဝတ်အစား အသုံးအဆောင်ဆန်းဆန်းလေးတွေ တွေ့ရင် မှတ်မှတ်ရရ ဝယ်လာတတ်သည်။

သူကတော့ မမေကို ဘာအမှတ်တရမှ မပေးဖြစ်ဘူးထင်ပါရဲ့။

သူနဲ့ မမေတို့ကြားမှာ အေးစက်သလောက် သူနဲ့ချောကလက်တို့ကတော့ အင်မတန် ရင်းနှီးနွေးထွေးနေကြတာလည်း အံ့သြစရာပါပဲ။

တစ်ခါတစ်ရံ မိုးဖွဲလေးတွေထဲ ဆောင်းစရာအမိုးအကာမပါဘဲ လမ်းလျှောက်ရတဲ့ အရသာကို သိအောင်လည်း ချောကလက်က သင်ပေးတာဖြစ်ပြီး မမေကတော့ ဂုဏ်သရေရှိလူကြီးလူကောင်းတွေရဲ့ ပကာသနပွဲတွေကို ဘယ်လိုတက်ရောက်ရမယ်ဆိုတာ ပြသပေးနေသလိုပဲ။

www.burmeseclassic.com



သူ့ဘဝမှာ မမေကလွဲရင် ချောကလက်နဲ့မမေတို့ဟာ လုံးဝကို ချန်မထားရတော့မယ့် အခန်းကဏ္ဍတွေ ဖြစ်နေခဲ့သည်။

မမေသည် မဖြစ်မနေ သူ့ရဲ့လက်တွဲဖော်ဖြစ်ပြီး ချောကလက်ကတော့ ဖဲ့ထုတ်လို့မရတော့တဲ့ အစိတ်အပိုင်းတစ်ခုလို ဖြစ်နေ၏။

သူ့ဘဝမှာ မှားယွင်းမှုတွေ စိုးမိုးနေပြီလား။ သူမသိတော့။

သို့သော် သူ့ရင်ထဲမှာ ချောကလက်ကိုရော၊ မမေကိုပါ နေရာတန်းတူပေးနေမိသည် ထင်ပါရဲ့။ အခန့်မသင့်ရင် ချောကလက်ကတောင် သာချင်သာသွားမည့် အနေအထား။

ဘွဲ့သည် အချိန်တွေ ကြာလာသည်နှင့်အမျှ သူ့ကိုယ်သူ့ အပြစ်ရှိသလို ခံစားရသည်။ ဘာကြောင့်လဲ ? ။

✤ ❖ ✤





ဒီညနေက မမေနဲ့ ချိန်းထားတဲ့ညနေ။ သူနဲ့ မမေတို့က အပြင်မှာ သိပ်မတွေ့ဖြစ်ကြ။

သူကပဲ မမေရဲ့ညှော်ခန်းလေးကို သွားတွေ့ရတာဖြစ်သည်။

အင်းလျားကို မျက်နှာမူထားတဲ့ မမေရဲ့ညှော်ခန်းလေးက ငြိမ်းချမ်းလွန်းသဖြင့် သူကလည်း သဘောကျပါသည်။

မမေက ပန်းသီးနှစ်ခွက်ဖျော်ပြီး သူ့ဆီတစ်ခွက်ကမ်းပေးသည်။ စိတ်လိုလက်ရရှိရင် မမေက ကိုယ်တိုင်ဖျော်တိုက်တတ်ပါသည်။

သူက အအေးသောက်ရင်း ...

"ဘွဲ့လေး"

www.burmeseclassic.com



"ဗျာ ... မမေ"

"မမေတို့ စေ့စပ်ပွဲကိစ္စ စီစဉ်ရင် ကောင်းမလားလို့။ ခုတလော မမေ နည်းနည်းအလုပ်ပါးတယ်။ နောက်လ လယ်လောက်ဆို US ခဏသွားဖို့ ရှိသေးလို့လေ။ မသွားခင် စေ့စပ်သွားမယ်။ ပြန်လာရင် လက်ထပ်ဖို့ စီစဉ်ကြမယ်လေ"

မမေရဲ့စကားတွေက သူ့ရင်ကို ဘာလို့အဲလောက်ထိ လေးလံစေပါလိမ့်ကွယ်။ မမေက သူ့ကိုကြည့်နေသည်။ သူ ပြန်ပြောစရာတစ်ခုပဲ ရှိသည်လေ။

"မမေ သဘောလေ။ မမေ အဆင်ပြေသလို စီစဉ်ပါ။ ဒါပေမဲ့ မမေစီစဉ်ချင်တဲ့အချိန် ကျွန်တော့်ကို ကြိုပြောလေ။ ကျွန်တော်လည်း အလုပ်တွေ ရှင်းထားလို့ရအောင်"

"အိုခေ ... so thanks baby"

မေသော်ကောင်းသည် ဘွဲ့ရဲ့အနုပညာကိစ္စကို စေ့စပ်ပြီးမှပြောဖို့ ဆုံးဖြတ်လိုက်သည်။





ခုနေပြောရင် ဘွဲ့လက်မခံမှာစိုးသည်။ ဘွဲ့လက်မခံသလို သူမနဲ့ဘွဲ့တို့ ဝေးသွားကြရင် သူမပဲရူးမှာလေ။

ဘွဲ့ဆောင်းမှာ ဝင်ထိုင်ရင်း ဘွဲ့ပန်းလေးကိုမှီကာ ပန်းသီးဖျော်ရည် အေးအေးလေးသောက်၊ အင်းလျားရှုခင်းကိုခံစားရတဲ့ ဘဝကို ဘာနဲ့မှ မလဲချင်ဘူးလေ။

ဘွဲ့က သူ့ကိုမှီထားသော မမေကို အားနာသောအားဖြင့် မမေ ပခုံးလေးကို ပြန်ဖက်ထားပေးဖြစ်သည်။

ရင်ထဲမှာတော့ စေ့စပ်ပွဲဆိုတဲ့ မီးစကြီးက မှုလောင်နေသလိုလို။

"မမေ စေ့စပ်ပွဲကို ဘယ်လိုစီစဉ်ချင်လဲ"

"ဘွဲ့လေးရော ဘယ်လိုလုပ်ချင်လဲ"

"မမေ သဘောကျလုပ်ပါ မမေ။ မိန်းကလေးဆန္ဒက ပိုအရေးကြီးတာ"

"ဘာလဲ ... lady first လား၊ lover first လား"

www.burmeseclassic.com



"နှစ်ခုစလုံးပေါ့"

"သေချာလို့လား ဘေဘီ၊ love ဆိုတဲ့ အချစ်တွေ ဘွဲ့လေး ရင်ထဲမှာ ရှိလို့လား၊ အထူးသဖြင့် မမေအပေါ်မှာပေါ့"

"ကျွန်တော် လက်တွဲဖို့တောင် ဆုံးဖြတ်ထားပြီးပြီပဲ မမေ ရယ်"

ဘွဲ့က တိတိကျကျ ပြန်မဖြေသဖြင့် မေသော်ကောင်းက ပြုံးနေသည်။ အေးလေ ... အချစ်ဆိုတာက အနေနီးစပ်မှုနဲ့ သံယောဇဉ်တို့ကို အခြေခံတတ်တဲ့သဘော ရှိတာပဲ။ တစ်နေ့တော့ သူ မေသော်ကို ချစ်လာမှာပါလေ။

မေသော်ရဲ့ကြီးမားတဲ့ မေတ္တာစွမ်းအင်တွေ လွှမ်းခြုံပြီး ဘွဲ့ရဲ့ရင်ထဲမှာ အချစ်တွေ မွေးဖွားလာမှာပါ။

"ဒါဆို စေ့စပ်ပွဲကိစ္စကို မမေနဲ့ အန်တီတို့ပဲ တိုင်ပင်ပြီး စီစဉ်လိုက်မယ်နော် ဘွဲ့လေး"

"ဟုတ်ကဲ့"





သူ့မေးရိုးတွေ ဖျတ်ခနဲ ထွေးသွားသလား။ ဒုက္ခပဲ။ သူ အကြေးတင်မခံချင်သလို အကြွေးလည်း ပြန်မဆပ်ချင်ဘူး။ ဘယ်လိုလုပ်ရပါ့။

✤ ✤ ✤

www.burmeseclassic.com



မေမေနဲ့ မမေတို့ စေ့စပ်ပွဲကိစ္စနဲ့ အလုပ်တွေရှုပ်နေကြသည်။ သူလည်း ပြင်ဦးလွင်မှာ ကားရိုက်ဖို့ ရှိတာကြောင့် ဖိုးခွားကိုခေါ်ပြီး ထွက်လာရသည်။

မေမေက စေ့စပ်ပွဲကိစ္စတွေ စီစဉ်စရာရှိတာမို့ မလိုက်နိုင်။

သူသည် ချောကလက်ကို သူ စေ့စပ်တော့မည့်အကြောင်း ဘာလို့ဖွင့်မပြောချင်ပါလိမ့်။

ပြင်ဦးလွင်မှာ သူ ကားရိုက်သွားမည့်အကြောင်း ချောကလက်ကို ပြောတော့ ...

"ချောကလက်လည်း ပြင်ဦးလွင်ကို မရောက်ဖူးဘူး ကိုကြီးရဲ့။ လိုက်ချင်လိုက်တာ"





"ဟုတ်လား ... မရောက်ဖူးဘူးလား"

"ဟင့်အင်း။ အရမ်းသွားချင်တာ။ မသွားနိုင်သေးပါဘူး။ ပိုက်ဆံလည်း မရှိဘူး။ အဖော်လည်း မရှိဘူး"

"သနားစရာလေးပါလားကွာ"

"ကိုကြီး ပြန်လာရင် ပြင်ဦးလွင် ထွက်စားစရာတွေ ဝယ်ခဲ့နော်"

"ဝယ်ခဲ့မှာပေါ့"

"ပြီးတော့ ဆွယ်တာလှလှလေးတွေလည်း ဝယ်ခဲ့"

"စိတ်ချ"

"ချောကလက်သာ ကိုကြီး ညီမအရင်းဆိုရင် ချောကလက် ကိုကြီးနဲ့ လိုက်လို့ရတာပေါ့နော်"

"ဘေဘီရယ်"

သွားကာနီး အဲဒီလို သံယောဇဉ်အမျှင်တန်းသေးတာ။

www.burmeseclassic.com



ပြင်ဦးလွင် ရောက်တော့လည်း မေမေနဲ့ မမေက သူ့ဆီ နေ့စဉ် ဖုန်းတွေဆက်ပြီး သူကတော့ ချောကလက်ဆီကို ဖုန်းဆက်ဖြစ်သည်။

ပြီးတော့ မေမေနဲ့ မမေတို့ထက် ချောကလက်ဆီ သည့် ကောင်မလေးကို ပိုလွမ်းမိသလိုလို။ သူ့ရဲ့သံယောဇဉ်ရဲ ဝန်းက ဘယ်သူ့ကို အမှီပြုနေသလဲဆိုတာကို သူ့ကိုယ်သူလည်း ရိပ်မိနေပါသည်။

သို့သော် သူ့မှာ မမေ ရှိသည်။ တကယ်လို့သာ မမေနဲ့ လက်ထပ်ဖို့ မဆုံးဖြတ်ရသေးခင် သူမနဲ့ဆုံခဲ့ရင် တစ်မျိုး ပေါ့။ ယောကျ်ားကောင်းဆိုတာ ကတိတစ်လုံးကို အသက်လို တန်ဖိုးထားသင့်သည်လေ။

သူ ချောကလက်ကို ချစ်မိနေပြီလား။ မသေချာ၊ သေချာတာက သူ မမေကို လက်ထပ်ရလိမ့်မည်။

ထို့ကြောင့် ကောင်မလေးအပေါ် အမှုအရာအားဖြင့် တောင် မကျွံမိအောင် သူ မနည်းထိန်းနေရသည်။





ကောင်မလေးရဲ့ငြိတွယ်မှုတွေကို ရိပ်မိသော်လည်း ဥပေက္ခာပြုထားရသည်။

ကောင်မလေးရဲ့ လိုက်လျောမှုတွေကို မသာယာမိ အောင် ထိန်းနေရသည်။

ကောင်မလေးကို သနားသလို သူ့ကိုယ်သူလည်း တော်တော်လေး သနားနေမိပါ၏။

ရန်ကုန်မှာတုန်းက မသိသာခဲ့တဲ့ ရင်ခုန်သံတွေက ပြင်ဦးလွင်ရောက်တော့ တော်တော်လေးကို ထကြွသောင်းကျန်း တာ လွမ်းဝေဒနာက နှိပ်စက်လွန်းလှသည်။

သူ မျက်နှာမကောင်းတာကို ဖိုးချွားလေးတောင် ရိပ်မိသည်။

"အစ်ကိုလေး ... အန်တီမပါတာနဲ့ မျက်နှာမကောင်းဘူး၊ အစ်ကိုလေး လိုတာရှိရင် ကျွန်တော့်ကိုပြောပါ။ ကျွန်တော် လုပ်ပေးမှာပေါ့"

www.burmeseclassic.com



ကိုယ့်ဝေဒနာက အပူလုံးကြွနေသည့် ယူကျုံးမရ အလွမ်းတွေဆိုတာ မိုးချွားလေးကို ပြောပြလို့မှ မရတာ။

ရှုတင်နားတဲ့ တစ်မနက်မှာ ဖြင်ဦးလွင်ဈေးထဲ ရှော့ပင်ထွက်ဖြစ်သည်။ ရုပ်ဖျက်ပြီးတော့။

✤ ❖ ✤





"သား ... ဒီအထုပ်ထဲက ဘာတွေလဲ"

သိုးမွေး မာဖလာတွေ၊ ဆွယ်တာတွေ၊ ခေါင်းစွပ်လှလှလေးတွေ၊ သိုးမွေးဖြင့်ရက်ထားသည့် မိန်းကလေးဝတ်အင်္ကျီလှလှလေးတွေ၊ တက်တင်းဘလောက်စ်လှလှလေးတွေ စသဖြင့် ဖြင်ဦးလွင်ထွက် မိန်းကလေးအသုံးအဆောင်ပစ္စည်းမျိုးစုံ ထည့်ထားသည့်အိတ်ကိုကြည့်ပြီး မေမေက မေးနေသည်လေ။

"ဒါတွေက မေသော်လေးဖို့လား သား။ သူက ဒါမျိုးတွေ ဝတ်ပါ့မလား သားရယ်"

"သူက ဘယ်ဝတ်ပါ့မလဲ မေမေရဲ့။ သူ့ဖို့လည်း မဟုတ်ပါဘူး"

www.burmeseclassic.com



"ဟဲ့ ... ဒါဆို ဘယ်သူ့ဖို့လဲ သားရဲ့၊ မဝယ်စဖူး ဝယ်လာလို့ မေသော်လေးဖို့ ထင်နေတာ"

"သားအသိတစ်ယောက် မှာလိုက်လို့ပါ မေမေ"

"မိန်းကလေးတစ်ယောက်တော့ မဟုတ်ပါဘူးနော် သား"

"ထားလိုက်ပါ မေမေရာ။ မမေးပါနဲ့တော့"

"အေး ... သား မမေးနဲ့ဆို မမေးတော့ပါဘူး၊ မေမေ့သားက ဘယ်တော့မှ မဟုတ်တာ မလုပ်ဘူးဆိုတာ မေမေ ယုံပါတယ်၊ ကဲ ... သား၊ ဒီတစ်အိတ်လုံးက သားမိတ်ဆွေအတွက်မို့လား။ မေမေ ဒီတိုင်း ထားလိုက်မယ်နော်"

"ဟုတ်ကဲ့"

"အေး ... သား မေမေတို့ စေ့စပ်ပွဲအတွက် အားလုံးစီစဉ်နေကြပြီနော်၊ ဖိတ်စာလည်း အပ်ထားပြီးပြီ"

"ဟုတ်ကဲ့ပါ မေမေ"

"မေသော်လေးက အကောင်းတကာ့ အကောင်းဆုံးတွေ ချည်းပဲ လုပ်နေတာ သားရဲ့။ သား တော်တော် ကံကောင်း



တယ် သိလား။ ကလေးမလေးက ငါ့သားကို တော်တော်ချစ်ရှာတာ"

"မေမေကလည်း ချွေးမလောင်းကို အသည်းကျော်ဖြစ်နေပြီ မို့လား"

"သူလေးနဲ့ပတ်သက်ပြီး စိတ်ချမ်းသာရတာတော့ အမှန်ပဲပေါ့ သားရယ်"

"မေမေ စိတ်ချမ်းသာရင် ပြီးတာပါပဲ"

"အံမယ် ... သားလေးချစ်လို့ ရွေးထားတာမို့လား။ သား စိတ်ကြိုက် ရွေးထားတဲ့ သတို့သမီးပါနော်"

သူ မေမေ့ကို ဘာမှပြန်မပြောတော့ပါ။ သူမ ငြင်းခဲ့တာ မမေကို ချစ်လို့မဟုတ်တာ သူ့ဘာသာပဲ သိသည်။

ချောကလက်နဲ့တွေ့မှ မမေကို မချစ်တာပိုပြီး သိသာလာသည်။

"မေမေ သား အပြင်ခဏသွားလိုက်ဦးမယ်"

"မေသော်လေးဆီ ဝင်လိုက်ဦး သား"

www.burmeseclassic.com



"ဟုတ်ကဲ့ မမေ"

သူက ချောကလက်ဆီ အရင်သွားတွေ့သည်။ ချောကလက်က သူမတို့အဆောင်နားမှာ စောင့်နေသည်။

သူက ရုပ်ဖျက်ထားပြီး ထွက်လာတာမို့ သူမတို့နားက ကော်ဖီဆိုင်မှာပဲ ထိုင်ဖြစ်ကြသည်။

ကော်ဖီသောက်ရင်း သူမအတွက် ဝယ်လာသော လက်ဆောင်တွေပေးတော့ ချောကလက်က ထုတ်ကြည့်ပြီး သဘောတွေကျနေသည်။

"ချစ်စရာလေးတွေ။ ကိုကြီးက ဝယ်တတ်တယ်ကွာ။ အကုန်ကြိုက်တယ်၊ လှလိုက်တာ"

သူ ဝယ်ရကျိုးနပ်ပါသည်။

"ကိုကြီးသွားတဲ့ သုံးရက်ကို ဘယ်လိုသတိရမှန်းမသိဘူး သိလား"

ချောကလက်က သူ့လက်မောင်းကို မှီတွယ်ပြီးပြောတော့ ရင်ထဲမှာနွေးကာ ဖိန်းတိန်းရှိန်းတိန်း။





ချောကလက်နဲ့ ကော်ဖီအတူသောက်နေတုန်း မမေဆီက ဖုန်းဝင်လာမှ မမေဆီ သွားဖို့သတိရသည်။ ချောကလက်ကတော့ နှုတ်ခမ်းထော်ပြီး ကျန်ခဲ့လေသည်။

❖ ❖ ❖

www.burmeseclassic.com



သူသည် စေ့စပ်ဖိတ်စာလေးကိုကြည့်ပြီး ငိုင်နေမိသည်။ ရင်ထဲ ဘာလို့လေးလံနေမိပါလိမ့်နော်။

မမေက သူ့ကို အကဲခတ်ကာ ...

"ဘွဲ့လေး မကြိုက်လို့လား"

"မဟုတ်ပါဘူး မမေရဲ့ ကြိုက်ပါတယ်"

"မသိဘူး၊ ဘွဲ့လေးမျက်နှာက တက်တက်ကြွကြွမရှိလို့"

"သြော် ... မဟုတ်ပါဘူး။ အလုပ်ကိစ္စတစ်ခုကို စိတ်ရောက်နေလို့ပါ"

"အလုပ်ကိစ္စဆိုတာ ဘွဲ့လေးရဲ့အနုပညာကိစ္စတွေကို ပြောတာလား"





"ဟုတ်ကဲ့"

"ဘွဲ့လေး ... မဲမေနဲ့ အလုပ်ဆိုရင် ဘွဲ့လေး ဘယ်ဟာကို ဦးစားပေးမလဲဟင်"

"ဗျာ ... ဘာလို့မေးတာလဲ"

"သိချင်လို့ပါ"

"တကယ္တာစီပေါ့ မမေရယ်၊ အလုပ်ကအလုပ်။ မမေက မမေပဲလေ"

"အကယ်၍များ တို့နဲ့ အလုပ်တစ်ခုခုကို ရွေးမယ်ဆိုရင်"

"အဲဒီလိုဖြစ်စရာ အကြောင်းမှမရှိတာ"

"အကြောင်းရှိခဲ့ရင်ရောကွာ"

"အကြောင်းရှိခဲ့ရင်လည်း အဲဒီအချိန်ကျမှ စဉ်းစားမယ် မမေရာ"

"အရာအားလုံးထက် မမေကို ပိုပြီးဦးစားပေးရင် အရမ်းကောင်းမှာပဲ။ မမေ လောဘတက်နေမိပြီ ထင်တယ်နော်"

"မမေရယ်"

www.burmeseclassic.com



မေသော်က ဘွဲ့ရဲ့အင်္ကျီလက်ဖျားစလေးကို ခပ်ဖွဖွ ဆွဲကာ ...

"မမေကတော့ ဘွဲ့ကို အရာရာထက်ပိုပြီး ဦးစားပေးဖြစ်မယ်ထင်တယ်"

သူ မေသော်ကောင်းကို သနားသွားသည်။ သူ့အပေါ်ထားရှိသော သူမရဲ့မေတ္တာတရားကိုလည်း ခံစားမိသည်။

"မနက်ဖြန် ဘွဲ့အားလား"

"ဘာကိစ္စရှိလို့လဲ မမေ"

"ဖိတ်စာအတူတူ လိုက်ဖိတ်ချင်လို့"

"ဒီနေ့သွားမလား မမေ၊ မနက်ဖြန် မအားဘူး"

"အိုခေလေ၊ ဒါဆို အခု သွားကြတာပေါ့"

ဈေးစပ်ပွဲက သုံးရက်ပဲ လိုတော့သည်။ ခုမှ ဖိတ်စာတွေလိုက်ဝေရမှာ။ စောစောဝေထားရင် သတင်းတွေဖောင်းပွမှာစိုးလို့ ခုမှဝေရတာပါ။ မမေက ဘာမဆို အရာရာ သူ့အတွက်





စဉ်းစားပေးရှာပါသည်။ သူ မမေကို လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာ မှန်ပါသည်။ သို့သော် နှလုံးသားထဲမှာ ချောကလက် ဆိုသောဆူးလေးတစ်ချောင်းက မထိတထိ စိုက်ဝင်နေသဖြင့် အသက်ရှူလိုက်တိုင်း အောင့်သက်သက် ဖြစ်နေသည်။

သူ့အသိတွေကိုတော့ မေမေနဲ့ ဖိုးစွား လိုက်ဖိတ်နေပါသည်။

မမေ အသိုင်းအဝိုင်းကို သူနဲ့မမေ အတူတွဲပြီးလိုက်ဖိတ်ဖြစ်၏။

မမေရဲ့အသိုင်းအဝိုင်းက လူတချို့က သူ့ကို သိပ်ပြီးနှစ်လိုပုံမရဟု ခံစားမိ၏။

ဒါကို မမေလည်း ရိပ်မိပုံပင်။ ထို့ကြောင့် သူ့ကိုအားတုံ့အားနာ ဖြစ်နေပုံရသည်။

သူကတော့ လူတွေရဲ့ အတိုအရှည် မညီတဲ့သဘောတရားတွေကို နားလည်စွာဖြင့် ဘာမှခံစားမနေပါ။

www.burmeseclassic.com



မမေလို သူဌေးကြီးရဲ့သမီး သူဌေးမလေးတစ်ယောက်ဟာ သူ့လို ရုပ်ရှင်မင်းသားတစ်ယောက်ထက် အများကြီးသာနေတာ ငြင်းလို့မှမရတာ။ ရိုက်ကွင်းပေါ်မှာတော့ မင်းသားက ဘုရင်ပါ။ ဒါပေမဲ့ အပြင်လောကမှာတော့ သူက လောကကြီးရဲ့ ကဏ္ဍာငယ်လေးတစ်ခုသာ။

✤ ❖ ✤





စေ့စပ်ပွဲနှင့် မင်္ဂလာပွဲအတွက် စပွန်ဆာပေးချင်သော လုပ်ငန်းရှင်တွေ တော်တော်များပါ၏။ ပြည်သူချစ်သော အနုပညာရှင်ပွဲမို့ ပြည်သူတွေက စိတ်ဝင်တစား စောင့်ကြည့်ခံရမည့်ပွဲမို့ ဒီလိုပွဲမျိုးကို စပွန်ဆာပေးနိုင်ရင် တီဗီမှာ ကြော်ငြာတာထက်တောင် ပေါက်နိုင်သည်လေ။

သို့သော် မမေက စပွန်ဆာတိုင်းကို လက်မခံပါ။ မေသော်ကောင်းလို သူဌေးသမီးတစ်ယောက်က ကောင်းပေ့၊ ညွှန့်ပေ့ဆိုတာတွေမှ သုံးတာလေ။

ဖိတ်စာတွေဝေပြီး နောက်နေ့တည်းက စေ့စပ်ပွဲသတင်းက ဂျာနယ်တွေမှာ ပလူပျံလာသည်။

www.burmeseclassic.com



ချောကလက်သည် ဂျာနယ်ကိုကိုင်ပြီး အကြာကြီး ငိုင်နေမိသည်။ ရင်ထဲမှာ တစ်ခုခု လစ်ဟာဆုံးရှုံးသွားသလို ခံစားရသည်။

သူမအပေါ် နူးညံ့နေသည်ဟု သူမ ထင်ခဲ့တဲ့မင်းသားက သရုပ်ဆောင်ကောင်းလွန်းတဲ့ အကယ်ဒမီမင်းသား ဆိုတာ သူမ မေ့နေခဲ့သည်။

သူမကို အယုံသွင်းပြီး သရုပ်ဆောင်လေ့ကျင့်နေတာများလားဟု ထင်လာတော့ တင်းလာသည်။

သူမသည် ဒီမင်းသားကို စိတ်ဝင်စားလွန်းတာမဟုတ်ပါ။ မျှော်လင့်ချက်နဲ့ ကပ်ခဲ့တာ။

အဆိုတော်ဖြစ်ချင်တဲ့ မျှော်လင့်ချက်နဲ့ အဆိုတော်ဖြစ်ဖို့အတွက် အခွင့်အရေး ရလိုရငြား ချဉ်းကပ်ခဲ့တာ။

ခုတော့ သင်းက တခြားတစ်ယောက်နဲ့ ဇာစပ်တော့မည်။





သူမက သူ့အတွက် ဘာလဲ။ အပျင်းပြေကစားဖို့ အရုပ်တစ်ရုပ်လား။ ကြေကွဲစရာတော့ အဖြစ်မခံနိုင်။

သူမအတွက် တစ်ခုခုတော့ အမြတ်ကျန်မှဖြစ်မည်။

သူမ ဘွဲ့ဆီ ဖုန်းဆက်လိုက်သည်။ ဆက်မရ။ ဘယ်ရမလဲ။ ဘွဲ့က အဲဒီဖုန်းကို ညဘက်မှ ဖွင့်တာလေ။ သူအားတဲ့အချိန်မှ ဖွင့်တာ။ သူမသည် သူ့အတွက် အားမှကစားသည့် အရုပ်တစ်ရုပ်။ အပျင်းပြေပြောသည့်ဖုန်းကို ဘယ်သူက အရေးတယူ စောင့်မျှော်နေမှာလဲ။

ချောကလက် ရင်ထဲမှာ ဘာကိုအလိုမကျမှန်း မသိဘဲ ဒေါသတွေ မှုန်ယိုနေသည်။

ဒီအတိုင်းတော့ အကျော်မခံနိုင်။ သူမ တစ်ခုခုတော့ တုံ့ပြန်လိုက်ချင်သည်။ အဲဒီတစ်ခုခုကလည်း ...။

www.burmeseclassic.com



ညဘက် အိမ်ပြန်ရောက်လို့ ဖုန်းဖွင့်လိုက်တာနဲ့ Mseeage တွေက တန်းဝင်လာသည်။

"ကိုကြီး ဖုန်းဆက်ပါနော်။ အရေးကြီးလို့"

ထိုစာကိုပဲ အထပ်ထပ်အခါခါ ပို့ထားသည်။ ချောကလက်လေး ဘာဖြစ်လို့ပါလိမ့်။ သူ ရင်တွေပူသွားသည်။ အဝတ်အစားတောင်မလဲနိုင်ဘဲ ချောကလက်ဆီ ဖုန်းခေါ်လိုက်သည်။

"ဟဲလို ... ကလေး ... ညီမလေး။ ဘာဖြစ်လို့လဲ"

ချောကလက်က မဲ့လိုက်သည်။ အသံနဲ့သရုပ်ဆောင်ရင်လည်း တော်တော်ပီပြင်သော မင်းသားကို အမြင်ကတ်လို့လေ။





မှန်လိုပဲကျောင့်ကာ တုံ့ပြန်ဖို့ စဉ်းစားပြီး အသံကို အဖျော့တော့ဆုံး တိုးရကာ ...

"ကိုကြီး"

"ပြော ညီမလေး၊ နေမကောင်းဘူးလား၊ ဘာဖြစ်နေလဲ ပြော"

"ကိုကြီး စေ့စပ်တော့မှာပေါ့နော်"

"ညီမလေးရယ်"

ချောကလက် အကြာကြီး တိတ်နေလိုက်၏။ သူ့ဘက်ကလည်း ဘာသံမှ ထွက်မလာပါ။

"ကိုကြီး ချောကလက်ကို ဘာမှမပြောဘူးနော်"

"မဟုတ်ပါဘူး ညီမလေးရယ်"

သူ ဘာဆက်ပြောရမှန်းမသိ။ မဟုတ်ပါဘူးဆိုတာလည်း ဘာကိုမဟုတ်ပါဘူးမိမှန်းလည်း မသိ။

တကယ်တော့ သူ မပြောချင်တာ။ ချောကလက်ကို သူ စေ့စပ်မယ့်အကြောင်း မပြောချင်။ မသိစေချင်ပါ။

www.burmeseclassic.com



ခုတော့ ဂျာနယ်လစ်တွေရဲ့ကျေးဇူးကြောင့် သူ့ဇာစပ် ပွဲသတင်းက နိုင်ငံကျော်နေပါပြီ။ ချောကလက်လည်း မပြောဘဲ နဲ့ သိသွားပြီ။ အေးလေ။ ဖုံးထားလို့ရတဲ့သတင်းမှ မဟုတ်တာ။ ပြီးတော့ သူက ဘာလို့ ချောကလက်သိမှာ ကြောက်မိပါလိမ့်။

ဘုရားရေ ...။

ရှိုက်သံလား။ ဖုန်းထဲမှာကြားရတဲ့ အသံသဲ့သဲ့ဟာ ရှိုက်သံလား။ ချောကလက် ငိုနေသလား။ ငိုစရာမှ မရှိတာလေ။ သူနဲ့ချောကလက်ရဲ့ပတ်သက်မှုဟာ ငိုရလောက်တဲ့အဆင့်မှမရှိ တာ။ သူမ ဘာလို့ငိုပါလိမ့်။

"ကိုကြီး ဒါပဲနော်၊ ချောကလက် ဖုန်းချပြီ"

"နေဦး ညီမလေး၊ ခဏလေး"

ချောကလက်က ဘာမှမပြောဘဲ ရှိုက်နေသည်။

"ညီမလေး စိတ်မကောင်း ဖြစ်သွားတာလား၊ ဆောရီး ညီမလေးရယ်"

"ဘာလို့ ချောကလက်ကို မပြောတာလဲဟင်"





"ညီမလေး ... ကိုယ် အမှန်အတိုင်း ဝန်ခံရရင် ဘာလို့မှန်း မသိဘူး။ ညီမလေးကို ပြောချင်စိတ်မရှိတာ။ ပြောလိုက်ရင် ညီမလေး စိတ်မကောင်းဖြစ်သွားမှာလည်းစိုးတယ်။ မပြော ရဲဘူး"

ချောကလက် မဲ့လိုက်သည်။ လာသေးတယ် ... တော်တော်လာတဲ့ အကယ်ဒမီမင်းသား။ သင်းရဲ့အကယ်ဒမီရျော့ တွေအတိုင်း သင်းကို ပြန်ဆက်ဆံရမည်။

"မပြောတာလည်း ကောင်းပါတယ် ကိုကြီးရယ်၊ တစ်ရက် နောက်ကျပြီး သိရရင် တစ်ရက်ပိုပြီး ခံစားရသက်သာ တာပေါ့"

"ကလေးရယ်"

"ကိုကြီး"

"ဟင်"

"ကိုကြီး အဲဒီ မမသော်ကောင်းကို တော်တော်ချစ်မှာပေါ့ နော်"

www.burmeseclassic.com



သူ ဘာပြန်ဖြေရမလဲကွယ်။ သူလက်ထပ်မယ့် မိန်းမတစ်ယောက်ကို သူ မချစ်တဲ့အကြောင်း တခြားသူကိုပြော သင့်ရဲ့လား ?။

မသော်ကောင်းရဲ့ဂုဏ်သိက္ခာက ရှိသေးသည်လေ။ ဘာပဲဖြစ်ဖြစ် သူ့ရဲ့ကြင်ရာဖက်ဟာ မသော်ကောင်း။ ဘယ်လိုပဲ ဖြစ်ဖြစ် သူ မသော်ကောင်းကို လက်ထပ်ရမှာ။ ချောကလက် ဆိုတာက နှင်းဦးပန်းချီတစ်ချပ်လို ရင်ဘတ်တစ်နေရာမှာ သူ့ ခြောက်ခွာ ချိတ်ဆွဲထားရတော့မှာလေ။

ထိုခဏမှာပဲ သူ့ကိုယ်သူ နားလည်လိုက်၏။ သူ ချောကလက်ဆိုသော ကောင်မလေးကို ချစ်နေတာပါလား။

ချောကလက်က မသော်ကောင်းကို ချစ်လားလို့ မေးမှ သူ ချစ်တာ ချောက်ကလက် ဆိုတာကို ရင်ဘတ်က Message ပို့လာ၏။

ချောကလက်ရယ်။ ဘယ်လိုမှ မဖြစ်နိုင်တော့တဲ့ အတွက် ညီမလေးကို ခံစားချက် မပေးချင်ပါဘူး။





"ကိုကြီး ဖြေလေ"

"ဒီလိုပါပဲ ညီမလေးရယ်"

"ဘာဒီလိုပါပဲလဲ၊ မရဘူး ဖြေကွာ။ ကိုကြီး မသော်ကောင်း ကို ချစ်လား"

"လက်ထပ်နိုင်လို့ လက်ထပ်လိုက်တာကွာ၊ အဲဒါ အချစ် လား ကိုကြီး မသိဘူး"

"ဟင် ... ဘာကြီးလဲ"

"ဒီလိုပဲ၊ ဒါပဲနော် ဘောဘီ၊ ဖုန်းတစ်ခု လာနေလို့"

သူ ဆက်မပြောချင်တော့လို့ ဖုန်းချပစ်လိုက်တယ်။ ချောကလက်နဲ့ သူ၊ သူ့ရဲ့လက်ထပ်ပွဲကိစ္စ မဆွေးနွေးချင်ဘူး။

သေချာတာက သူ့နှလုံးသားကို ချောကလက်က နေရာယူထားပေမယ့် သူ့ဘဝမှာတော့ ချောကလက်အတွက် နေရာမရှိတော့ဘူး။ အထူးသဖြင့် သူရဲ့လက်တွဲဖော် ကြင်ရာဖက် နေရာက ကွက်လပ်မရှိတော့ဘူး။ တစ်ဘဝမှ တစ်နေရာပဲရှိတဲ့ နေရာကို မသော်ကောင်းကို ပေးပြီးသွားပြီ။ ရုပ်သိမ်းခွင့်မရှိတဲ့ ကျင့်ဝတ်တွေက နံရံတစ်ချပ် ခြားခဲ့ပြီ။

www.burmeseclassic.com



သူ မေသော်ကောင်းကို မချစ်မှန်း သူ့ကိုယ်သူ သိခဲ့သားပဲ။ ဒါပေမဲ့ အချစ်မရှိသေးတဲ့ ဗလာကျင်းနှလုံးသားက မေသော်ကောင်းကို ချစ်နိုင်ကောင်းရဲ့လို့ တွေးခဲ့တာ။ တစ်နည်းအားဖြင့် အချစ်ဆိုတာကို အယုံကြည်မဲ့စွာ အထင်သေးခဲ့တာလည်း ပါတာပေါ့လေ။ ခုတော့ သူ့တွက်ကိန်း မှားခဲ့ပြီရော။

တစ်ဖက်က ချောကလက်ကလည်း အကယ်ဒမီမင်းသားရဲ့ အက်ရှင်တွေကို နှုတ်ခမ်းမဲ့နေသည်။ သူမ ဘာဆက်လုပ်ရမလဲ ဆိုတာကိုလည်း အသေးစိတ် စဉ်းစားနေရပြီ။

✤ ✤ ✤





ချောကလက်သည် တစ်ညလုံး နဖူးပေါ်လက်တင် စဉ်းစားကာ နောက်ဆုံး ဘာလုပ်ရမလဲ ဆိုတာကို ကောင်းကောင်း သဘောပေါက်သွား၏။

အကယ်ဒမီမင်းသားက ဟိုသူဌေးမနဲ့ စေ့စပ်ရုံပဲရှိသေးတာ။

လက်ထပ်ရသေးတာမှ မဟုတ်တာပဲ။

သူတို့လက်မထပ်ခင် ချောကလက် အပီအပြင်လှုပ်ရှားလို့ရသည်။ ချောကလက်ကို အပျင်းပြေစားသည့် ချောကလက်တစ်တောင့်လို ဆက်ဆံသော အကယ်ဒမီမင်းသား နောင်တကောင်းကောင်း ရစေရမည်။

www.burmeseclassic.com



ချောကလက်က ကိုယ့်ကိုယ်ကိုယ် တကယ် ဘုမသိ ဘမသိ innocent ပုံစံလေးဖြစ်အောင် ပြင်လိုက်သည်။

innocent ပုံစံဆိုလို့ ပုံတုံးတောသူမပုံလို့တော့ မထင်လိုက်လေနဲ့။ တီရှပ်နဲ့ စကင်နီလေးတွေဝတ်ပြီး မျက်နှာက ဘာကာလာမှ မပါဘဲ အဖြူထည်မျက်နှာကလေးဆို လုံလောက်ပြီ။ ဩော် ... innocent ပုံစံဆိုတာ ဆံပင်ကောက်ထားတဲ့ပုံစံမျိုးတော့ မဟုတ်ဘူးနော်။ ရိုးရိုးဆံပင် အဖြောင့်လေးဆိုရင် လုံလောက်ပြီလေ။

ချောကလက် ကိုယ့်ကိုယ်ကိုယ် စိတ်တိုင်းကျပြီဆိုမှ ကိုကြီး ရိုက်ကွင်း ဘယ်မှာရှိလဲ စုံစမ်းပြီး လိုက်သွားလိုက်သည်။

ကိုကြီး ဒီနေ့ ဘယ်မှာရှုတင်ရှိသလဲ ဆိုတာက စုံစမ်းရတာ လွယ်ပါတယ်။

ကိုကြီး ပင်တိုင်ရိုက်နေကျ ထုတ်လုပ်ရေးနှစ်ခုကို ဖုန်းဆက်စုံစမ်းလိုက်ရင် ရတာပဲ။





ကိုကြီး ရိုက်ကွင်းရှိရာ သန်လျင်ကို လိုက်လာလိုက်သည်။ ကိုကြီးကတော့ သန်လျင်ထိ လိုက်လာတာတွေ့ရင်အံ့ဩမှာပဲ။ သူမက အဲလို အံ့ဩစေချင်တာလေ။ ဒါကလည်း သူမရဲ့ အထာတစ်မျိုးပဲလေ။

ကိုကြီးရှိတဲ့ သန်လျင်က ရုပ်ရှင်ခြံမို့ တစ်ယောက်တည်း လိုက်ရတာဟာ သူမအတွက် နည်းနည်းတော့ စွန့်စားရာကျပါသည်။

သူမအသိ စီးနေကျ တက္ကစီကားကို ငှားလာရတာလည်း ပိုက်ဆံကုန်သေးရဲ့။ ဒီလောက်တော့ ရင်းရတာပေါ့လေ။

သူမ ရောက်သွားတော့ ကိုကြီးက ရှုတင်မဖြုတ်သေး။ သူမ ခပ်လှမ်းလှမ်းကပဲ မြင်သာအောင် လူလုံးပြလိုက်၏။ အနားသွားရင် ကိုကြီးအမေရဲ့ မျက်မှန်တဝင်းဝင်းအောက်က အကြည့်တွေကို ရင်ဆိုင်ရမှာလေ။

ကိုကြီးက သူမကိုတွေ့တော့ အံ့ဩသွားကာ ဒိုင်ယာလော့ခ်တွေမှားပြီး အလွဲလွဲအချော်ချော် ဖြစ်သွား၏။ good ! ။

www.burmeseclassic.com



ဒီလောက်ဆို သူမဗျူဟာ အောင်မြင်တာပေါ့။ ရှုတင်ပြုတ်တော့ ကိုကြီး သူမဆီလျှောက်လာ၏။

မျက်လုံးပေါင်း တစ်ထောင်က အကယ်ဒမီမင်းသား ရဲ့ခြေလှမ်းတွေကို ဝိုင်းရှုစားနေကြ၏။

"ညီမလေး ဘာဖြစ်လို့ လိုက်လာတာလဲ"

"ကိုကြီးကို တွေ့ချင်လို့"

အဲဒီနှစ်ခွန်းပဲ ပြောရသေးတယ်၊ ဘွဲ့မေမေက အနား ကို ရောက်လာတယ်။

"သား ညှော်သည်လား။ ဒီဘက်ကိုခေါ်ခဲ့လေ သား။ ကောင်လေးကို အအေးဘူး ယူခိုင်းလိုက်ဦးမယ်။ သမီး အအေးသောက်လို့ ဖြစ်တယ်မို့လား"

တော်လိုက်တဲ့အမေ၊ အပြန်ကျတော့ ဘွဲ့တို့ကားပေါ် သူမပါ ပြန်လိုက်လာဖြစ်သည်။ ကားနောက်ခန်းမှာ ဘွဲ့အမေနဲ့ အတူ ထိုင်လို့ပေါ့။





သူမ လမ်းမှာပဲ ဆင်းနေခဲ့လိုက်သည်။ ဒါတောင် လုပ်သွားသေးသည်။

"သမီးရေ ... သား ရှုတင်အထိ တကူးတက လာအားပေး တာကို ကျေးဇူးတင်တယ်နော်။ သားကို ခရေဇီဖြစ်တဲ့ အတွက် တကယ်ကျေးဇူးတင်တယ်နော် သမီး။ နောက် လည်း အဆင်ပြေရင် လာခဲ့ဦးနော်"

ချောကလက် ဘာမှမတတ်နိုင်။ သို့သော် ခဏအကြာ မှာပဲ ကိုကြီး ချောကလက်ကို ဖုန်းဆက်လာပါသည်။

"ကိုကြီးကို သတိရလွန်းလို့ စုံစမ်းပြီး လိုက်လာတာ၊ ပြီးတော့ ကိုကြီး စေ့စပ်တော့မယ်ဆိုတော့ ချောကလက် အရမ်းဝမ်းနည်းနေတယ် ကိုကြီးရယ်"

"ညီမလေးရယ်"

"ကိုကြီးအားရင် ချောကလက်ဆီ လာခဲ့ပါလား၊ ချော ကလက် ကိုကြီး ချထားပေးခဲ့တဲ့ မှတ်တိုင်မှာပဲရှိတယ်"

www.burmeseclassic.com



"ဟာ … ဟုတ်လား၊ ပြန်တော့လေ ညီမလေးရယ်၊ ကိုကြီးက ညနေ ပွဲတစ်ခုသွားစရာရှိလို့ ရှုတင်ဖြုတ်လာတာ၊ ပွဲက သွားရတော့မှာ"

"ရပါတယ်၊ ကိုကြီး မလာနိုင်ရင်လည်း မတတ်နိုင်ဘူးပေါ့။ ဒါပေမဲ့ ပြန်နိုင်စွမ်းမရှိသေးလို့ ဒီမှာ ခဏတော့ ထိုင်လိုက်ဦးမယ်"

"ဟာ … ညီမလေးကလည်း၊ အဲဒီမှတ်တိုင်က လူပြတ်တာကို ပြန်ပါတော့ကွာ နော်၊ ကိုကြီး တောင်းပန်တယ်၊ ကိုကြီး ပွဲမှာ မျက်နှာသွားပြပြီးတာနဲ့ ညီမလေးအဆောင်ကို လာခဲ့မယ်၊ လီမှာတယ်၊ ခု ပြန်တော့နော်"

ဒီလိုနဲ့ပဲ …။

✤ ❖ ✤





နောက်ပိုင်း သူနဲ့ ချောကလက်တို့ နေ့တိုင်းတွေ့ဖြစ်ကြသည်။ ချောကလက်က တွေ့ဖြစ်အောင် ဖုန်းတီးတာဆိုရင် ပိုမှန်လိမ့်မည်။

မသော်ကောင်းနဲ့ ဈေးစပ်တဲ့နေ့က ချောကလက်က ဖုန်းပိတ်ထားသည်။ အဆောင်ကိုသွားတော့လည်း အတွေ့မခံ။ မာယာနံ့ပါတ်တွေ တစ်ခုပြီးတစ်ခု ထုတ်သုံးသည်။

ဘွဲ့မှာ အမှားလုပ်မိသူတစ်ယောက်လို ထင်ယောင်ထင်မှား ဖြစ်လာသည်အထိပင်။

တကယ်ဆို ဘွဲ့နှင့်သူမ ရိုးသားစွာ ခင်ကြတာလေ။ သူတို့နှစ်ယောက်ကြားမှာ ဘာကာလာမှ မရှိဘာ သူတို့ကိုယ်တိုင် သိသိရက်နဲ့။

www.burmeseclassic.com



ဘွဲ့သည် ချောကလက်တစ်ယောက် သူ့ကိုကျိတ်ချစ်နေသည်ဟု ထင်သွားကာ သနားမဆုံး။

သူ အသည်းကွဲနေသလို ချောကလက်လည်း ထပ်တူခံစားနေရလိမ့်မည်ဟု ထင်လာသည်။

သူတို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် ဖွင့်ပြောဖို့မလိုအောင် ရင်ဘတ်ချင်းနီးကာ နားလည်နေကြသည်ဟု ထင်နေ၏။

ချောကလက် မှိုင်းမိနေရှာတဲ့ အကယ်ဒမီမင်းသားအဖြစ်က သနားဖို့တောင် ကောင်းနေသေးရဲ့။

မင်းသမီးပေါင်းများစွာနဲ့ သံတူကြောင်းကွဲ ချစ်ကြိုက်ကွဲညား ဇာတ်လမ်းပေါင်းများစွာ ရိုက်ကူးခဲ့တဲ့ အကယ်ဒမီမင်းသားတစ်ယောက်ရဲ့ ကျဆုံးခန်းပါပဲ။

ချောကလက်ရဲ့ မာယာတောမှာနစ်ပြီး ချောကလက်ကို အသနားကြီး သနားနေတဲ့ ဘွဲ့ဟာ ချောကလက်အတွက် ချောကလက် စိတ်ချမ်းသာဖို့ ချောကလက် အလိုအပ်ဆုံးအရာတစ်ခုခုကို ဖြည့်ဆည်းပေးချင်နေမိသည်။





ဒီယုန်မြင်လို့ ဒီချုံထွင်သော ချောကလက်လည်း ဆန္ဒပြည့်တော့မယ်လေ။

ချောကလက်က သူနဲ့တွေ့လိုက်တိုင်း တော်တော်ကြီး စိတ်ဆင်းရဲနေတဲ့ ဒီနိုင်းနဲ့ ညှိုးငယ်ပြနေသည်။

"ညီမလေးရယ် ... နေမကောင်းဘူးလား၊ ကြည့်ရတာ လန်းကိုမလန်းဘူး၊ ပျော့ပျော့နေပါကွာ"

"ချောကလက်ရဲ့ဘဝမှာ ပျော်ရွှင်မှုဆိုတဲ့ စကားလုံးက သေဆုံးသွားပါပြီ ကိုကြီးရယ်"

"ဟာ ... အဲလိုမပြောပါနဲ့ကွာ၊ ရှေ့ဆက်ရမယ့်ဘဝက အရှည်ကြီး ရှိသေးတယ်၊ အဲလိုကစားမျိုး မပြောရဘူးလေ"

ချောကလက်က မာယာပါပါ သက်ပြင်းရှိုက်လိုက်ခင်း ...

"ချောကလက် မြို့ကိုပြန်တော့မယ် ကိုကြီး"

"ဟင် ... ဘာလို့ ပြန်မှာလဲ၊ မပြန်ပါနဲ့"

"မပြန်ပါနဲ့ဆိုတဲ့ တားပိုင်ခွင့်ကို ချောကလက်ဆီက တောင်းခဲ့ဖူးလို့လား"

www.burmeseclassic.com



“ညီမလေး ... ဆောဘီရယ်၊ ထားပါ ဘာလို့ပြန်မှာလဲ”

“အမှန်တော့ ချောကလက် ဟိုမှာ အိမ်အလုပ်တွေရှိတယ် ကိုကြီးရဲ့။ ဒါပေမဲ့ ကိုကြီး သိတဲ့အတိုင်း ချောကလက်က ရေလုပ်ငန်းကို စိတ်မဝင်စားဘူး၊ ချောကလက် ဖြစ်ချင်တာ က အဆိုတော်။ အဆိုတော်ဖြစ်ချင်လို့ တမင် ရန်ကုန်မှာ ကျောင်းလာတက်တာ၊ ကျောင်းပြီးတော့လည်း သင်တန်း တွေတက်ရင်း အခွင့်အရေး ရှာနေတာ”

“ဪ ... အဆိုတော်ဖြစ်ချင်တာပဲ လုပ်ပေါ့ ညီမလေးရဲ့။ ဒီခေတ်က ပိုက်ဆံရှိရုံနဲ့ အဆိုတော်လုပ်ဖို့ လွယ်နေတာ”

“ပြောတာက လွယ်တယ် ကိုကြီးရဲ့”

“ဘာခက်နေလို့လဲ၊ အခက်အခဲရှိရင် ကိုကြီး ကူညီမှာ ပေါ့။ ဖြစ်အောင်လုပ်လေ၊ ကိုကြီးတုန်းကလည်း သရုပ် ဆောင် အရမ်းဖြစ်ချင်တာ။ လူဆိုတာ ကိုယ်ဝါသနာပါ တာကိုလုပ်ရင် အောင်မြင်ဖို့လမ်းစက 50 % ပဲ၊ ကျန်တဲ့ 50% က ကိုယ့်ရဲ့ကံဉာဏ်ဝီရိယနဲ့ ဆိုင်သွားပြီ”





“ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အိမ်က မိဘတွေက ချောကလက် ဝါသနာကို အားမပေးဘူး”

“အင်း ... အဲဒါလည်း အခက်အခဲတစ်ခုပဲ။ ကိုယ်က ဘယ်လောက်ပဲ အရွယ်ရောက်ရောက် မိဘအုပ်ထိန်းမှု အောက်မှာ နေရတာဆိုတော့ မိဘသဘောမတူရင် လုပ်ဖို့ မဖြစ်နိုင်ပြန်ဘူး။ ကိုယ့်တုန်းကလည်း ဖေဖေက သရုပ် ဆောင်အလုပ်ကို ခွင့်မပြုဘူး”

“အဲဒါ ကိုကြီး ဘယ်လိုဖြေရှင်းခဲ့ရလဲ”

“ဘယ်လိုမှ မဖြေရှင်းလိုက်ရပါဘူး။ ကိုယ် ဆယ်တန်းနှစ် မှာပဲ ဖေဖေ ဆုံးတယ်။ ကိုယ်လည်း ဝါသနာပါရာလုပ် ဖြစ်တယ်။ သွားလေသူ ဖေဖေရဲ့ဆန္ဒကို မဖြည့်ဆည်းဖြစ် ခဲ့တဲ့အတွက် စိတ်တော့ မကောင်းဘူးပေါ့ကွာ”

“ဪ ... ဆောရီးနော် ကိုကြီး”

“ရပါတယ်ကွာ၊ ညီမလေး မိဘတွေကို သေချာပြောပြ ကြည့်ပါလား၊ ညီမလေးက တကယ်ဝါသနာပါပြီး တကယ် သေချာလုပ်မှာဆိုတာကို ရှင်းပြပေါ့”

www.burmeseclassic.com



"မရပါဘူး ကိုကြီးရယ်၊ သူတို့က အနုပညာအလုပ်ကို အားမပေးတာ"

"အင်း"

"အဲဒါ ချောကလက်က တမင် မြို့ကိုမပြန်ဘဲ ဒီမှာသင်တန်းတွေ တစ်ခုပြီးတစ်ခုတက်ရင်း လမ်းကြောင်းရှာနေတာ ကိုကြီးရဲ့။ ဖေဖေတို့က ပိုက်ဆံတတ်နိုင်ပေမယ့် ချောကလက် စီးရီးစ်ထုတ်ဖို့ ပိုက်ဆံတော့ ထုတ်မပေးဘူး။ ခုခေတ်က လည်း သိတဲ့အတိုင်း ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ထုတ်နိုင်မှ အဆိုတော်ဖြစ်နိုင်မှာလေ။ ခိုးကူးခွေဂယက်ကြောင့် ဘယ် ပရိုဂျူဆာကမှ မစွန့်ရဲတဲ့ခေတ်မှာ အဆိုတော်ဖြစ်ချင်မိတာ ဆိုတော့"

ဘွဲ့က စဉ်းစားနေသည်။ ချောကလက်ကို စီးရီးစ် ထုတ်ပေးချင်စိတ်တွေ တဖွားဖွားနဲ့၊ ဘယ်လိုစကားစရင်ကောင်း မလဲလို့ စဉ်းစားနေမိသည်။





"အဲဒါကြောင့် ချောကလက် ရန်ကုန်မှာနေပြီး အခွင့်အရေး ရှာနေတာ၊ ဖြစ်နိုင်ရင် ဆိုင်သန့်သန့် တစ်ဆိုင်ဆိုင်မှာ သီချင်းဆိုပြီး စီးရီးစ်ထုတ်ဖို့ ပိုက်ဆံရှာချင်တယ်"

"ဟာ ... မဆိုပါနဲ့။ မလုပ်နဲ့။ မလုပ်နဲ့"

"မလုပ်ပါဘူး။ မဆိုဖြစ်တော့ပါဘူး။ ခုတော့ အဆိုတော် လည်း မဖြစ်ချင်တော့ပါဘူး။ ဘ၀မှာ ဘာဆို ဘာမှ မမျှော်လင့်ချင်တော့ဘူး။ ဘာမှလဲ မဖြစ်ချင်တော့ဘူး။ မြို့ကိုပြန်တော့မယ်၊ မျှော်ရွှင်မှုဆိုတာ ပျက်သုဉ်းသွားတဲ့ ဘ၀မှာ ဝါသနာလည်း No ပါပဲ ကိုကြီးရယ်"

"မ No ရပါဘူး"

"ရှင်"

"ဟုတ်တယ် ... ညီမလေး အဆိုတော်ဖြစ်ချင်တယ်မို့လား။ ကိုကြီး ကူညီမယ်၊ ညီမလေး စီးရီးစ်အတွက် ကိုကြီး ပရို ဂျူဆာ လုပ်ပေးမယ်"

"ကိုကြီး ... မနောက်ပါနဲ့ ကိုကြီးရယ်"

www.burmeseclassic.com



"မနောက်ပါဘူး၊ ကိုကြီး တကယ်ပြောတာ"

"မဟုတ်ဘူး၊ ချောကလက် အဆိုတော်ဖြစ်ချင်နေတုန်းက မျှော်လင့်ချက်ဆိုတာ ကောက်ရိုးတစ်မျှင်စာတောင် မရှိဘူး။ အခု ဘာမှမဖြစ်ချင်ဘူးဆိုမှ ပရိုဂျူဆာလုပ်ပေးမယ်ဆိုတော့ ဟာသဖြစ်မနေဘူးလား"

"မရဘူး၊ မဖြစ်ချင်လို့ မရဘူး။ ညီမလေး အဆိုတော်ဖြစ်ကို ဖြစ်ရမယ်။ ဒါပဲ ... ကိုကြီး ခုပဲ အဲဒီကိစ္စ ဖုန်းဆက်စုံစမ်းတော့မယ်"

ဟန်ဆောင်နေရပေမယ့် ချောကလက်ရင်ထဲမှာ ဘုရားပွဲလှည့်နေသည်။ ချောကလက်လိုချင်တဲ့ပွိုင့်ကို ရောက်ပြီလေ။ အဆိုတော်ဖြစ်ချင်တဲ့ ဆန္ဒက ချောကလက်ရဲ့စိတ်ဓာတ်ကို အရောင်ဆိုးလိုက်ပြီလေ။ ။

✤ ❖ ✤





အဲဒီနောက် ဘွဲ့တစ်ယောက် ချောကလက်ကို စီးရီးစ် ထုတ်ပေးဖို့ ကြိုးစားတော့သည်။

ချောကလက်အတွက် တကယ့် နာမည်ကြီးတေးရေး ဆရာတွေဆီမှာ သီချင်းကို သေချာအပ်သည်။

အကောင်းဆုံး Band နဲ့တီးသည်။ နာမည်ကြီး စတူဒီယိုမှာ သီချင်းကိုသွင်းသည်။

သီချင်းပိုင်းဆိုင်ရာသာမက MTV ရိုက်ဖို့အတွက် လည်း စီစဉ်သည်။

ကြော်ငြာအတွက်လည်း ငွေကို အလျှံအပယ်သုံးဖို့ စဉ်းစားထားသည်။

www.burmeseclassic.com



အသစ်တစ်ယောက် ပေါက်ဖို့အတွက် ငွေများများ ရင်းဖို့လိုသည်။ အစစအရာရာကို ငွေကုန်ခံပြီး ကောင်းမွေဆိုတာ တွေကို ဖန်တီးနိုင်ရင် တော်တန်ရုံ အသံမကောင်းတဲ့သူတောင် ရေတိုတော့ ပေါက်နိုင်တာပဲလေ။ ရေရှည်မဆိုနိုင်မှသာ တစ်မျိုး ပူရတာ။ ဒါပေမဲ့ အဆိုတော်တစ်ယောက်အတွက်ကျတော့ တစ်ခွေလောက် ပေါက်သွားရင်ကို တစ်သက်လုံး လုပ်စားလို့ရနေပြီလေ။

ဒီတော့ ချောကလက်ရဲ့အခွေကို ဘယ်လိုနည်းနဲ့ ပေါက်အောင်လုပ်ပေးရမလဲ ဆိုတာပဲ ဘွဲ့ခေါင်းထဲမှာ အချိန်ပြည့် စဉ်းစားနေခဲ့သည်။ နိုးကူးခွေကိစ္စကလည်း ရှိသေးတော့ ဘွဲ့ရင်း သမျှ ပြန်ရဖို့တော့ မလွယ်။

ဒါပေမဲ့ ဘွဲ့ကလည်း ပြန်ရဖို့မှ မစဉ်းစားတာ။ စလုပ်ပေးကတည်းက ချောကလက်အတွက် ပေးဆပ်ဖို့ စဉ်းစားခဲ့ပြီးသားမို့လား။ ပြီးတော့ ခုချိန်မှာ ဘွဲ့အတွက် ပိုက်ဆံဆိုတာ တစ်ချက်ပြုံးလိုက်တိုင်း ပေါခနဲ ဝင်လာပြီးသားမို့လား။





ချောကလက်ကလည်း အကြိုက်တွေ့နေကာ ဘွဲ့ကို ကပ်ချွဲနေတော့သည်။ အပေါ်ယံက အားနာချင်ယောင်ဆောင်နေပေမယ့် ရင်ထဲမှာ ပီတိဖြာနေသည်။

ဘွဲ့ကတော့ မသိရှာ။ ချောကလက် မျက်နှာလေး ပြုံးကြည်နေတာကိုကြည့်ပြီး ကျေနပ်နေတာလေ။

ဒါပေမဲ့ မကျေနပ်နိုင်သူ တစ်ယောက်ရှိသည်။ ဘွဲ့နဲ့ ချောကလက်တို့ရဲ့ သတင်းတွေက မေသော်ကောင်းရဲ့နားကို သံရည်ပူပူနဲ့ လောင်းချနေသလို ခံစားရသည်။

ဘွဲ့နဲ့ အဲဒီကောင်မလေးက ဘာလဲ ? ဆိုတဲ့ သတင်းတွေက ဂျာနယ်လစ်တွေရဲ့လက်ဖျားမှာ ပလူပျံနေသည်။ ဂျာနယ်တိုက်တွေ၊ မဂ္ဂဇင်းတိုက်တွေက ဘွဲ့ကို ကျေးဇူးတွေ တင်နေသည်။ ဘွဲ့သတင်းပါရင် ဂျာနယ်တွေ စောင်ရေတက်တာပဲလေ။

ဘွဲ့ရဲ့သတင်းတွေ ဒယ်ဒီ့နားကို မရောက်ပါစေနဲ့ဟုသာ ဆုတောင်းနေရ၏။ မေသော်ကောင်းက ဘွဲ့ကို မမေးချင်ပါ။ ဒီလိုကိစ္စမျိုးကို မေးရမှာ အောက်တယ်ဟု ယူဆသည်။ ပြီးတော့

www.burmeseclassic.com



ကိုယ့်သတို့သားလောင်းရဲ့ သိက္ခာကို ကိုယ်တိုင်ပြန်ချသလို ဖြစ်မှာစိုးသည်။

သူမရဲ့လျှာဖျားမှာ ဒီသတင်းကို တင်ရမှာတောင် သူမ သိက္ခာကျတယ်ဟု ထင်မိသည်။

သူမ ဒီကိစ္စကို ဘယ်လိုရှင်းရမလဲ။ စဉ်းစားရလွန်းလို့ ဦးနှောက်တွေတောင် ပူလာသည်။

ဒီလိုကိစ္စမျိုးက စီးပွားရေးပြဿနာတွေနဲ့မတူ။ တစ်ကွက်မှားသွားရင် တစ်ဘဝစာ ဆုံးရှုံးသွားနိုင်သည့်ကိစ္စ။

သူမမှာ ရှင်းစရာတစ်နည်းပဲရှိသည်။ ဘွဲ့ကိုအနုပညာလောကထဲက ဆွဲထုတ်လိုက်ရင် ကောလာဟလတွေ၊ ပြဿနာတွေ အားလုံးပြီးဆုံးသွားနိုင်သည်လေ။

❖ ❖ ❖





မေသော်ကောင်းသည် ဘွဲ့ကို စကားပြောဖို့အတွက် အခြေအနေကို စောင့်ကြည့်နေသည်။ ဘွဲ့မှာကလည်း တကူးတကမှ မချိန်းထားရင် အချိန်မရှိ။

သူမဆီကို တစ်ပတ်တစ်ခါလောက် လာတွေ့ဖို့တောင် အသည်းအသန် အချိန်ယူနေရသည်။

အဲဒီတစ်ပတ်နေမှ တစ်ခါလာတွေ့တာတောင် နာရီဝက် တစ်နာရီထက် ပိုမနေ။

သူမကလည်း သိပ်အားနေတဲ့သူမှ မဟုတ်တာ၊ သူနာရီဝက်ဆိုတော့လည်း ရက်ပေါ့။ သူမကို အချိန်ပေးဖို့တော့ ဘယ်တော့မှ တောင်းဆိုမှာ မဟုတ်။ ဒီလိုနဲ့ပဲ သူနဲ့ ချောကလက်ရဲ့ကိစ္စအတွက် ပြောချိန်မရ။

www.burmeseclassic.com



ဒါပေမဲ့ မေသော်ကိုသာ အချိန်မပေးနိုင်တာပါ။ ဟိုကောင်မလေးနဲ့တော့ တတွဲတွဲဆိုပဲ။ ဘာလဲ။ မေသော်ကတော့ လက်ထပ်မယ့်သူ။ ဟိုကောင်မလေးကျတော့ အချစ်စစ်လား။ ဒါပေမဲ့ ဘွဲ့က အဲလိုလူ မဟုတ်ဘူးလို့ ယုံကြည်နေမိတာက သူမရဲ့မိုက်မဲမှုလား။

ဘွဲ့မှာ အလုပ်တွေကြာကယ်မအားလပ်မှန်းတော့ သိသည်။ ဘွဲ့နဲ့ ကြာကြာစကားပြောဖို့အတွက် ဘွဲ့ကို နေ့တစ်ဝက်လောက် အလုပ်ဖျက်ပေးဖို့ ကြိုတင်တောင်းဆိုမှ ရမည်ဆိုတာလည်း သိသည်။

ထို့ကြောင့် မေသော် ဘာမှမတောင်းဆိုဘဲ နေခဲ့တာ။

ဒါပေမဲ့ မနေတဲ့သူကတော့ ဘွဲ့ ဗန်ကောက်ကို ကြော်ငြာသွားရိုက်တာကိုတောင် လိုက်ဖို့ပြင်နေသည်။

"ကိုကြီး နောက်လထဲ ဗန်ကောက်သွားမှာဆို"

"ဟုတ်တယ် ညီမလေးရဲ့"

"ချောကလက် လိုက်ချင်တယ်"





"ဟင်"

"ဟုတ်တယ်၊ ချောကလက် လိုက်ချင်တယ်။ ချောကလက်ရဲ့ MTV အတွက် အဝတ်အစား လိုက်ဝယ်ချင်တယ်"

ဘွဲ့သည် တောင်းဆိုနေသူလေးကို မငြင်းချင်ပါ။ ဒါပေမဲ့ ခေါ်သွားဖို့လည်း မသင့်တော်ဘူးလေ။ ခုတောင် ဂျာနယ်တွေက တော်တော်ဖွနေတာမို့လား။

ပြီးတော့ ဘွဲ့သွားရင် မေမေလည်း ပါမှာလေ။ သူမကို ဘယ်လိုခေါ်သွားရမှာလဲ ? ။ ကျန်တဲ့ဒါရိုက်တာတွေ၊ မင်းသမီးနဲ့ ကြော်ငြာရိုက်မယ့် အဖွဲ့တွေ ပါဦးမှာလေ၊ ခေါ်သွားဖို့က ဘယ်လိုမှ မဖြစ်နိုင်။

ဒါပေမဲ့ မငြင်းရက်ဘူး။ ဘယ်လိုငြင်းရမလဲ မသိဘူး။

"နော် ... ကိုကြီးနော်"

"အဲဒါတာလေ"

"ဟင်း ... မရဘူးနော် လိုက်မှာပဲ မငြင်းနဲ့။ ကိုကြီးပြောတော့ ချောကလက်ကို စိတ်ချမ်းသာစေချင်တယ်ဆို"

www.burmeseclassic.com



"ကိုကြီးသွားရင် မေမေပါလိုက်မှာ ညီမလေးရဲ့။ ပြီးတော့ ကျန်တဲ့အဖွဲ့သားတွေရှေ့မှာ ညီမလေးကို ဘယ်လိုခေါ်သွားရမလဲ"

"ချောကလက်ပါရင် ကိုကြီး သိက္ခာကျမှာပေါ့နော်"

"သိက္ခာကျတာ မကျတာထက် မသင့်တော်တာဆိုရင် ပိုမှန်လိမ့်မယ်"

"အို ... မသိဘူး၊ ကိုကြီး မေသော်ကောင်း သိမှာစိုးလို့ မခေါ်တာမို့လား။ ချောကလက်ကြောင့် မေသော်ကောင်းနဲ့ ပြဿနာတက်မှာစိုးလို့ မဟုတ်လား"

"ဂျီမပူနဲ့ကွာ။ မေသော်ကောင်းနဲ့လည်း မဆိုင်ဘူး။ မေသော်ကောင်းနဲ့ မစေ့စပ်ထားလည်း အရွယ်ရောက်နေတဲ့ လွတ်လပ်သူ မိန်းကလေးတစ်ယောက်ကို ခေါ်သွားဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ မသင့်တော်ဘူး။ ကိုကြီးက ယောကျ်ားလေး။ ဘာမှမဖြစ်ဘူး။ နစ်နာစရာရှိရင် ညီမလေးပဲ နစ်နာမှာ။ ညီမလေးအတွက်ပြောတာ။ ညီမလေးက မကြာခင် လူသိ





ရှင်ကြား အဆိုတော်တစ်ယောက် ဖြစ်လာတော့မှာ။ ဒီကိစ္စအတွက် အမည်းစက်မထင်စေချင်ဘူး။ ပြီးတော့ တစ်နေ့ ညီမလေး အိမ်ထောင်ဖက်တွေ့တဲ့အခါ ..."

"ဟင့်အင်း ... ဟင့်အင်း ... ချောကလက်ဘဝမှာ ဘာအိမ်ထောင်ဖက်မှ တွေ့စရာအကြောင်း မရှိတော့ဘူး"

"ညီမလေးရယ်"

ချောကလက်သာ သရုပ်ဆောင်လုပ်ရင် အကယ်ဒမီတွေ လက်ဆယ်ချောင်း ပြည့်သွားနိုင်သည်။ ပေါက်ကွဲချင်ယောင်ဆောင်လာတဲ့ မျက်ရည်တွေကို ဘွဲ့က တယုတယသုတ်ပေးနေသည်။

ချောကလက်က ဘွဲ့ရဲ့လက်တွေကို ဆွဲဖယ်ပစ်သည်။ ချောကလက်ရဲ့မာယာတွေက ဘွဲ့ရဲ့နှလုံးသားကိုပဲ ဆွဲစားတာ။ ဘွဲ့ရဲ့အထိအတွေ့တွေကိုတော့ လုံးဝလက်မခံ။

ဘွဲ့ကလည်း သူမလေးကို တယုတယ မြတ်နိုးမိသည်မှအပ အခွင့်အရေးယူလိုစိတ် အလျှဉ်းမရှိပါ။

www.burmeseclassic.com



မင်းသမီးပေါင်းစုံနဲ့ ဖက်လဲတကင်း သရုပ်ဆောင်နေရတဲ့ မင်းသားမို့လားမသိ။ တကယ်ချစ်မိသည့် ကောင်မလေးကျတော့ ထိဖို့ကိုင်ဖို့ထက် မထိရက် မကိုင်ရက်လောက်အောင် တယုတယနဲ့ ဖွဖွကလေး မြတ်နိုးနေမိသည်ကွယ်။

အဲဒီတော့ ချောကလက်ကလည်း အကြိုက်ပေါ့။

ဘွဲ့ အရှးတွေ ရင့်နေသမျှ ချောကလက်တို့က သာယာပြီးရင်းကို သာယာနေတာ။

"ကဲပါ ကိုကြီးစကားကို ချောကလက် နားထောင်ပါ့မယ်၊ မလိုက်တော့ပါဘူး။ ဒါပေမဲ့ ဗန်ကောက်ကိုတော့ ရောက်ဖူးချင်သား ... အဟီး"

ချောကလက်ကပဲ အလျှော့ပေးလိုက်သလိုလိုနဲ့ အရှးကွက်နင်းပစ်သည်။

"ညီမလေးအတွက် အဝတ်အစားနဲ့ လိုအပ်တာတွေ ကိုကြီးကြည့်ဝယ်ခဲ့ပေးမယ်ကွာ ... နော်"





"တကယ်တော့ အဝတ်အစားတွေ လိုချင်လို့ ကိုကြီးနောက်လိုက်ချင်တာ မဟုတ်ပါဘူး ကိုကြီးရယ်"

ပစ်လိုက်ပြန်ပြီ တစ်ချက်။ ဘွဲ့ကတော့ အကာအကွယ်မရှိတဲ့ စစ်တလင်းမှာ လက်နက်မဲ့။

✤ ❖ ✤

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဧေယျဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။

www.burmeseclassic.com



ဗန်ကောက်မှာ ရှုတင်ပြီးလို့ ရှော့ပင်ထွက်တော့ မေမေက ခေါင်းကိုက်လို့ဆိုပြီး နေခဲ့တာနဲ့ အတော်ဖြစ်သွားသည်။

ရှော့ပင်ထွက်တယ်သာဆိုတာ သူ့အတွက် ဘာမှ မယ်မယ်ရရ မဝယ်ဖြစ်။ ချောကလက်အတွက် လိုအပ်တာတွေပဲ ရှာနေရတာနဲ့ အချိန်ကုန်သွားသည်။

ရှော့ပင်ထွက်ချိန်က သိပ်ရတာ မဟုတ်ဘူးလေ။ ပြီးရင် လေယာဉ်ကွင်းဆင်းရတော့မှာ။

ဖိုးခွားလေးက သူ့အပေါ်းတော်မြဲဆိုတော့ သူဝယ် ခြမ်းနေတာတွေကိုကြည့်ပြီး တစ်ခုခု ပြောချင်ပုံနဲ့ ပြောလည်းမ ပြောရဲ ဖြစ်နေပုံရ၏။





သေချာတာကတော့ ဒီကောင် မေမေ့ကို ပြန်ပြော မှာ သေချာသည်။

"အစ်ကို"

"ဘာလဲ"

"ဟို … ဒေါ်မေသော်ကောင်း အတွက် တစ်ခုခုမဝယ်တော့ ဘူးလား"

ဟုတ်သား။ ဖိုးခွားလေး သတိပေးမှပဲ သတိရတော့ သည်။

"အေး … သတိပေးတာ ကျေးဇူးပဲကွာ"

မမေလို သူဌေးသမီးအတွက်က တော်ရိလျော်ရိ ဝယ်လို့မှ မရတာလေ။ နာမည်ကြီးတံဆိပ် လက်ကိုင်အိတ်တစ်လုံး ဟာ ချောကလက်ကိုဝယ်ပေးတာတွေထက် ပိုပြီးပမာဏများပါ သည်။ ဒါပါပဲ။

နောက်ဆုံးတော့လည်း ချောကလက်နဲ့ မေသော် ကောင်းဟာ တန်ဖိုးချင်း ကွာတာပါပဲ။

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် မေသော်ကောင်းဟာ သူနဲ့စေ့စပ်ထားတဲ့သူရဲ့ ဇနီးလောင်းပဲ။

ချောကလက်ကတော့ ရင်ခုန်သံ လျော့ကြေးတစ်ခုပေါ့။ လေယာဉ်ကွင်း ဆင်းကာနီးမှ ဟိုတယ်ပြန်ရောက်သည်။

မေမေက သူဝယ်လာတာတွေကို မကြည့်အားသေးဘဲ လေယာဉ်ကွင်းဆင်းဖို့ ပစ္စည်းတွေ သိမ်းနေသည်။

ရန်ကုန်ပြန်ရောက်လာရင်တော့ သူနဲ့မေမေ စကားနည်းနည်း ပြောရမည်ထင်သည်။

ဖိုးခွားလေး မျက်နှာကလည်း စိတ်ရှုပ်နေပုံပါ။

မေမေ့ရော ဖိုးခွားလေးပါ သူ့ကို နားလည်နိုင်မှာမဟုတ်ပါ။

သူကတော့ သူ့ကိုယ်သူ နားလည်သည်။ မမေကို လက်ထပ်ဖို့ ဆုံးဖြတ်ပြီးမှ ချောကလက်နဲ့ ဆုံရတာဟာ တကယ်ကို ကံကြမ္မာရဲ့လွဲချော်မှုပါ။ မမေနဲ့ကိစ္စကိုလည်း သူ မဖျက်ချင်ပါ။ ဒါဟာ မိန်းမသားဘက်ကို ငဲ့ညှာလို့ပင်။





မမေကိုသာ မငဲ့ရရင် သူ့သိက္ခာတွေကို နှလုံးသားနဲ့လဲပစ်ရဲသည်။

ဒါပေမဲ့ မမေရဲ့သိက္ခာနဲ့တော့ မလဲချင်ခဲ့။

ဒီတော့ သူ ချောကလက်အပေါ် ဘောင်မကျော်ဘဲ တတ်နိုင်သလောက် ဖြည့်ဆည်းပေးခြင်းဖြင့် သူ့စိတ်ကိုဖြေတာဝင်။ ချောကလက်အတွက် ဖြည့်ဆည်းပေးရတာကလည်း သူ့အတွက် အပန်းမကြီးပါ။ ချောကလက်အတွက် သူသုံးနေတဲ့ငွေပမာဏဟာ သူ့အတွက် ခဲခဲယဉ်းယဉ်းမှ မဟုတ်တာ။

ထို့အတွက် သူကတော့ လိပ်ပြာသန့်သည်။

အိမ်ပြန်ရောက်တာနဲ့ မေမေက ဓာတ်လမ်းစတော့သည်။

"သားဝယ်လာတာတွေ ပြပါဦး။ မေမေလည်း ခေါင်းကိုက်တာနဲ့ သားကို ရှော့ပင်မထွက်ပေးရဘူး"

"မေမေ လေယာဉ်တောက်လာတယ်မို့လား၊ နားလိုက်ပါဦး မေမေရဲ့"

www.burmeseclassic.com



“ပြီးမှနားမယ် သားရယ်၊ လုပ်စရာရှိရင် နားရတာမဖြောင့်ဘူး။ အလုပ်ပြီးမှပဲ နားမယ်”

ပြောပြောဆိုဆို မေမေက ဝယ်လာတာတွေကို ထုတ်ကြည့်တော့သည်။

ပထမဆုံး ထွက်လာတာက မမေအတွက် လက်ကိုင်အိတ်။

“မေသော်လေးဖို့လား သား”

“ဟုတ်ကဲ့”

“လှတယ်၊ ငါ့သား ရွေးတတ်သားဟဲ့”

ဘွဲ့ရင်တွေ တဒိန်းဒိန်း ခုန်နေသည်။ မေမေက ကျန်တာတွေ တစ်ခုပြီးတစ်ခု ဆွဲထုတ်နေပြီလေ။ ထွက်လာသည့် ပစ္စည်းတွေကိုကြည့်ပြီး မေမေ မျက်နှာမပျက်ပါ။ သူ့ကိုတစ်ချက်လှမ်းကြည့်သည်။

“သားအတွက် ဘာမှမပါဘူးလား”

“ဟုတ် … အချိန်မရတော့တာနဲ့”





မေမေက အားလုံး အိတ်တွေနဲ့ သေချာပြန်ထည့်ပြီး …

“မေမေတို့ စကားခဏပြောရအောင် သားရေ”

မေမေ ထမင်းစားခန်းဘက် ဝင်သွားပြီး အအေးသွားဖျော်လာသည်။

သေချာတာက မေမေသည် အင်မတန်မှ အအေးသောက်ခဲပါသည်။

✤ ❖ ✤

www.burmeseclassic.com



မေမေ သူ့ကိုပြောဖို့ စကားလုံးရွေးနေပုံရ၏။ အအေးခွက်ထဲကပိုက်ကို အကြောင်းမဲ့ မွှေနှောက်နေသည်။

မေမေသည် သားသမီးကို စကားပြောတာတောင်မှ ဘယ်တော့မှ မတရားမပြော။ နားဝင်မည့်စကားလုံးမျိုးကို ရွေးသုံးတတ်သည်။

"သား"

"ဗျာ"

"မေသော်လေးကို လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာ သားကိုယ်တိုင်ပဲနော်"

"ဟုတ်ကဲ့"

"ဒါဆိုရင် ချောကလက် ဆိုတဲ့ ကလေးမလေးကရော"





"အမှန်တိုင်း ဝန်ခံရရင် မမေကို လက်ထပ်ဖို့ ဆုံးဖြတ်ပြီးမှ ချောကလက်ကို တွေ့ခဲ့တာပါ မေမေ"

"အဲဒီတော့"

"သား သူ့ကို ရင်ခုန်ခဲ့ပါတယ်"

"ရင်ခုန်ရုံပဲလား သား"

"မမေနဲ့ မစေ့စပ်ရသေးဘူးဆိုရင် သားရဲ့ဘဝအဖော်မွန်ဟာ ချောကလက် ဖြစ်လာနိုင်မှာပါတယ်"

မေမေက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ...

"အခု သား သူနဲ့ ဘယ်လိုပတ်သက်သလဲ"

"သူငယ်ချင်းတစ်ယောက်၊ ညီမလေးတစ်ယောက်ပါပဲ မေမေ။ သားမှာ မမေရှိတာ သားသိပါတယ်။ သူလည်းသိပါတယ်။ သားတို့နှစ်ယောက် ဘယ်တော့မှ ဘောင်မကျော်ပါဘူး မေမေ"

"ဘောင်ဆိုတာကို ဘယ်အတိုင်းအတာနဲ့ သတ်မှတ်ထားတာလဲ သား"

www.burmeseclassic.com



"သားနဲ့ မမေက စေ့စပ်ရုံပါ မေမေ။ သား ခုထိအိမ်ထောင်သည် မဟုတ်သေးပါဘူး။ သား ယောကျ်ားပီပီ မမေကို လက်ထပ်မှာပါ။ ဒါပေမဲ့ သားချစ်တဲ့သူကို သူစိတ်ချမ်းသာမယ့်အရာတစ်ခု လုပ်ပေးချင်ရုံပါ"

"ဟုတ်ပြီ၊ ငါ့သားက အဲဒီကလေးမ စိတ်ချမ်းသာအောင် လုပ်ပေးနေတာတွေ မသော်လေး သိရင် မသော်လေး ကျေနပ်မယ် ထင်သလား။ ချစ်တဲ့သူကို စိတ်ချမ်းသာစေချင်သလို တစ်ဘဝလုံး လက်တွဲသွားရမယ့်သူကိုရော စိတ်ချမ်းသာအောင် လုပ်ပေးရမယ်လေ သား ..."

"သား ဘောင်ဆိုတာကို ကာယကံတစ်ခုတည်းနဲ့ ထိန်းလို့မရဘူး၊ ဝဇီကံရော မနောကံပါ ထိန်းရမှာ"

"သူ့စီးရီးစ်လေး ပြီးသွားရင် ပြီးပါပြီ မေမေ။ သား မမေကို လက်ထပ်ပြီး သူ့ကို သိမ်းထားလိုက်တော့မှာပါ"

"အေးလေ ... ငါ့သားလည်း အရွယ်ရောက်နေပြီ။ ပြီးတော့ အရမ်းအောင်မြင်နေတဲ့ celebrity တစ်ယောက်ပဲ။ သားကို





မေမေ ဘာမှမကန့်သတ်ချင်ဘူး။ တစ်ခုပဲ သတိပေးမယ်၊ သား သတင်းတွေ မသော်လေးတို့ဘက်ကလည်း ကြားမှာပဲ။ ဒါပေမဲ့ သူတို့ ဘာမှမပြောဘဲ လူကြီးလူကောင်းပီသပြနေကြတယ်။ ဒါပေမဲ့ သား ချစ်ပါတယ်ဆိုတဲ့ကောင်မလေးကတော့ သားမှာ စေ့စပ်ထားသူရှိပြီး သူ့ကို လက်မထပ်နိုင်မှန်း သိသိနဲ့ သား စီးရီးစ်ထုတ်ပေးတာကို လက်ခံတယ်၊ ခုလို သား ဝယ်ခြမ်းပေးနေတာတွေကိုယူတယ်၊ သူများသားသံမီးကို မေမေ ဒီထက်ပိုပြီး မဝေဖန်ချင်ဘူး သား။ သားဘာသာ စဉ်းစားပါ"

"မဟုတ်ပါဘူး မေမေ။ ချောကလက်က ငြင်းပါတယ်။ သားက အတင်းစီစဉ်တာပါ"

မေမေက ဘာမှမပြောတော့ဘဲ ပြုံးနေတယ်။ တစ်ခုခု ပြောလိုက်တာကမှ စိတ်သက်သာရာ ရဦးမယ် မေမေရယ်။

✤ ❖ ✤

www.burmeseclassic.com



သူ ချောကလက်အတွက် ဝယ်လာတာတွေကို ပေးဖို့ထွက်လာဖြစ်သည်။ သူ့မျက်လုံးထဲမှာ မေမေ့အပြုံးတွေကို မြင်ယောင်ကာ နိုးလိုးခုလု ဖြစ်နေ၏။

သူ ထွက်လာတော့တောင် မေမေက မှာလိုက်သေးသည်။ ချောကလက်ဆီ သွားပြီးရင် မမေဆီ ဝင်လိုက်ဦးတဲ့။

အဲဒါကိုက တစ်ခုခု လွဲနေသလိုပဲ။ သူ အရင်သွားတွေ့သင့်သူက ဘယ်သူလဲ။ ချောကလက်လား။ မမေလား။ သေချာတာကတော့ မမေက သူ မဖြစ်မနေ သွားတွေ့ရမယ့်သူ။ ဒါဆို ချောကလက်ကရော ? ။

သူ့စိတ်တွေ ရှုပ်ထွေးလာသည်။ ဒါပေမဲ့ အရင်ဦးတည်မိတာကတော့ ချောကလက်ဆီသို့။





"ကိုကြီးသွားတာ သုံးရက်တောင် ကြာတယ်။ သတိရလိုက်တာ"

တွေ့တွေ့ချင်း ကပ်ချွဲနေသော ကောင်မလေးကိုလည်း သဲသယဝင်ချင်လာသည်။

ချောကလက်အတွက် ဝယ်လာတာတွေပေးပြီး ခဏပဲ စကားပြောဖြစ်ကာ မမေဆီ ထွက်ခဲ့သည်။

မမေ ပြောသလိုသာဆို မမေလည်း သူနဲ့ ချောကလက်ကိစ္စကို သိနေနိုင်တာပဲ။

ခုမှ တစိမ့်စိမ့်တွေးရင်း မျက်နှာပူနေမိသည်။ မမေက အသိုင်းဝိုင်းကြီးသည်။ နဂိုတည်းက မမေရဲ့ပတ်ဝန်းကျင်က သူ့ကို အထင်ကြီးတာမဟုတ်။ မမေ တစ်ယောက် သူ့အတွက် ဘယ်လောက်များ စိတ်ညစ်နေရှာမလဲ ? ။

သူ မှားသည်။ ချောကလက်ရော မမေပါ သူ့အတွက်နဲ့ ထိခိုက်နစ်နာသွားမှာမျိုး မဖြစ်စေချင်ပါ။

ချောကလက်ကို သူ အလေးသာနေချိန်တွေမှာ မမေတစ်ယောက် ဘယ်လိုနေရှာမလဲ ? ။

www.burmeseclassic.com



ချောကလက်ကရော ဘာအပြစ်ရှိလို့လဲ။ အဆိုတော်ဘဝကို တကယ်ရှုးသွပ်လွန်းလို့ ရန်ကုန်မှာ တွယ်ကပ်နေသူလေး သူ့ကြောင့် လမ်းပျောက်မလို ဖြစ်ခဲ့လို့ သူ ပြန်ပေးဆပ်ခဲ့တာပါ။

တကယ်တော့ မမေကို မချစ်ဘဲ လက်ထပ်ဖို့ဆုံးဖြတ်ခဲ့တာ ပထမအမှား။

လက်ထပ်ရမယ့်သူ ရှိရက်နဲ့ ချောကလက်ကို ချစ်ခဲ့မိတာက ဒုတိယအမှားပါ။

မှားမှန်းသိရင် ပြင်ရမတဲ့။ ပထမအမှားကို ပြင်ရမလား။ ဒုတိယအမှားကို ပြင်ရမလား။

ထိခိုက်မှု၊ နစ်နာမှု အနည်းဆုံးဖြစ်မယ့် အမှားပြင်မှုမျိုးကိုပဲ သူ လုပ်ရမယ်လေ။

ချောကလက်စီးရီးစ်ထွက်ပြီးတာနဲ့ သူ မမေကိုလက်ထပ်လိုက်တော့မယ်။ ဒုတိယအမှားတော့ သူ ဆက်မမှားချင်တော့ဘူး။





သူ မမေရဲ့ရုံးခန်းကိုရောက်တော့ မမေက meeting room ထဲမှာ။ သူရောက်နေကြောင်း အတွင်းရေးမှူးမလေးက သတင်းသွားပို့တော့ မမေက ချက်ချင်းထွက်လာသည်။

“ဘွဲ့ ... မမေ Marketing နဲ့ meeting ထိုင်နေလို့။ တစ်နာရီလောက် ကြာဦးမယ်”

“ရတယ်။ မမေ ရုံးခန်းထဲကစောင့်မယ်”

“အိုခေ၊ ဒါဆို နာရီဝက်လောက်နဲ့ ဖြတ်လိုက်မယ် ... Please ”

“ရပါတယ် မမေရဲ့၊ ပြတ်အောင်လုပ်လိုက်ပါ၊ ကျွန်တော် ဒီနေ့ အချိန်ရတယ်”

“ဒါဆို ခဏစောင့်”

တကယ်ပဲ နာရီဝက်အတိမှာ ပြန်ထွက်လာသည်။ အောင်မြင်သူတိုင်း အချိန်တိကျတတ်သည်။

“အချိန်ရရင် တစ်ခုခု သွားစားမလား ဘွဲ့။ တို့ ဒီနေ့ နေ့လယ်စာ လွတ်သွားလို့”

www.burmeseclassic.com



"ဟုတ်လား၊ စားချိန်မှန်အောင် ဂရုစိုက်ပါ မမေရဲ့။ အစာအိမ် ဖြစ်နေဦးမယ်"

"စိတ်ပူတယ်ပေါ့"

"ပူတာပေါ့ဗျာ"

"ကဲ ... ဒါဆို မဟာဌာနီးကို သွားရအောင်"

"ဟုတ်ကဲ့"

မဟာဌာနီးရောက်တော့ စားစရာတွေ မှာထားတုန်း မေသော်က စကားစလိုက်သည်။

"ဘွဲ့လေး"

"ဗျာ"

"မမေ တစ်ခုလောက် တောင်းဆိုချင်လို့"

"ဘာများလဲ မမေ"

"ထားပါ ပြီးရင် ပြောမယ်၊ ဒါနဲ့ ဘွဲ့လေး ဒီအနုပညာ အလုပ်ကို ဘာလို့လုပ်တာလဲ"

"ဗျာ"





"ဩော် ... တချို့က ဝါသနာအရ၊ တချို့က စီးပွားရေး အရ လုပ်ကြတာလေ။ ဘွဲ့လေးကရော ဒီအလုပ်ကို ဘယ် လောက်အထိ စိတ်ဝင်စားသလဲ သိချင်လို့ပါ"

"ကျွန်တော်က ဝါသနာကြောင့် လုပ်တာ။ ဒါပေမဲ့ အရင် ကတော့ ဝါသနာသက်သက် မဟုတ်ဘူးပေါ့။ ဝါသနာပါ တာကို အသက်မွေးဝမ်းကြောင်းအနေနဲ့ ရွေးခဲ့တာ။ ခုတော့ ဝါသနာကြောင့်ဆိုလည်း ဟုတ်တယ်။ စီးပွားရေးဆိုလည်း ဟုတ်တယ်။ ကျွန်တော် ဒီအလုပ်ကို အရမ်းဝါသနာပါတာ။ ရှုတင်ပေါ်ရောက်နေရင်ကို ပျော်တာ။ မောရမှန်း မသိဘူး။ ရှုတင် ဖြုတ်လိုက်ရင်တော့ ခြေပစ်လက်ပစ်ပဲ။ တကယ်စိတ် နစ်ရတယ်။ ပြီးတော့ မီးထိုး၊ မှန်ထိုးခံရတာဆိုတော့ ပင် ပန်းတယ်၊ အနုပညာ အလုပ်တိုင်းကတော့ ပင်ပန်းတာ ချည်းပါပဲ။ အထူးသဖြင့် စိတ်ပင်ပန်းတာ။ အနုပညာဆို တာ စိတ်ခံစားမှုသက်သက်နဲ့ လုပ်ရတာလေ"

ဘွဲ့ စကားကို လက်စသတ်ပြီး အအေးခွက်ကို ကောက်မော့လိုက်သည်။

www.burmeseclassic.com



မေသော်သည် လူကဲခတ် အင်မတန်တော်သော Business women တစ်ယောက်ပီပီ ဘွဲ့ရဲ့စိတ်ထားကို အကဲခတ်မိကာ ရင်လေးသွားသည်။

ဘွဲ့ကို ဒီအနုပညာလောကထဲက ထွက်နိုင်လို့ရပါ့မလား မသိ။ တကယ်လို့သာ မရခဲ့ရင် မေသော် ဒယ်ဒီနဲ့ တော်တော်ရင်ဆိုင်ရမည်။ ဒယ်ဒီက ဒီအနုပညာအလုပ်ကို ဖက်ခွက်စားလို့တောင် နှိမ့်ချထားတာလေ။

"မမေ ပြောစရာ တစ်ခုခုရှိပုံပဲ။ ပြောလေ။ တောင်းဆိုစရာရှိတယ်ဆို"

"ဘွဲ့လေးရယ်၊ ဘယ်ကစပြောရမှန်းတောင် မသိဘူး"

"ဘာပဲဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်းသာ ပြောပါ မမေရယ်။ ကျွန်တော်တို့ နှစ်ယောက်က ဘဝတစ်ခုကို အတူတည်ဆောက်ကြမယ့် သူတွေပါ"

"ဘွဲ့ဆီက ခုလိုကြားရတာ မမေ အရမ်းစိတ်ချမ်းသာတာပဲကွယ်"





မှာထားသော စားစရာတွေ ရောက်လာ၍ ...

"ကဲ ... ပြီးမှဆက်ပြော မမေ။ ထမင်းအရင်စား။ ထမင်းစားချိန် တော်တော်ကျော်နေပြီ"

မေသော်ကတော့ ဘွဲ့ရဲ့သိတတ်မှုလေးမှာ အရည်ပျော်နေပြီ။

ထမင်းကို တိတ်ဆိတ်စွာပဲ စားဖြစ်ကြ၏။ ဘွဲ့ပန်းကန်ထဲကို မေသော်က ဟင်းခပ်ထည့်ပေးလိုက်သည်။

ထမင်းစားပြီးတော့ အချိုပွဲစားရင်း မေသော်ကပဲ စကားပြန်စသည်။

"မမေ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်နော်၊ တကယ်လို့များ မမေက ဘွဲ့ကို ဒီအနုပညာလောက,က ထွက်လိုက်ပါလို့ ပြောရင်ရော"

"ဗျာ"

ဘွဲ့လေး အံ့သြမယ်ဆိုတာ သိပါတယ်။ အနုပညာသမားအဖြစ်နဲ့ပဲ မမေ ဘွဲ့လေးကို ကြိုက်ခဲ့တာပါ။

www.burmeseclassic.com



ဘွဲ့က ဘာမှမပြောဘဲ နားထောင်နေသည်။

"ဘွဲ့ ... မမေ တောင်းဆိုတာကို လိုက်လျောနိုင်ပါ့မလား"

"ဘာဖြစ်လို့ ဒါကို တောင်းဆိုတာလဲ"

"မမေ့အနုပညာကို ချစ်ပါတယ်။ အနုပညာသမားတွေကိုလည်း လေးစားတယ်၊ ဒါပေမဲ့ အနုပညာလောကဆိုတာ ကော်လာဟလတွေ သိပ်များတယ်။ နည်းနည်းရှုပ်ထွေးတဲ့ ရပ်ကွက်ပဲ။ အဲဒီထက် ပိုတာက မမေ ဘွဲ့ကို သဝန်တိုတယ်။ မမေပိုင်တဲ့ ရင်ခွင်ကို မင်းသမီးတွေဆီ မကြာခဏ အငှားချပေးရတာကို စိတ်မချမ်းသာဘူး။ အလုပ်သဘောအရဆိုတာ နားလည်တယ်။ ဒါပေမဲ့ ဖြစ်နိုင်ရင်တော့ ဘွဲ့ကို မမေနဲ့အတူ မမေရဲ့အိမ်ထောင်ဦးစီးအဖြစ် စီးပွားရေးလုပ်စေချင်တယ်"

"အကြောင်းရင်းက ဒါပဲလား မမေ"

"ဟုတ်တယ်။ မမေ ကလေးဆန်နေလား မသိဘူး ဘွဲ့လေးရယ်။ ဒါပေမဲ့ သဘောထားမကြီးနိုင်ဘူး ဖြစ်နေတယ်"





"ခက်တာပဲ မမေ၊ ကျွန်တော် ဒီအလုပ်ကို တော်တော်ဝါသနာကြီးတာ၊ ဒီလောကမှာ ဘယ်လောက်ပဲ စိတ်ညစ်စရာရှိရှိ ကျွန်တော်က ပျော်နေတာ။ ပြီးတော့ ဒီနေ့လိုဘဝမျိုးရောက်အောင် ကျွန်တော် တော်တော်ကြိုးစားထားရတာ။ လွယ်လွယ်ရခဲ့တာ မဟုတ်လို့ လွယ်လွယ်စွန့်လွှတ်လိုက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ခုချိန်မှာ ကျွန်တော့်မှာ အထိုက်အလျောက် ပိုက်ဆံရမိနေပြီ။ ပိုက်ဆံကြောင့် ကျွန်တော် ဒီအလုပ်လုပ်နေတာ မဟုတ်တော့ဘူး။ ကျွန်တော် ဝါသနာကို စိတ်နှစ်ပြီး လုပ်နေတာ၊ ကျွန်တော်နဲ့ အနုပညာဆိုတာ ခွဲလို့မရတော့ဘူး မမေ"

"ဘွဲ့ရယ်"

"မမေရဲ့စီးပွားရေးလုပ်ငန်းတွေကို ကျွန်တော် မလုပ်ချင်ဘူး၊ လုပ်ရင်လည်း ပျော်မှာမဟုတ်ဘူး၊ ပျော်ရာမှာမနေရဘူးဆိုတဲ့ ဆိုရိုးရှိပေမယ့် ကျွန်တော့်ဘဝမှာတော့ ကျွန်တော်ပျော်နေတဲ့နေရာက ကျွန်တော်နဲ့ အသင့်တော်ဆုံးပဲ"

www.burmeseclassic.com



မေသော်သည် ဒယ်ဒီမျက်နှာကိုပဲ မြင်ယောင်နေမိသည်။ ဒယ်ဒီ သဘောမကျသည့် အကြောင်းတော့ ဘွဲ့ကိုမပြောချင်ပါ။ ဒယ်ဒီနဲ့ဘွဲ့ကို အဆင်အပြေဆုံးပဲ ဖြစ်စေချင်သည်။

ဒယ်ဒီက တိကျသည်။ ပြတ်သားသည်။ ဆိုခဲ့စေမြဲစေဆိုသည့်လူမျိုး။

ဘွဲ့နဲ့ ဒယ်ဒီ့ကြားမှာ မေသော် ဘာလုပ်ရမလဲကွယ်။

ဘွဲ့လည်း မမျှော်လင့်သောစကားကို ကြားလိုက်ရ၍ စိတ်ရှုပ်သွားသည်။ နဂိုတည်းက ညစ်နေပါတယ်ဆိုမှ။

အဲဒီနေ့က မမေ့အတွက် ဝယ်လာတဲ့အိတ်ကို ပြန်ကာနီးမှ ပေးဖြစ်သည်။

✤ ❖ ✤





ဗန်ကောက်က ပြန်လာပြီးမှ ချောကလက်နဲ့လည်း သိပ်မတွေ့ဖြစ်။ မမေရဲ့တောင်းဆိုမှုကလည်း သူ့ကိုစိတ်ရှုပ်စေသည်။

ထို့ကြောင့် အလုပ်တွေ နှစ်ရက်တိတိဖျက်ကာ ချောင်းသာကို ထွက်သွားလိုက်သည်။

စိတ်ရှုပ်လွန်းလို့ ဖိုးခွားလေးကိုတောင် မခေါ်ခဲ့။

မေမေက သူ ချောကလက်ကြောင့် စိတ်ညစ်သည်ပဲ ထင်ကာ ဘာမှမပြော။

မမေရဲ့တောင်းဆိုမှုကိုလည်း မေမေ့ကိုမပြောပြဖြစ်ပါ။

www.burmeseclassic.com



sea veiw အခန်းကို ယူထားသော်လည်း တစ်နေကုန် အခန်းထဲက အပြင်မထွက်ဖြစ်ဘဲ ကမ်းခြေကိုပဲ ငေးကာ အတွေးတွေကို တစ်စစီ ရှင်းထုတ်နေမိသည်။

ချောကလက်ကိစ္စက ရှင်းသည်။ စီးရီးစ်ကိစ္စပြတ်တာနဲ့ ချောကလက်နဲ့ သူ့ရဲ့ဆက်ဆံရေးကို ဖြည်းဖြည်းချင်းချဲလိုက်ဖို့ ဆုံးဖြတ်ပြီးသား။

အခု သူ့ကို စိတ်ရှုပ်စေတာက မမေ။

ဘဝတစ်သက်တာ လက်တွဲရမယ့် မမေက သူ့အလုပ်ကို ဖြတ်ချနိုင်းနေသည်။ ဒီလိုတောင်းဆိုလိမ့်မယ်လို့ အိပ်မက်တောင် မမက်ခဲ့ပါ။

မမေရဲ့အသိုင်းအဝိုင်းကလည်း သူ့ကို နှစ်လိုပုံမရ။

ထို့ကြောင့်လည်း မမေက သူ့ကို သူမရဲ့လောကထဲ ဆွဲသွင်းချင်ပုံရပြီ။ ခက်သည်။

သူက အနုပညာကို သေတဲ့အထိ ဖက်တွယ်သွားမည့်သူ။





မမေကြောင့် ဒီလောကကို ကျောမခိုင်းနိုင်။

သူ မလုပ်နိုင်။

ဒါဆို သူနဲ့ မမေတို့ရဲ့ အိမ်ထောင်ရေးက သာယာပါ့မလား ? ။

သူ မင်းသမီးတွေနဲ့တွဲတိုင်း မမေ သဝန်တိုနေရင်တော့ ခက်ပြီ။

ပြီးတော့ သူ့အလုပ်ဆိုတာက ကိုယ်က နားလိုက်မှပဲ အားတာ။

ဒါကိုရော မမေ နားလည်ပေးပါ့မလား ? ။

မမေကို အားနာတာရယ်၊ သင့်တော်တယ်ထင်ပြီး လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာ မှန်ရဲ့လား။

မမေကို နားလည်မှု ရှိလိမ့်မည်ဟု ထင်ခဲ့တာ မှားများနေပြီလား ? ။

သူ့မေးခွန်းတွေကို ဖြေမယ့်သူ မရှိ။

www.burmeseclassic.com



တဝုန်းဝုန်း မြည်နေသော လှိုင်းပုတ်သံတွေကလည်း ကူမစဉ်းစားပေးနိုင်။

ပင်လယ်ကြီးကို တစ်နေကုန် ထိုင်ကြည့်ပြီး ဘာ အကြံမှမထွက်။

မမေနဲ့ စေ့စပ်ခဲ့တာ မှားပြီလားဟု ပထမဆုံး နောင်တရချင်သွားသည်။

ညနေဘက်ကျတော့ ဘွဲ့ ရပ်ဖျက်ကာ အပြင်ထွက် လမ်းလျှောက်ဖြစ်သည်။

ပြီးတော့ ဟိုတယ်မှာ ညစာစားနေတုန်း သူနဲ့ကပ် ရပ်ဝိုင်းမှာ မမေတို့အသိုင်းအဝိုင်းက လူနှစ်ယောက် စကားပြော နေတာ။

"မေသော်ကောင်းကို အထင်ကြီးထားတာကွာ။ ခုတော့ ဘာမဟုတ်တဲ့ကောင်နဲ့ စေ့စပ်သတဲ့"

"အဲဒါကြောင့် ဘိုးတော် ရေလည်တင်းနေတာပါကွာ"

"ဘာလဲ ဦးသော်ကောင်းကြီးလား"





"အေး ... အဘိုးကြီးက လက်ကားကြီးပဲကွ။ သူ့ရဲ့တစ်ဦး တည်းသောသမီးကို ဒီလိုဖက်ခွက်စားနဲ့ ဖြစ်ရမလားဆိုပြီး ရေလည်ပေါက်ကွဲတာတဲ့။ ငါတို့ MD နဲ့ ဘိုးတော်ကြီးက ငယ်သူငယ်ချင်းတွေလေကွာ၊ မူးပြီးရင်ဖွင့်နေတာတဲ့"

"အေးလေကွာ၊ တန်မှမတန်တာ၊ ဟိုကောင်ကတော့ ဘုရားပွဲတွေ့တာပဲကွ"

"မေသော်ကောင်းကလည်း ဒီလောက်တောင် ရှော်ရသလား ကွာ"

"သြော် ... ရင်ခုန်သံကို မထိန်းနိုင်လို့ နေမှာပေါ့ကွာ၊ ဟား ဟား။ ဟိုက အကယ်ဒမီမင်းသားကလည်း ဘယ် လောက်တောင် အကယ်ဒမီရှော့ခ်တွေ လုပ်လိုက်လည်းမှ မသိတာ ... ဟား ဟား"

"အေး ... ငါတို့က ဂဏန်းပဲတွက်တတ်တာကိုး။ မိန်းက လေးတွေက ကယ်ကူလေတာ မကြိုက်ကြဘူးကိုး"

"ဒါဆို ဘာကြိုက်လဲကွ။ ပြောပါဦး"

www.burmeseclassic.com



"အကယ်ဒမီရှော့လေကွာ။ ရှော့ ... ရှော့စ်"

"ဟား ဟား ... ငါတို့လည်း သရုပ်ဆောင်သင်တန်း သွားတက်ဦးမှပဲ"

တမင်စောင်းပြောနေသလားတောင် ထင်ရသည်။ ဘွဲ့ ညစာတောင် မစားဖြစ်တော့ဘဲ အခန်းထဲ ပြန်ဝင်ခဲ့၏။

ဦးသော်ကောင်းက သူ့ကို ဖက်ခွက်စားတဲ့လား။ ဒါကြောင့် မမေက သူ့ကို အနုပညာအလုပ်ကို စွန့်လွှတ်ခိုင်းတာကိုး။

✤ ✤ ✤





"ဘောဘီ"

မေသော်သည် အခုတလော ဒယ်ဒီနှင့် ထိပ်တိုက်မတွေ့ချင်သဖြင့် မတွေ့အောင် ရှောင်နေမိသည်။

"ဒယ်ဒီ"

"လာပါဦး ဘောဘီ၊ ပြောစရာရှိလို့"

"ဒယ်ဒီ ... မေသော် ခေါင်းကိုက်နေလို့"

"ဟုတ်လား၊ ဆေးသောက်လေ ဘောဘီ၊ ဒယ်ဒီ ပြောမယ့် စကားကို ဘောဘီ ကြိုများသိနေလား"

မေသော် ရှောင်လွှဲလို့ မရတော့တာနဲ့ ဒယ်ဒီ့ရှေ့ ဝင်ထိုင်လိုက်ရသည်။

www.burmeseclassic.com



"သမီး"

"ရှင် ... ဒယ်ဒီ"

"မောင်ဘွဲ့ကိစ္စက ဘယ်လိုလဲ သမီး။ သူ့အလုပ်တွေ မရပ်တဲ့အပြင် ကောလာဟလတွေပါ ဆက်ထွက်နေပါလား။ အင်း ... ကောလာဟလလို့သာ သုံးရတာပါ။ တကယ်တမ်းကျတော့ အဲဒီမိန်းကလေးကို သူက စီးရီးစ်ထုတ်ပေးဖို့ လုပ်နေတာ အမှန်ပဲ။ ဒါပေမဲ့ သူတို့ကြားထဲက ပတ်သက်မှု အတိုင်းအတာကိုသာ မသိရသေးတာ"

မသော် ဘာပြန်ပြောရမလဲ မသိ။

"တစ်ခုခု ပြောပါဦး သော်"

"သူ့အလုပ်တွေက ချက်ချင်းဖြတ်လို့ မရသေးလို့ပါ ဒယ်ဒီ၊ လုပ်လက်စလေးတွေ လက်စသတ်ရဦးမယ်လေ"

"ကောင်မလေး ကိစ္စကရော"

"အဲဒါကလည်း လုပ်လက်စအလုပ်ကလေးတစ်ခုပါ ဒယ်ဒီ။ သမီး သိပါတယ်"





"အိုခေလေ ... သမီး သိတယ်ဆိုရင် အိုခေ။ ဒါပေမဲ့ သူ့ဘက်က ကိစ္စဝိစ္စတွေပြတ်မှ သော်တို့ လက်ထပ်ပွဲကိစ္စ စီစဉ်ကြပေါ့ ... အိုခေ ..."

"အိုခေ ... သွားတော့ သော်"

"ဟုတ်ကဲ့ ဒယ်ဒီ"

မသော် စိတ်ညစ်လိုက်တာ။ ဒယ်ဒီက ဘူးဆို ဖရုံသီးတာမှ မဟုတ်တာ။

ဘွဲ့ကလည်း လုံးဝပြောလို့ရမှာ မဟုတ်။

ဒယ်ဒီ့ကို စိတ်ချမ်းသာစေချင်သလို ဘွဲ့ကိုလည်း မစွန့်လွှတ်နိုင်။

မသော့်ကို မိုက်မဲသည်ဟု ဝေဖန်ကြ၏။ မသော်လို အစစအရာရာ ပြည့်စုံလွန်းလှသော မိန်းမတစ်ယောက်က ဘွဲ့နဲ့မတန်တဲ့။

မသော်ကတော့ အဲဒီလို မတွက်ပါ။ မသော်ဘဝမှာ ဘာမှမလိုအပ်အောင် ပြည့်စုံပြီးသား။

www.burmeseclassic.com



အဲဒီပြည့်စုံမှုမှာ အချစ်ကို ထပ်ပေါင်းထည့်လိုက်ရင် ပိုပြီး ပြီးပြည့်စုံသွားမှာလေ။

ဘဝမှာ ဘာမှ မလိုအပ်လောက်အောင် ပြီးပြည့်စုံသွားမှာလေ။

ဒါပေမဲ့ တကယ်တမ်းကျတော့ မေသော် ထင်သလို ဖြစ်မလာ။

ဒယ်ဒီရော ဘွဲ့ပါ မေသော့်ကို မငဲ့ကြ။

ဒယ်ဒီက မေသော့်အတွက် ဘွဲ့ကို အရှိအတိုင်း လက်မခံနိုင်သလို ဘွဲ့ကလည်း မေသော့်ဆန္ဒကို မလိုက်လျော။

ပြီးပြည့်စုံလိမ့်မယ်လို့ မျှော်လင့်ခဲ့တဲ့ မေသော် အဖြစ်က ခုမှ ဒုက္ခလှလှတွေ့တာ။

ညစ်ခြင်းအဆင့်တစ်ပါပဲကွယ်။

သေချာတာက ဒယ်ဒီရော ဘွဲ့ပါ ဘယ်သူမှလျှော့ မှာမဟုတ်။

ဒီတော့ ...





မေသော်ကပဲ ဒယ်ဒီနဲ့ ဘွဲ့ တစ်ယောက်ကိုရွေးရ တော့မှာမို့လား ? ။

မေသော် ဘယ်လိုဆုံးဖြတ်ရမလဲ ? ။

ခုကတည်းက မေသော် အသည်းအသန် စဉ်းစားနေ ရပြီ။ အချစ်ကို ရွေးရမလား။ စွန့်လွှတ်လိုက်ရမလား ? ။ ဒယ်ဒီ အမွေဖြတ်လို့ ဘွဲ့ကိုရွေးလည်း မေသော့်ဘဝက စုတ်ပြတ်သွား မှာမဟုတ်။

ဘွဲ့သည် အောင်မြင်နေသော Celebrity တစ်ယောက် ပဲလေ။ ခပ်နုပ်နုပ်မှ မဟုတ်တာ။

ဒါပေမဲ့ ...

မေသော့်ကို အမေလိုရော အဖေလိုပါ စုပုံချစ်ခဲ့တဲ့ ဒယ်ဒီ့ကို ထားခဲ့ဖို့ကရော။

ဒယ်ဒီသာ ဘွဲ့ကို လက်ခံပေးလိုက်ရင် ကောင်းမယ်။

အနုပညာအလုပ်ဆိုတာ ဒယ်ဒီ ထင်သလောက် လည်း သေးနုပ်တာမှ မဟုတ်တာ။

www.burmeseclassic.com



ဒီကြားထဲ ဘွဲ့နဲ့ ဟိုကောင်မလေးကိစ္စကလည်း ဘယ်လိုလဲ မသိ။

မေသော်သည် သူမကို ဘွဲ့မချစ်တာ သိပါသည်။

ဘွဲ့ သူမကို ဘာကြောင့်ရွေးခဲ့သလဲ ? ။

သူမ၏ပိုင်ဆိုင်မှုကြောင့်တော့ ဟုတ်မည်မထင်။

သူမက အရင် ရင်ဖွင့်မိလို့ သူမကို ငဲ့တဲ့အနေနဲ့ လက်ခံခဲ့တာပါ။

ဒါကိုသိနေတော့ ဟိုကောင်မလေးကိစ္စကို ပူနေသည်။

မေသော် ဘာလုပ်ရမလဲ။

မေသော်ကိုချစ်တဲ့ ဒယ်ဒီ့တစ်ယောက်တည်း ထားခဲ့ပြီး မေသော့်ကိုမုန်းတဲ့ ဘွဲ့ကို ရွေးသင့်ရဲ့လား ? ။

ဘာလုပ်ရမလဲ ? ။

✤ ❖ ✤





ဘာလုပ်ရမလဲဆိုတဲ့ မေးခွန်းကို သူ့ ခုထိအဖြေ[ရှာ]ရသေး။

မမေသော် ဖခင်က သူ့ကို ဖက်ခွက်စားတဲ့။ မမေ[မမေ] သူ့ကို အနုပညာလောကကို စွန့်လွှတ်ပါတဲ့။

သူ့ကိုအထင်မကြီးတဲ့ ယောက္ခမနဲ့ သူ့အလုပ်ကို [အ]ထင်မကြီးတဲ့ ဇနီး။

သူ့အလုပ်ကို လက်မခံနိုင်တဲ့ အသိုင်းအဝန်းထဲ [လာ]ဝင်လို့ ဖြစ်ပါ့မလား ? ။

ဒါဆိုရင် မမေကို စွန့်လွှတ်ရမလား ? ။

မဖြစ်နိုင်။ သူနဲ့ စေ့စပ်ပြီးမှတော့ မမေကို သူ [ဆ]က်မထပ်လို့မရ။ သူ့ကြောင့် မမေ ထိခိုက်နစ်နာသွားမှာမျိုးကို [ဆို]လား။

www.burmeseclassic.com



သူ ဆုံးဖြတ်ရ ကျပ်သည်။

ချောကလက်။

သူမကရော ...

ဓမမေ စွပ်စွဲချင်သလိုများ ဖြစ်နေမလား ? ။ ချော ကလက်ရဲ့အပြုံးလေးတွေ ဖြူစင်သည်ဟုပဲ ထင်သည်။

ဘာပဲဖြစ်ဖြစ်။ ချောကလက်ဘက်က ဘယ်လိုပဲဖြ ဖြစ် သူက ချောကလက်ကို ချစ်လို့။ သူချစ်တဲ့ကောင်မလေးန ဆုံစည်းခွင့် မရှိတော့ရင်တောင်မှ သူမ ဖြစ်ချင်တာလေးတစ်ခ ဖြစ်ဖြစ် ဖြည့်ဆည်းပေးလိုက်ချင်လို့ပါ။

ခုလိုခေတ်ကြီးမှာ အဆိုတော်သစ်တင်ပြီး ငွေကုန်ခ စီးရီးစ်ထုတ်ပေးတာဟာ တျောက်ခဲကို ရေထဲပစ်ချလိုက်သလို လေ။

ဒါပေမဲ့ ...

ချစ်လို့လုပ်ပေးလိုက်တာပါ။

ဖြစ်နိုင်ချေရှိလို့ ဖြစ်စေချင်လို့ကို လုပ်ပေးတာလေ





အဆိုတော် ချောကလက် ဖြစ်သွားပြီဆိုရင် သူ ကျေနပ်ပြီ။ ငွေရေးကြေးရေး အဓိကမဟုတ်။

သို့သော် ထိုအတွက် ချောကလက်ဆီက ဘာအခွင့် အရေးကိုမှ မယူ။

ဂျာနယ်တွေ ဖွကြသလို ပတ်သက်မှုမျိုး ဘယ်တော့မှ ရှိလာမှာ မဟုတ်။

တကယ်တော့ ...

အချစ်ဆိုတာ တမြေ့မြေ့ ခံစားချင်စရာ ကောင်းသလို တတိတိနဲ့လည်း ပူလောင်လွန်းလှ၏။

သို့သော် ထိုပူစပ်ပူလောင် ရသလိုပဲ နှစ်ခြိုက်နေ ကြတာလေ။

အရာအားလုံးကို မေ့ပစ်ချင်သော ဘွဲ့တစ်ယောက် တည်း အခန်းထဲမှာ ဘီယာသောက်လိုက်၊ သန့်စင်ခန်းဝင်လိုက် နဲ့ ဘယ်အချိန် အိပ်ပျော်သွားမှန်းမသိ။

✤ ❖ ✤

www.burmeseclassic.com



ဦးသော်ကောင်းသည် သမီးဖြစ်သူ အရိပ်အကဲကို ကြည့်ကာ အခြေအနေကို သဘောပေါက်သင့်သလောက် ပေါက်ပါသည်။

သမီးကိုကြည့်ရတာ ကောင်လေးကို ပြောလို့ရပုံမပေါ်။

ဦးသော်ကောင်းကတော့ ပြတ်သည်။

လက်ရှိအနေအထားနဲ့တော့ ဘွဲ့ကို သမက်အဖြစ် အသိအမှတ် မပြုနိုင်ပါ။

သမီးကတော့ တွေဝေနေပုံပဲ။ ခုထိ ဖအေကိုဘာမှ မပြောသေး။





ပြီးတော့ ကောင်လေးက ကောလာဟလကလည်း ထွက်သေး။

သင်းရဲ့ကောလာဟလကြောင့် ခုတောင် ဦးသော်ကောင်းတို့ သိက္ခာကျလှပြီ။

အခု သင်းက ဦးသော်ကောင်းရဲ့သမက်လောင်းလေ။

အချစ်နဲ့ပတ်သက်တော့ သမီးလည်း ရဲရင့်ပြတ်သားမှုတွေ ပျောက်ဆုံးကုန်ပြီထင်၏။

သမီးကို တွေဝေမနေစေချင်ပါ။ သမီးတွေဝေနေတယ် ဆိုရင်တော့ အဲဒီတွေဝေမှုတွေကို ဒီဖအေကပဲ ဖျောက်ပေးရမည်။

ယောက်ျားလေးတစ်ယောက်နဲ့ စေ့စပ်ပြီးမှ တော်တော်နဲ့ လက်မထပ်ဖြစ်ရင်လည်း မကောင်းဘူး။

လက်ထပ်ပွဲ မြန်မြန်ကျင်းပ။ ဒါမှမဟုတ် ဖျက်စရာရှိရင်သည်း ပွပွနွေးနွေးဖျက်မှ။ နစ်နာစရာရှိရင် မိန်းကလေးဘက်ကပဲ နစ်နာမှာလေ။

www.burmeseclassic.com



သမီးက မပြတ်သားနိုင်ရင် သူက ဝင်ပြတ်သားပေးရမည်။

သမီးကို သူ မတားဘဲ သမီးဆန္ဒအတိုင်း လိုက်လျောစေ့စပ်ပေးလိုက်တာဟာ မီးမှန်းမသိသေးတဲ့ ပိုးဖလံလေးကို မီးနဲ့ဆော့ကစားခိုင်းကြည့်တာပင်။

ထို့အတွက် သမီးရဲ့သိက္ခာတောင်ပံလေး နည်းနည်းတော့ ထိခိုက်သွားနိုင်သည်။

ပြဿနာတော့ သိပ်မရှိ။

ဦးသော်ကောင်း သမီးကို ဘယ်သူတွေက ကြာကြာကဲ့ရဲ့နိုင်မလဲ ? ။ သူ့အတွင်းရေးမှူးကို ဘွဲ့ဆီ ဖုန်းဆက်ခိုင်းလိုက်သည်။

သကောင့်သားလေးက လောလောဆယ် နယ်မှာရောက်နေသတဲ့။

ပြန်လာရင် လာတွေ့မည်ဆိုပဲ။

ထားပါ။ အရင်လိုစရာ အကြောင်းမှမရှိတာ။





တစ်ဖက်မှာ ဦးသော်ကောင်း ဖုန်းဆက်တဲ့အချိန် ဘွဲ့က ချောင်းသာမှာ ပြီနေတာလေ။

ဦးသော်ကောင်း ခေါ်တွေ့တာ အကောင်းတော့မဖြစ်နိုင်။

ဘွဲ့ကတော့ ဘွဲ့အလုပ်ကို မစွန့်နိုင်။ ဒီအခြေအနေနဲ့ပဲ မမေကို လက်ထပ်မည်။ သူတို့ဘက်က လက်မခံရင်တော့ ကိုယ့်ဒေါသနဲ့ကိုယ်ပဲ။ မတတ်နိုင်။ သူကတော့ စပြီးကျောခိုင်းမှာမဟုတ်။

ဒါဟာ ဘွဲ့ ချောင်းသာမှာနားရင်း စဉ်းစားလို့ရတဲ့အဖြေပဲ။

ချောကလက်ကိစ္စကလည်း သူမစီးရီးစ်ပြီးတာနဲ့ပြတ်ပြီ။

အချစ်နဲ့ လက်ထပ်ခြင်း တစ်ထပ်တည်းမကျတာဝမ်းနည်းစရာကောင်းသည်။

ဒါပေမဲ့ ဖြစ်လာတဲ့ အခြေအနေကို အကောင်းဆုံးဖြစ်အောင် ကြိုးစားရမှာပဲလေ။

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် အဆင်ပြေအောင်နေရင်၊ နေတတ်ရင် ကျေနပ်စရာချည်းပဲမို့လား။

ဘဝမှာ ရင်ခုန်သံစစ်စစ်နဲ့ ချစ်မူးလိုက်ရုံကိုပဲ ကျေနပ်ပါတော့တယ်လေ။

လွမ်းတယ် ချောကလက်ရယ်။

စွဲစပ်ပြီးသား လူတစ်ယောက်အဖို့ လွမ်းတာတောင် တစ်ဝက်ပဲ လွမ်းခွင့်ရှိပါတယ်။

လက်ထပ်ပြီးရင်တော့ ကိုယ့်ရဲ့ အလွမ်းတွေကို ပင်လယ်ရေထဲ မျှောရတော့မယ်လေ။

✤ ❖ ✤





"ထိုင်"

ဦးသော်ကောင်းရဲ့ ရုံးခန်းထဲမှာပါ။ ဘွဲ့သည် ချောင်းသာက ပြန်လာလာချင်းပဲ ဦးသော်ကောင်းကို သွားတွေ့ပါသည်။

ဆွဲထားလို့ကောင်းတဲ့ကီစွမ် မဟုတ်တာလေ။

ဦးသော်ကောင်းကတော့ ပညာရှိလူကြီးလူကောင်းပီပီ ဘွဲ့ကို ဘယ်တော့မှ ဖွင့်မပြ။ ပုံမှန်ပဲ ဆက်ဆံသည်။

ဦးသော်ကောင်းရဲ့အတွင်းရေးမှူးမလေးက ကော်ဖီနှစ်ခွက် လာချပေးသည်။

"ဒါလီ ... ကိုယ် လိုရင်ခေါ်လိုက်မယ်။ တံခါးလာမခေါက်ပါနဲ့ Please ! "

www.burmeseclassic.com



"ဟုတ် … ဆရာ"

"ကော်ဖီသုံးဆောင်ဦး ဘွဲ့"

"ဟုတ်ကဲ့ ဦး"

ကော်ဖီတစ်ငုံစီ သောက်ကြတာက ယဥ်ကျေးမှု အရပါ။

"ဘွဲ့ကို သမီး ပြောပြီးပြီလားတော့ မသိဘူး"

ဘွဲ့က ဘာမှ မထောက်ခံ။

"ကိုယ်က ဘွဲ့ကို အနုပညာအလုပ်တွေ ဆက်မလုပ်စေချင်တဲ့ အကြောင်းပေါ့"

"ပြောပါတယ် ဦး။ ဒါပေမဲ့ ဦးဆန္ဒအရ ပြောတယ်ဆိုတာတော့ ခုမှ သိတာပါ"

"သမီးက သူ့အနေနဲ့ပဲ ပြောတာပေါ့"

"ဟုတ်ကဲ့"

"သမီးက အဲလောက်မဟုတ်ဘူး။ ကိုယ်က မလုပ်စေချင်တာ။ မောင်ရင့် ကိုယ်ရေးကိုယ်တာကို စွက်ဖက်ရတာတော့





မကောင်းဘူးပေါ့။ ဒါပေမဲ့ ကိုယ့်သမက်ဖြစ်လာရင် မောင်ရင့် ကိုယ်ရေးကိုယ်တာတွေက ကိုယ့်ကိုလည်း လာဆက်နွယ်တာပဲ။ အထူးသဖြင့် ဘွဲ့က ရုပ်ရှင်မင်းသား ဖြစ်သလို ဦးသော်ကောင်းသမက်က ရုပ်ရှင်မင်းသားဆိုရင် ကိုယ့်ကိုယ်ရေးကိုယ်တာ ဖြစ်လာပြီလေ"

ဘွဲ့က ဘာမှပြန်မပြော။

"သမီးက မင်းနဲ့လက်ထပ်ဖို့ ကိုယ့်ဆီခွင့်တောင်းကတည်းက ကိုယ် သမီးကို ပြောခဲ့တယ်။ မောင်ရင်သာ အနုပညာအလုပ်ကို စွန့်လွှတ်မယ်ဆိုရင် ကိုယ် သဘောတူတယ်လို့ …

"ကျွန်တော့် သမီး မင်းကိုပြောတာ မကြာသေးဘူးထင်တယ်"

တော်လိုက်တာဗျာ ပညာရှိပါဘိ။ အမှန်တရားကို ရအောင်တွေးနိုင်တယ်။ အေးလေ … ဒါကြောင့်လည်း စီးပွားရေးလောကရဲ့ဘုရင်ကြီး ဖြစ်နေတာပေါ့။

www.burmeseclassic.com



"ဟုတ်ကဲ့ ဦး။ မမေ ပြောတာ လေးရက်ပဲ ရှိပါသေးတယ်။ ဝမ်းနည်းပါတယ် ဦး။ ကျွန်တော်က ဒီအလုပ်ကို ဝါသနာပါလွန်းလို့ လုပ်နေတာပါ။ ကျွန်တော် မစွန့်လွှတ်နိုင်ပါဘူး"

"ဒါဆိုရင် သမီးကို စွန့်လွှတ်မယ်ပေါ့"

"လက်ရှိအနေအထားအတိုင်းကို လက်ခံနိုင်မယ်ဆိုရင် ကျွန်တော် မမေကို လက်ထပ်မှာပါဦး"

ဦးသော်ကောင်းက ပြုံးလိုက်သည်။ ဒီလိုပဲ ဖြစ်လာမယ်ဆိုတာ သိပြီးသားလေ။

အရမ်းအောင်မြင်ပြီး နေရာအနှံ့အပြား ရထားတဲ့ Celebrity တစ်ယောက်က သူ့ရဲ့ပိုင်ဆိုင်မှုကို ရုတ်တရက်ကြီး ခါချဖို့ဆိုတာ ? ...။

"ကောင်းပြီ၊ ဒါဆိုလည်း ဒီကိစ္စကို သမီး ဆုံးဖြတ်ပါစေ။ မောင်ရင်နဲ့ကိုယ်က အစွန်းတစ်ဖက်စီ ဖြစ်နေပြီ။ အကယ်၍ သမီးက မောင်ရင့်ကို ရွေးခဲ့ရင် ကိုယ့်ဘဝထဲကနေ သမီးကို ဖြတ်ချခဲ့မှာ။ မောင်ရင် သဘောပေါက်ပါတယ်နော်"





"ဟုတ်ကဲ့၊ ဦးကြိုက်သလိုလုပ်ပါ။ ကျွန်တော်လည်း မမေ အဆုံးအဖြတ်ကိုပဲ စောင့်ပါ့မယ်"

အပြုံးတွေက ချိုသလို စကားလုံးတွေကလည်း ညင်သာပါ၏။ သို့သော် ...။

✤ ❖ ✤

www.burmeseclassic.com



"ရှင် ... ဒယ်ဒီ ဘွဲ့နဲ့တွေ့တယ်"

"ဟုတ်တယ် သမီး၊ သမီး ဆုံးဖြတ်ရခက်နေတယ်ထင်လို့ ဒယ်ဒီကိုယ်တိုင် ခေါ်တွေ့လိုက်တာ"

မေသော် စိတ်ညစ်သွားသည်။ ဒယ်ဒီက ခပ်ပြတ်ပြတ်သမား။ ဘွဲ့တော့ ဘယ်လိုနေသလဲမသိ။ မေသော် လန့်နေပြီ။

"ချာတိတ်က သူ့လောကကို မစွန့်လွှတ်နိုင်ဘူးတဲ့ သမီး"

မေသော် နှုတ်ဆိတ်လျက်ပါပဲ။ မေသော့်မှာ စကားလုံးမှ မရှိတော့တာ။

"ဒယ်ဒီကတော့ ငါ့သမီး စိတ်ချမ်းသာမယ်ဆိုရင် ချာတိတ်ကို လက်ခံပေးနိုင်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့အနုပညာဆိုတာကြီးကိုတော့ ထားခဲ့ရမယ်။ သူ့ဘဝကို ဒီထက်ပိုမြင့်အောင်





ပြီး သမီးနဲ့ လက်ထပ်ပေးလိုက်ရုံပဲ။ ဒါပေမဲ့ ချာတိတ်က ခေါင်းမရှိဘူး သမီးရဲ့။ တံလျှပ်ကိုရေထင်တယ်။ သူ့ရဲ့ နှစ်ပဲတစ်ပြားဝင်ငွေလေးကို မက်ပုံပဲ။ အေးပေါ့လေ သူ့ဝင်ငွေက ဒယ်ဒီတို့အတွက်သာ နှစ်ပဲတစ်ပြား။ သူ့အတွက်တော့ အဟင်း ... သနားစရာပဲ"

"ပိုက်ဆံကြောင့် မဟုတ်ပါဘူး ဒယ်ဒီ။ သူက ဒီအလုပ်ကို ဝါသနာပါတာပါ"

"ဝါသနာ ... ဟက် ... ဟက် ... ဟာသပဲကွာ။ ဝါသနာက အလုပ်တစ်ခုမှ မဟုတ်တာ သမီး။ ဥပမာ ဒယ်ဒီဆိုရင်လည်း ဂေါ့ဖ်ကို အရမ်းရူးသွပ်တာပဲ။ ဒါပေမဲ့ ဒါကြီးကို ပရော်ဖက်ရှင်နယ်လ် ဖက်တွယ်လို့မှမရတာ။ ဝါသနာထက် ပိုကောင်းတဲ့အလုပ်ရှိရင်၊ ဝါသနာကို အပျင်းပြေသဘောလောက်ပဲ ထားသင့်တယ်လေ သမီးရဲ့။ သမီး ချာတိတ်လို မိုက်မဲတဲ့ကလေးမျိုးနဲ့ ငါ့သမီးကို သဘောမတူဘူး။ အဲဒီချာတိတ်အဆင့်နဲ့ ဒယ်ဒီ့သမီး မဖြစ်ပါဘူး။

www.burmeseclassic.com



အေး ... ဖြစ်တယ်ဆိုရင်လည်း သမီးက ဒယ်ဒီ့သမီးမဟုတ်တော့ဘူး"

အတ္တတွေကြီးလိုက်တဲ့ ဒယ်ဒီပါ။ မေသော်သည် ဒယ်ဒီ့ကို ကြောက်လာသည်။

ဘွဲ့ကိစ္စ မရှိခင်ကတော့ ဒယ်ဒီသည် မေသော့်သူရဲကောင်းပါ။

ထက်မြက်ရဲရင့် ပြတ်သားတယ်ဟုပဲ ထင်ခဲ့တာပါ။

ခုတော့ သိပ်ထက်မြက်လွန်းသွားတာလား မသိ၊ ဒယ်ဒီက သိပ်တစ်ယူသန်ဆန်သည်။ အစွန်းရောက်သည်။

ဒယ်ဒီ့ရဲ့ အယူအဆတွေက မေသော့်ကို မွန်းကျပ်စေလာသည်။

ဒယ်ဒီ့သမီး၊ ဒယ်ဒီ့သွေးပါသော မေသော်သည် ဒယ်ဒီ့လို စီးပွားရေးသမား ဖြစ်ခဲ့သော်လည်း ဒယ်ဒီ့လောက်တော့ အစွန်းမရောက်ချင်ပါ။





"သောဘီ စာတတ်ပါတယ်။ သောဘီ့ကို ဒယ်ဒီ လက်ထပ်သင်ပေးထားတာပဲ။ ဒယ်ဒီ အကောင်းဆုံးကို မျှော်လင့်ထားမယ် သမီး။ ကဲ ... သွားနားတော့"

မေသော် အပေါ်ထပ်ကို တက်လာလိုက်သည်။ အင်းလျားကန်ကို မျက်နှာမူထားတဲ့ မေသော့် ညှိခန်းလေးထဲမှာ ခြေပစ်လက်ပစ်။

မေသော် ဘွဲ့ဆီ ဖုန်းတောင်မဆက်ရဲတော့။ မေသော် မချရဲတဲ့ ဆုံးဖြတ်ချက်ကို ဘွဲ့ချသွားမှာစိုး၏။

မေသော် ဘွဲ့နဲ့မဝေးချင်ဘူး။

ထိုအချိန်မှာပဲ ... မေသော့်ဖုန်းက မြည်လာ၏။ ပထမတော့ လန့်သွားသော်လည်း Ring Tone က ဘွဲ့မဟုတ်ကြောင်း သတင်းပို့၏။

မေသော်ရဲ့အချစ်ဆုံးသူငယ်ချင်းဆီကပါ။ အမေရိကားမှာ ကျောင်းသွားတက်နေသာ သူငယ်ချင်း။ ညစဉ်လို face book မှာ စကားပြောနေကြမို့ ဖုန်းမဆက်ဖြစ်ပါ။ ဖုန်းဆက်တယ်ဆိုတော့ ဘာဖြစ်လို့ပါလိမ့်။

www.burmeseclassic.com



"ဟယ်လို … လင်းစု"

"အေး … မေသော်၊ နင့်ကိစ္စကို အကြံပေးချင်တာနဲ့ဆက်လိုက်တာပဲ"

"အေး … ပြော"

"မေသော် … နင် ဘွဲ့ကို စွန့်လွှတ်လိုက်တာ ကောင်းမယ်။ နင့်လို မိန်းမတစ်ယောက်က ရုပ်ရှင်မင်းသားနောက် တကောက်ကောက် လိုက်ပြီးနေရမယ့် အိမ်ရှင်မမျိုးမဟုတ်ဘူး။ ပြီးတော့ နင် စီးပွားရေးလုပ်မယ်ဆိုလည်း နင့်ဘာသာ ဘယ်လိုမှ လုပ်လို့ရမှာမဟုတ်ဘူး။ စီးပွားရေးလောက ထဲဝင်ရင် နင့်အဖေနဲ့လွတ်ကင်းမှာမှ မဟုတ်တာ"

"လင်းစု"

"စွတ်မိုက်ဖို့ မကြိုးစားပါနဲ့ဟာ။ နင် နောင်တရလိမ့်မယ်နော်"

"ဒါပေမဲ့ ငါ ဘွဲ့ကိုချစ်တယ်"



"သူက နင့်ကို မချစ်ဘူးလေ။ ပြီးတော့ နင် သူ့ကို 100% ယုံရဲလို့လား။ သူက နင့်ကို ဦးသော်ကောင်းသမီးအနေနဲ့ ရွေးခဲ့တာဆိုရင် နင် ဘယ်လိုလုပ်မလဲ"

"သူ အဲလိုလူစားမျိုး မဟုတ်ဘူး"

"အေး … နင်ကလည်း ဖျော်ဖြေရေးအသိုင်းအဝိုင်းနဲ့ အပ်စပ်တဲ့သူမျိုး မဟုတ်ဘူး မေသော်ရဲ့။ ငါကတော့ 100% တားတယ်။ နင်ကြိုက်သလို ဆုံးဖြတ်ဟာ။ နင့်ဘဝကို နလုံးသားနဲ့ လဲရဲတဲ့အထိ နင် မိုက်မယ်ဆိုရင်လည်း ရုပ်ရှင်မင်းသားတစ်ယောက်ရဲ့ ရင်ခွင်ဟာ မင်းသမီးတကာ နားလှေ့ရှိတဲ့ ဇရပ်ဆိုတာ မမေ့နဲ့ပေါ့၊ ဒါပဲ"

လင်းစု ဖုန်းချသွားပြီ။ ပြောမနာ ဆိုမနာပီပီ ပြောသွားလိုက်တာ။

www.burmeseclassic.com



ဘွဲ့ပဲ အရင်ဖုန်းဆက်လာပါ၏။

"မမေ ကျွန်တော်တို့ တွေ့ရအောင်။ မမေ အိမ်ကိုတော့ မလာချင်ဘူး။ My Garden ကိုပဲ လာခဲ့ပါ"

ဘွဲ့ရဲ့အသံကိုတောင် ရင်တုန်သည်။ မေသော် မသိမ်းချင်သေးတဲ့ဇာတ်ကို ဘွဲ့က အဆုံးထိဆက်ကတော့မည် ထင်ပါရဲ့။

ဒီနေ့ဟာ ကံမကောင်းရင် မေသော်တို့နှစ်ဦးအတွက် နောက်ဆုံးနေ့လည်း ဖြစ်သွားနိုင်သည်လေ။

**My Garden** မှာ မေသော်ကပဲ ကြိုစောင့်နေလိုက်သည်။ ရောက်ရောက်ချင်း ဘွဲ့နဲ့မျက်နှာချင်းဆိုင်ရမှာထက် ကိုယ်က ကြိုစောင့်နေရတာက စိတ်သက်သာမလားလို့။





တကယ်ပဲ မေသော် အချစ်အတွက် ရူးနေမိပြီထင်ပါရဲ့ကွယ်။

ဘွဲ့က ရှုတင်ဖြုတ်လာပုံပင်။ ဘွဲ့ပုံစံက နွမ်းနယ်နေသည်။

"နေမကောင်းဘူးလား ဘွဲ့လေး"

"စိတ်ပန်း လူပန်း ဆိုပါတော့ဗျာ"

မေသော် ဆက်မကြားရဲတော့။ တကယ်တော့ ဒီဇာတ်လမ်းကို မေသော် စခဲ့တာပါ။

ကော်ဖီတစ်ခွက်စီမှာပြီး ငြိမ်နေမိသည်။ ဘွဲ့က မျက်လုံးစုံမှိတ် ထိုင်နေလျက်က ...

"မမေ"

"ပြောလေ ... ပြော ... ပြောပါ ဘွဲ့လေး"

"မမေ ဘယ်လိုဆုံးဖြတ်ထားလဲ"

"ဘွဲ့ ဆုံးဖြတ်ပြီးလို့ မမေကို ခေါ်တွေ့တာ မဟုတ်ဘူးလား"

www.burmeseclassic.com



"ကျွန်တော် ဆုံးဖြတ်ရမှာ မဟုတ်ဘူးလေ။ မမေ ဆုံးဖြတ်တာကို နာခံရမှာလေ။ အန်ကယ်လ်နဲ့ ကျွန်တော်က ဆိုဒ်ခြင်းမတူတော့"

"ဘွဲ့လေး"

"ကျွန်တော်က မမေနဲ့ လူသိရှင်ကြား စေ့စပ်ထားတာလေ။ ကျွန်တော်တို့ အဆင်မပြေရင် မမေက မိန်းကလေးဆိုတော့ ပိုနစ်နာတယ်။ ကျွန်တော့်ကြောင့် မနစ်နာစေချင်ဘူး၊ ဒါပေမဲ့ ကျွန်တော့်ကို လက်ထပ်ရင်လည်း မမေ စွန့်လွှတ်ရမှာက အများကြီး။ အထူးသဖြင့် အန်ကယ့်လ်ကို စွန့်လွှတ်ရမယ်။ အဲလိုလည်း မဖြစ်စေချင်ဘူး"

"မေသော် ဘာပြောရမှန်း မသိတော့ပါဘူး"

"မဆုံးဖြတ်ရသေးဘူးပေါ့"

"အင်း"

"တစ်ခုတော့ပြောမယ် မမေ။ မမေ ကျွန်တော့်ကိုလက်ထပ်မယ်ဆိုရင် အနုပညာကိစ္စကလွဲရင် ကျန်တာတော့





မမေ စိတ်ချမ်းသာအောင် ထားပါ့မယ်။ ကျွန်တော့်ဘက်ကတော့ ဒီလောက်ပဲ ပြောနိုင်ပါတယ်"

"ဘွဲ့လေးရယ်"

ထိုစဉ်မှာပဲ သူတို့ဝိုင်းကို ချောကလက် ရောက်လာ၏။

"ကိုကြီး"

"ဩော် ... ချောကလက်"

မေသော်သည် ငယ်သွေးကြွပြီး တက်ကြွဖျတ်လတ်နေသော ဆယ်ကျော်သက်မလေးကို အစုမှ အနီးကပ်မြင်ဖူးတာပင်။ သူမက မေသော်လို မချောဘဲ ချစ်စရာကောင်းသည့် ရုပ်မျိုးလေးနဲ့ ကလေးသာသာရယ်ပါ။

ချောကလက်ကလည်း မင်းသားရဲ့မဒီကြီးကို ကပ်ရှိုးနေမိသည်။ မသိမသာပေါ့။ ပြီးတော့ ဟန်ဆောင်ကောင်းတဲ့ မင်းသားကိုလည်း နည်းနည်းကျွေးချင်သည်။ သူ့မဒီကြီးနဲ့ဆုံသခိုက်လေး ကျွေးရတာ့။

www.burmeseclassic.com



"ချောကလက် ရွှေတိဂုံကို သွားသေးတယ်၊ ကိုကြီးကိုမတွေ့လို့"

"အင်း ... ဒီနေ့ စောစောပြတ်တာနဲ့"

"ဒါတောင် ချောကလက်ကို ဖုန်းမဆက်ဘူး။ ကိုကြီးနော် ခုတလော ပစ်ထားတယ်နော်။ ချောကလက် လိုက်ရှာနေတဲ့ အချိန် ကိုကြီးကတော့ ..."

ချောကလက် ငိုမဲ့မဲ့လေး ဖြစ်နေတော့သည်။ ဘွဲ့ရင်ထဲမကောင်း။ ချောကလက်က အက်ရှင်ရတာကိုး။ ဒါပေမဲ့ မေသော်ကတော့ မြွှေမြွှေချင်း ခြေမြင်သည်။

အထာကြီးကြီးနဲ့ heart မပါသောစကားလုံးတွေ သွင်းနေတာ။

သေချာပြီ။ ဒီကောင်မလေး တမင် ဘွဲ့ကို ချူနေတာ။

မိမိရဲ့ပြိုင်ဘက်တစ်ယောက်လို ဖြစ်နေလို့ မကောင်းမြင်တာ မဟုတ်ပါ။





မေသော်ရဲ့လှုကဲဓော်ပါဝါက အားကောင်းသည်လေ။

ဘွဲ့ကတော့ ချစ်သူနဲ့ လက်ထပ်ရမည့်သူကြားမှာ မနေတတ်သလို ဖြစ်နေသည်။ ဟိုဘက်ရော ဒီဘက်ပါ အားတွေနာကာ ကိုယ့်လိပ်ပြာ ကိုယ်မနိုင်ဘဲ အပြစ်ရှိသူလို ခံစားနေရသည်။

"ချောကလက် ဒီနားက တက္ကစီနဲ့ ဖြတ်သွားရင်း ကိုကြီးကားတွေ့လို့ ဝင်လာတာ၊ ပထမတော့ ဖုန်းဆက်မလို့ဘဲ၊ ဆက်မရလို့။ ပြီးတော့ ဟို ... တွေ့ချင်တာနဲ့"

စကားမဆက်ရဲသလိုလိုနဲ့ ဖြတ်လိုက်ပုံက ပိုင်ပါပေ့။

"မအားရင် သွားတော့မယ်နော် ကိုကြီး"

ဘွဲ့ ဘာမှမပြောရသေးခင် ချောကလက်က ထွက်သွားသည်။ ဆက်နေလို့လည်း သူ့ဇနီးလောင်းကို ထားခဲ့ပြီး ကိုယ့်နောက်ပါလာမှာမှ မဟုတ်တာ။ သို့သော် ...

"နေဦး ညီမလေး"

ချောလက်ခြေလှမ်းတွေတန့်ပြီး လှည့်ကြည့်တော့ ...

"ပြီးရင် လိုက်ပို့ပေးမယ်လေ"

www.burmeseclassic.com



"ရတယ် ကိုကြီး ... အေးဆေး"

ပြောပြီး ထွက်သွားလိုက်၏။ ဆက်မနေရဲတာ ဟိုမိန်းမရဲ့မျက်လုံးတွေက စူးရှလွန်းလို့။

မသော်က ဘာမှမပြောဘဲ ကြည့်နေသဖြင့် ...

"ခင်တဲ့ ညီမလေးပါ"

"သူ့ကို စီးရီးစ်ထုတ်ပေးနေတာ မမေ သိပါတယ်"

တိတ်ဆိတ်နေသည်။ အသံမဲ့နေပေမယ့်။

ကိုယ့်ပြဿနာနဲ့ကိုယ်တောင် ပူနေတာ။

"မမေတို့ ပြန်ရအောင် ဘွဲ့လေး"

"မမေ ... သူနဲ့ကျွန်တော့်ကို ဂျာနယ်တွေမှာ သိပြီးရောပေါ့။ တကယ်တော့ ကျွန်တော်တို့က ရိုးရိုးသားသားပါ၊ ဝါသနာထက်သန်နေတာလေးကို ဖြည့်ဆည်းပေးချင်လို့"

"ရှင်းပြစရာ မလိုပါဘူး ကလေးရယ်"

ရှင်းပြပြီဆိုကတည်းက ရှင်းစရာအဆင့် ဖြစ်နေလို့ပေါ့။

✤ ✤ ✤





ညဘက်မှာ ချောကလက်ဆီက ဖုန်းဝင်လာ၏။

"ကိုကြီး စီဒီဖြန့်ဖို့ ရက်ရပြီ"

"ဟုတ်လား ... ဘယ်နေ့လဲ"

"ကိုကြီးမွေးနေ့မှာ ဖြန့်မယ်"

"ဟင် ... ကိုယ့်မွေးနေ့ကို သိလို့လား"

"သိတာပေါ့၊ သိအောင် စုံစမ်းထားတာ"

"ကိုယ်မွေးနေ့ကို မေမေနဲ့ ဖိုးခွားပဲ သိတာ။ ညီမလေးက ဘယ်လိုလုပ်ပြီး"

"မမေးနဲ့ မပြောပြဘူး"

"ထားပါ။ ဒါဆို happy world မှာ ရက်ရပြီဆိုတော့ ဖြန့်ရုံပဲပေါ့"

www.burmeseclassic.com



"ဟုတ်။ ချောကလက် ရင်တွေအရမ်းခုန်တာပဲ သိလား။ ချောကလက် ဖြစ်မှာပါနော် ကိုကြီး"

"ဖြစ်မှာပါ၊ ဒါပေမဲ့ အနုပညာအလုပ်ဆိုတာ စန်းတော့ လိုတယ်၊ ဘယ်လောက် ကြိုးစားပါစေ၊ စန်းမရှိရင်တော့ တရွေ့ရွေ့ပဲ ရွေ့ရတာပဲ"

"ချောကလက် စန်းရှိပါ့မလား"

"ရှိမှာပါ၊ ငါ့ညီမရယ်"

"ဒါပဲနော် ... အဲဒီနေ့ကိုတော့ ချောကလက်ကို ပေးရမယ်။ ကိုကြီး အလုပ်ရှိရင်လည်း ဖျက်လိုက်တော့"

"အဲဒါက ကိုကြီး ပြန်ကြည့်ရဦးမယ်"

"ဟာ ... မသိဘူးနော်။ ကိုကြီး ကောင်းမှုကြောင့် ချောကလက် စီးရီးစ်ထွက်ခွင့်ရတာ။ ကိုကြီးမလာရင်တော့ ချောကလက်လည်း လက်မှတ်ထိုးပွဲ မလုပ်တော့ဘူး"

"ညီမလေး"





"ချောကလက်ကို နောက်ဆုံးအခွင့်အရေးလေး မပေးနိုင်ဘူးလား ကိုကြီး။ ချောကလက်ရဲ့အိပ်မက်တွေ အကောင်အထည်ပေါ်နေတဲ့နေ့မှာ အဲဒီအိပ်မက်ကို ဖြစ်အောင်ဖန်ဆင်းပေးတဲ့ ကိုကြီးကို အနားမှာရှိစေချင်တယ်"

"ကဲပါ ... ကိုကြီး လာပါ့မယ်"

"ဟေး ... ဒါမှ ကိုကိုကြီး"

ပျော်ပါစေ။ ချောကလက်က သူ့ကို ဘယ်လိုပဲ သဘောထားထား။

နောက်ဆုံး အချူဖယားခင်းသွားရင်တောင် သူက ကျေနပ်ပါသည်။

သူ ချောကလက်ကို ချစ်သည်လေ။

"သားရေ ... မေသော်လေးဆီက ဖုန်းလာတယ်"

"ဟုတ်ကဲ့ မေမေ။ ချောကလက် ဒါပဲနော်၊ ကိုကြီး အလုပ်ရှိသေးလို့"

"ဟုတ်"

www.burmeseclassic.com



ချောကလက်နဲ့ပြောသောဖုန်းကိုပိတ်ပြီး နောက်ဖုန်းတစ်လုံးကို ကောက်ကိုင်ရသည်။

"ဟဲလို ... မမေ"

"ဘွဲ့"

"ဟုတ်ကဲ့ မမေ ပြောလေ"

"တို့ အထပ်ထပ် စဉ်းစားပြီးမှ ဒီစကားကိုပြောမှာနော်"

"ပြောပါ မမေ"

"တို့ ဘွဲ့ကို လက်ထပ်မယ်"

သူ ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ။

"ဘွဲ့"

"ဟုတ်ကဲ့ ... ကျွန်တော် အမြန်ဆုံး စီစဉ်လိုက်ပါမယ်"

"နေဦး ကလေး။ တို့စကား မဆုံးသေးဘူး။ တို့ ဘွဲ့ကို လက်ထပ်မယ်။ ဒါပေမဲ့ ဘွဲ့ဘက်က တို့ကို တစ်ခုပဲလိုက်လျောပေး"





"ရတယ် မမေ။ အနုပညာအလုပ်ကို စွန့်လွှတ်ပါ ဆိုတာကလွဲရင် ဘာပဲဖြစ်ဖြစ် ကျွန်တော် လုပ်ပေးမယ်"

"တို့ ယုံပါတယ်၊ ဒီနေ့ကစပြီး ချောကလက်ဆိုတဲ့ကောင်မလေးနဲ့ အဆက်အဆံ ဖြတ်ပေးပါ ကလေး။ တကယ်လို့ သူနဲ့ အလုပ်ကိစ္စမပြတ်သေးရင် တို့ ဆက်လုပ်ပေးမယ်"

"မမေ"

"ဘွဲ့သာ အဲဒီကလေးမနဲ့ အဆက်အသွယ်ဖြတ်ပေးရင် တို့ စေ့စပ်ထားတာကို ပြန်ဖျက်စရာ မလိုတော့ဘူး။ ဘယ်လိုလဲ ? "

❖ ❖ ❖

www.burmeseclassic.com



ဘွဲ့ရဲ့မွေးနေ့။

မနက်ပိုင်းမှာ City Star ဟိုတယ်မှာ ချောကလက်ရဲ့တေးစီးရီးစ် မိတ်ဆက်ပွဲ။ နေ့ခင်းပိုင်း Happy World မှာ လက်မှတ်ထိုးပွဲ။

ချောကလက်ကတော့ ပျော်ရွှင်နေ၏။ ခုဆို ရန်ကုန်မြို့အနှံ့ ထောင်ထားသော Billboard တွေကြောင့် ချောကလက်စီးရီးစ်ထွက်မှာကို အဆောင်တစ်ခုလုံးသိကာ အုန်းအုန်းကြွက်ကြွက်။

အားလုံးက ချောကလက်အကြောင်း သိနေတာမို့ ချောကလက်စီးရီးစ်ထွက်ရေး ဘယ်လိုအဆင်ပြေသွားလဲ သိချင်သူက မနည်း။





ချောကလက်က မပြောပါ။

လက်မှတ်ထိုးပွဲကြမှ သင်းတို့ ပိုအံ့သြအောင်လုပ်မှာ။ ဘွဲ့ရဲ့ဘေးမှာ လှလှပပကလေး ထိုင်ပြလိုက်ရင် အနည်းဆုံးတော့ သူမအတွက် အရှိန်တစ်ခုရတာပဲလေ။ ခုတောင် ဘွဲ့နဲ့တွဲပြီး သူမကို သိသူတွေရှိနေပြီ။ ဂျာနယ်တွေရဲ့ကောင်းမှုကြောင့်လေ။

အဆောင်ကထွက်ကာနီးတော့ ဘွဲ့ကိုဖုန်းလှမ်းဆက်လိုက်သည်။

ဘွဲ့ကို လာကြိုခိုင်းရမည်။ ပြီးတော့ အလှပြင်ဆိုင်သွားမယ်။ အလှဆုံး ပြင်ရမယ်။ ဂျာနယ်ဇင်းသမားတွေ အများကြီး ဖိတ်ထားတယ်လေ။ ဂျာနယ်ဇင်းသမားတွေ ဓာတ်ပုံရိုက်ရင် အလှဆုံးဖြစ်အောင်လို့။

"ကိုကြီး ... ချောကလက်ကို လာကြိုနော်။ ချောကလက် အလှသွားပြင်ရဦးမယ်။ ပြီးမှ City Star ကို အတူတူသွားမယ်လေ"

www.burmeseclassic.com



"အေး ... အေး"

တကယ်တမ်း ကားရောက်လာတော့ ဘွဲ့ကားမဟုတ်ဘဲ တခြားကားတစ်စီး ဖြစ်နေသည်။

"ချောကလက်ရေ ... နင့်ကို လာကြိုတာတဲ့"

ကားမောင်းသူကိုလည်း ချောကလက် မသိ။

"ရှင်က ..."

"ဟုတ်ကဲ့ ... ဒီက ညီမကိုကြိုဖို့ ကိုဘွဲ့ လွှတ်လိုက်တာပါ"

"ကိုဘွဲ့"

"ဟုတ်ကဲ့"

ချောကလက် ကိုကြီးဆီ လှမ်းဆက်တော့ ...

"ဟုတ်တယ်၊ ကိုယ်လွှတ်လိုက်တာ၊ ကိုယ် မအားလို့ကွာ"

"ဒါဆို ကိုကြီးက မလာဘူးပေါ့"

"အတတ်နိုင်ဆုံး လာဖို့ကြိုးစားပါမယ်"

"အို ... မသိဘူး ... မသိဘူး။ ကိုကြီးလာခဲ့"





"တကယ်မအားလို့ပါကွာ။ ဒါပဲနော် ညီမလေး"

ဖုန်းကိုအပြီးပိတ်သွားသဖြင့် ပြန်ဆက်လို့မရတော့။ ချောကလက် ဘာလုပ်ရမှန်း မသိတော့။

ဘွဲ့လာမှ ဘွဲ့နဲ့အတူတွဲပြီး ဂျာနယ်တွေထဲပါမှ နာမည်တက်မှာကို။

ကားပေါ်တက်လိုက်ရတော့သည်။

"ဒီနေ့ တစ်နေကုန် ညီမသွားချင်တဲ့ဆီ ပို့ပေးဖို့ ကိုဘွဲ့ မှာထားပါတယ်"

ချောကလက် တင်းနေသည်။ ကားသမားကို ဘာမှ ပြန်မပြောတော့။

အလုပ်ပြင်ပြီး City Star ကိုသွားသည်။ ပွဲမစခင် အရင်သွားပြီး စာနယ်ဇင်းသမားတွေကို ကြိုရသည်။ ကိုယ်က အသစ်လေ။ ဒီလို အမိုးကျိုးထားမှ လူချစ်လူခင်များမည် မဟုတ်လား။

"ကွန်ဂရက်ကျူလေးရှင်း ညီမလေး"

www.burmeseclassic.com



"ဟင်"

ဒေါ်မေသော်ကောင်းပါလား။ သူက ဘာလာလုပ်တာလဲ။

ချောကလက် ဘာပြောရမှန်းမသိ။ ချောကလက်တော့ မဖိတ်မိဘူး ထင်ပါရဲ့။

ကျေနော့် ကိုကြီး ဖိတ်ထားတာများလား။

"မမေ အရင်လာနှင့်တာ။ ခဏနေရင် ဘွဲ့လေး လာလိမ့်မယ်"

"ဟုတ်ကဲ့"

"မမေ ဘယ်မှာထိုင်ရမလဲ"

အဲဒါမှ ဒုက္ခ။ Sitting Plan က ချပြီးသား။ ထိုထဲမှာ ဒေါ်မေသော်ကောင်းမပါ။ သို့သော် ဒေါ်မေသော်ကောင်းသည် ကိုကြီးနဲ့ပတ်သက်ရင် VIP ဖြစ်နေသည်။

ဘယ်မှာနေရာချရမလဲ။





ကိုကြီးကို ချောကလက်ရဲ့ဘေးမှာထားဖို့ စီစဉ်ထားတာကိုရော ဘယ်လိုလုပ်ရမလဲ။

"ဆောရီး ... မမ ပါလာမယ်မှန်း မသိတာနဲ့။ VIP ဝိုင်းမှာ ထိုင်ပါ မမ"

"ပရိဂျူဆာထိုင်ဖို့နေရာ စီစဉ်ထားလား ညီမ"

ဒါကရော ဘာစကားလဲ။ ဘွဲ့ ဘယ်မှာထိုင်မလဲလို့ မေးလိုက်တာနဲ့ အတူတူပဲမို့လား။

"ပရိဂျူဆာနေရာကတော့ ချောကလက်ဘေးမှာ စီစဉ်ထားတယ် မမ။ ထိပ်ဆုံးက စားပွဲရှည်မှာပါ။ စာနယ်ဇင်းသမားတွေ အင်တာဗျူးရင် ဖြေရမှာဆိုတော့လေ"

"အိုခေ ... တို့ အဲဒီမှာ ထိုင်လိုက်မယ်"

"ရှင်"

"ဘွဲ့လေးက အလုပ်ရှုပ်နေလို့ ဒီကိစ္စကို တို့ကိုလွှဲထားတယ် ညီမလေး။ နောက်ပိုင်း ညီမလေး စီးရီးစ်ကိစ္စနဲ့ ပတ်သက်ရင် တို့ပဲ လုပ်ရတော့မယ်"

www.burmeseclassic.com



"ရှင်"

"သူက သူ့အလုပ်နဲ့သူ လည်နေတာဆိုတော့ ညီမလေးကို အာရုံအပြည့်မစိုက်နိုင်မှာစိုးလို့ ထင်ပါတယ်"

ချောကလက်ရင်ထဲ တင်းကျပ်သွား၏။ ဒါ ဘာသဘောလဲ။ ဘာသဘောနဲ့ ဒီလိုလုပ်တာလဲ ? ။

"ပြီးတော့ ဒီနေ့ပွဲမှာ ညီမလေးရဲ့ပရိဂျူဆာက မမေပဲ။ သဘောပေါက်တယ်နော်"

ချောကလက် တော်တော်စိတ်တိုနေပြီ။ ဘာမှမတတ်နိုင်။ ချည့်သည်တွေက တဖွဲဖွဲရောက်လာနေပြီ။

သို့သော် ချောကလက်ရဲ့ Target က ဘွဲ့မှမဟုတ်တာလေ။ စီးရီးစ်ထုတ်ဖို့ပဲလေ။

အခု စီးရီးစ်ထုတ်နိုင်ပြီပဲ။ ဘွဲ့လာလာ မလာလာ သိပ်အရေးမကြီး။ ဒါပေမဲ့ ဘာလဲ။ ဘွဲ့က သူမကို ဘယ်လိုဆက်ဆံနေတာလဲ။





သူမကို ကစားတာလား။ သူမက သွန်ချင်တိုင်းသွန်လို့ရမယ့် ရေတစ်ခွက်လား။

တွေ့ကြသေးတာပေါ့။

✤ ◈ ✤

www.burmeseclassic.com



ဘွဲ့ရောက်မလာခဲ့ပါ။ စာနယ်ဇင်းမိတ်ဆက်ပွဲစတဲ့အထိ ဘွဲ့ရောက်မလာပါ။

ချောကလက်ရဲ့ဘေးမှာ ဒေါ်မေသော်ကောင်း ထိုင်နေသဖြင့် မီဒီယာသမားတွေ မျက်စိလည်ကုန်ကြသည်။

တစ်ယောက်က ဘွဲ့နဲ့စေ့စပ်ထားတဲ့သူ။ တစ်ယောက်က ဘွဲ့နဲ့ ကောလာဟလ ထွက်ထားတဲ့သူ။

ဘွဲ့ကတော့ မရှိ။

ပွဲစတော့ စာနယ်ဇင်းဘိုးအေကြီးတစ်ဦးက အဖွင့်အမှာစကား ပြောပေးသည်။

ပြီးတော့ ပရိုဂျူဆာက ဒီအခွေနဲ့ အဆိုတော်ကို စာနယ်ဇင်းသမားတွေနဲ့ မီဒီယာလောကကို အပ်သည်။





ဒေါ်မေသော်ကောင်းသည် စီးပွားရေးသမားပီပီ စကားပြောကောင်းသည်။ စကားကို ပွိုင့်ထိထိ ပြောတတ်သည်။

မီဒီယာတွေကျအောင် ပြောတတ်သည်။ သူမကိုဘွဲ့နဲ့စေ့စပ်ထားသူအဖြစ် သိထားကြသော ဂျာနယ်လစ်တွေက ရတဲ့အခွင့်အရေးကို အမိအရ ဗျူးကြသည်။

ဒေါ်မေသော်ကောင်းကလည်း ကြေညာပါ၏။ သူမနဲ့ ဘွဲ့တို့ရဲ့မင်္ဂလာပွဲကို မကြာခင် ကျင်းပတော့မည့် အကြောင်းပေါ့။

မီဒီယာသမားတွေကလည်း ဘာမှမဟုတ်သေးတဲ့ အဆိုတော်သစ်လေးထက် ဘွဲ့ရဲ့ဇနီးလောင်းကို ဗျူးခွင့်ရဖို့ပဲ အလုအယက် တန်းစီနေကြသည်။

ဘွဲ့ရဲ့ဇနီးလောင်း။ အောင်မြင်တဲ့ လုပ်ငန်းရှင်ကြီးရဲ့သမီး။

မေသော်ကောင်းရဲ့ဘေးမှာ ချောကလက် ထိုင်နေလျက် ပျောက်သွားသလို ခံစားရ၏။

www.burmeseclassic.com



ငုပ်သွားပြီ။

လမင်းဘောက ပိုးစုန်းကြူးပမာ ဘယ်လိုမှကို ယှဉ်လို့မရတာ။

ချောကလက်သည် ခုမှ ကိုယ့်အနေအထားကို ကောင်းကောင်းသိသွားသည်။

မေသော်ကောင်းကို တစိမ့်စိမ့် မနာလိုကာ အားလည်းကျလာသည်။ ပြီးတော့ မေသော်ကောင်း နေရာကို ထိုင်ချင်လာသည်။

ချောကလက်ကို စီးရီးစ်တစ်ခွေ ထုတ်ပေးရတာလောက်ကတော့ ဘွဲ့အတွက် ဘာမှပြောပလောက်မှာမဟုတ်။

ဒါကို ချောကလက်က ဟုတ်လှပြီ ထင်နေတာလေ။

City Star မှာ ပြီးတော့ Happy World ကိုကူးရသည်။

ဒေါ်မေသော်ကောင်းပဲ ပါလာသည်။ ဘွဲ့က လုံး၀ လိုက်မလာပါ။



ဒေါ်မေသော်ကောင်း အလစ်မှာ ဘွဲ့ဆီဖုန်းဆက်တော့ ဖုန်းပိတ်ထားသည်။ ချောကလက် စိတ်တိုလိုက်တာကွယ်။

လက်မှတ်ထိုးပွဲမှာ ထင်ထားတာထက် ပိုရောင်းရသည်။

တစ်ရက်တည်းနဲ့ တော်တော်ပေါက်သွား၏။ Happy World မှာ လက်မှတ်ထိုးပွဲပြီးတော့ ဒေါ်မေသော်ကောင်းက ...

"ကဲ ... အားလုံးကို မမေ မဟာဌာနီးမှာ ကျွေးမယ်"

ချောကလက်တို့ မဟာဌာနီးထဲဝင်တော့ အထဲမှာ ချောကလက်ရဲ့သီချင်းခွေကို ဖွင့်ထားသည်။

ချောကလက်ရင်ထဲ စိမ့်နေအောင် ပီတိဖြစ်ရသည်။

အပြန်လမ်းတစ်လျှောက် လက်ဖက်ရည်ဆိုင်တွေမှာလည်း ချောကလက်ရဲ့သီချင်းသံလေးတွေ ပျံ့လွင့်လျက်။

✤ ◆ ✤

www.burmeseclassic.com



ပြုန်း

ဦးသော်ကောင်း ရှေ့မှာ ဂျာနယ်တွေ အပုံလိုက်ပဲ။ ဦးသော်ကောင်းရဲ့ဒေါသတွေလည်း ငယ်ထိပ်ကို တက်ဆောင့်နေသည်။

ဂျာနယ်တွေရဲ့ အဆိုအရဆိုရင် သမီးက ဘွဲ့ကို ရွေးလိုက်တဲ့သဘောပေါ့။

မေသော်ကောင်းက အစည်းအဝေး လုပ်နေသဖြင့် ဖုန်းဆက်မရသေး။

ပြီးရင်တော့ သားအဖတွေ တွေ့ကြိုပြီပေါ့။

ဦးသော်ကောင်း ဒေါသတွေမပြေခင် မေသော်ဆီက ဖုန်းဝင်လာသည်။





"ဟဲလို ဒယ်ဒီ"

"သမီး ... ဒယ်ဒီ ဂျာနယ်တွေဖတ်ပြီးပြီ"

"ဟုတ်ကဲ့ ... သမီးကိုခွင့်လွှတ်ပါ ဒယ်ဒီ"

"ရတယ် ... သမီး အခု ရုံးကကိစ္စဝိစ္စ အားလုံးစပြီးရှင်းလင်းတော့၊ ပြီးရင် သမီးသွားလို့ရပြီ၊ တစ်ခုတော့ပြောမယ်၊ ဒယ်ဒီ သမီးကို ဘာမှလက်မဖွဲ့နိုင်တဲ့အတွက် စိတ်မကောင်းဘူး"

"ဟုတ်ကဲ့ပါ ဒယ်ဒီ။ သွားခွင့်ပေးတာကိုပဲ ကျေးဇူးတင်ပါတယ်။ ဒယ်ဒီ့ကို ထားခဲ့တာ မဟုတ်ပါဘူး ဒယ်ဒီ"

"အေး ... ဒယ်ဒီကလည်း နင်မထုတ်ပါဘူး သမီး။ သောဘီ စိတ်ကြိုက်ရွေးသွားတာပါ။ ဒါပဲ သောဘီ၊ ဒယ်ဒီ ခေါင်းကိုက်နေလို့"

ဒယ်ဒီ ဖုန်းချသွားပြီ၊ မေသော် တော်တော်စိတ်မကောင်း ဖြစ်သွား၏။

နောက်ဆုံးတော့ ဒယ်ဒီ တ‌ာယ်ပဲ မေသော့်ကိုနင်ပြီ။

www.burmeseclassic.com



ဘွဲ့ဆီကို ဖုန်းဆက်လိုက်သည်။ ရှတင်ပြီးရင် သူမကို လာခေါ်ဖို့ ပြောလိုက်သည်။

ဘွဲ့က ရုံးဆင်းချိန်တောင် ရောက်မလာ။ သူမရုံးက မပြန်ဘဲ ဆက်စောင့်နေသည်။ ညရှစ်နာရီမှ ရောက်လာခဲ့၏။

တစ်ရုံးလုံးမှာ ရုံးစောင့်နဲ့ သူမ စက္ကတေရီပဲ သူမနဲ့အတူ ရှိတော့သည်။

"မျက်နှာမကောင်းဘူး၊ ဘာဖြစ်လဲ မမေ"

ဆာကုရာတာဝါက သီရိပဗ္ဗယာမှာ ကော်ဖီသောက်ရင်း ဘွဲ့ကမေးလာ၏။ သူမ အကျိုးအကြောင်း ရှင်းပြလိုက်သည်။ ပြီးတော့ မျက်ရည်တွေလည်း ဝဲလာ၏။ မျက်ရည်မကျအောင်ဘဲ ထိန်းနိုင်၏။ မျက်ရည်မဝဲအောင်တော့ မလုပ်တတ်။

မေသော်ကောင်းရဲ့ ရာဇဝင်မှာ မျက်ရည်ဝဲတယ်ဆိုတာတောင် လက်ချိုးရေလို့ ရတယ်လေ။

ဘွဲ့က မမေရဲ့လက်ဖဝါးလေးကို ဖွဖွကလေးဖိထားပြီး ...





"မမေ ကျွန်တော့်ကို ရွေးခဲ့တဲ့အတွက် နောင်တ မရစေရပါဘူး။ မမေရဲ့အနေအထားကနေ ကျွန်တော့်လိုလူအတွက် အရာအားလုံးကို စွန့်ခဲ့တာ တော်ရုံမေတ္တာမဟုတ်မှန်း ကျွန်တော် သိပါတယ်။ မမေ စိတ်ချမ်းသာအောင် ထားပါ့မယ်"

"ဘွဲ့စကား ကြားရတာနဲ့တင် ကျေနပ်နေပါပြီ ဘွဲ့လေးရယ်။ ဒါပေမဲ့ မမေ ရင်ထဲမှာ မကောင်းဘူး။ မမေမှာ ဆွေမျိုးရင်းချာဆိုလို့ ဒယ်ဒီ တစ်ယောက်ပဲရှိတာ"

"ဪ ... မမေရယ်၊ မိဘနဲ့သားသမီး သက်ဆုံးတိုင် ပြတ်စဲတယ် မရှိပါဘူး။ တစ်နေ့တော့ စိတ်ပြေသွားမှာပါ"

"မထင်ဘူး ဘွဲ့လေး။ ဒယ်ဒီ့စိတ်ကို မမေ အသိဆုံး။ ဒယ်ဒီက သွေးသိပ်အေးတာ"

"စိတ်မကောင်း ဖြစ်တာတော့ဖြစ်ပေါ့ မမေ။ ကျန်းမာရေးလည်း ဂရုစိုက်နော်။ ပြီးတော့ အခု ကျွန်တော်တို့ကိစ္စကို မမေ ဘယ်လိုစီစဉ်ချင်လဲ။ မမေ လုပ်ချင်တာသာပြော။

www.burmeseclassic.com



မမေ စိတ်တိုင်းကျ စီစဉ်ပေးမယ်။ အခု အန့်ကယ်က အလုပ်တွေ လွှဲနိုင်းပြီဆိုတော့ နေတော့ရော”

“မမေကပဲ အလိုက်သိသိနဲ့ ထွက်လာရတော့မှာ။ လောလောဆယ် မမေတို့ လက်မထပ်ခင် အပြင်မှာ ခဏငှား နေရမှာပေါ့”

“ငှားနေမယ်။ တစ်ယောက်တည်း ငှားနေမှာလား”

“အင်းပေါ့”

“ဖြစ်နိုင်ရင် ကျွန်တော့်အိမ်ကိုပဲ တစ်ခါတည်း ပြောင်းခဲ့ပါလား။ မမေ အိမ်ကိုပြောင်းလာတဲ့နေ့ပဲ တစ်ခါတည်း လက်မှတ်ထိုးလိုက်မယ်။ ပြီးမှ ညစာစားပွဲကျင်းပရင်ရော။ အပြင်မှာ တစ်ယောက်တည်း ငှားနေဖို့တော့ စိတ်မချဘူး”

“ဘွဲ့လေး ကောင်းမယ်ထင်သလိုသာ စီစဉ်ပါ”

“ဒါဆို လောလောဆယ် လက်မှတ်ထိုးဖို့ အမြန်ဆုံးစီစဉ်ကြတာပေါ့”





မေသော်ကောင်းက ပီတိပြည့်သောအပြုံးတွေ ဝေဆာစွာနှင့် ခေါင်းညိတ်လိုက်သည်။ သူမ လူရွေးမမှားပါ။ ဘွဲ့မှာ ယောကျာ်းပီသတဲ့စိတ် အပြည့်ရှိသည်။

နှလုံးသားကို အလိုလိုက်ခဲ့ပေမယ့် သူမ စိတ်ချမ်းသာရမှာပါ၊ ချောကလက် ကိစ္စတုန်းကလည်း သူမဆန္ဒကို လိုက်လျောတာပဲလေ။

“ဘွဲ့လေး”

“ဗျာ”

“မမေတို့ တစ်သက်လုံး မခွဲကြေးနော်”

“ကတိပေးပါတယ် မမေ”

ဘွဲ့ရင်ထဲမှာ နှလုံးသားတွေမှာ တစစီကြေသွားလား ? ။

✤ ❖ ✤

www.burmeseclassic.com



ချောကလက်ရဲ့စီးရီးစ် အရမ်းကိုပေါက်သွားပါပြီ။

အဆိုတော် ချောကလက်က နေ့ချင်း ညချင်း နာမည်ကြီး အဆိုတော်၊ ရှိုးတိုင်းကျော် အဆိုကျော်ကြီး ဖြစ်သွားသည်။

ဘွဲ့ရင်ထဲမှာ ကျေနပ်သွားသည်။

သူချစ်တဲ့ကောင်မလေးကို သူမ အဖြစ်ချင်ဆုံးအရာကို ပိုင်ဆိုင်ခွင့်ပေးလိုက်ရတဲ့အတွက် ကျေနပ်ပါသည်။

အချစ်ကို စွန့်လွှတ်လိုက်ရပေမယ့် ပေးဆပ်ခွင့်ရလိုက်သဖြင့် ဖြေသာပါသည်။

သူ့ကြောင့် ဦးတည်ချက်ပျောက်ပြီး မြို့ကိုပြန်ပြေးတော့မည့် မိန်းကလေး။





သူနဲ့ ကောလာဟလတွေထွက်ပြီး နစ်နာရသူလေး။

ထိုကောလာဟလကိစ္စကိုလည်း မမေက ဝင်ဖြေရှင်းသွားသဖြင့် အဆင်ပြေသွား၏။

ကောင်မလေးကို ဘွဲ့က စီးရီးစ်ထုတ်ပေးတာကို သို့လော သို့လော တွေးကြသူတွေ တကယ်တမ်း ကောင်မလေးရဲ့ပရိုဂျူဆာက မမေဆိုတာ သိလိုက်ရတော့ ဘာကောလာဟလမှ ဆက်မရေးကြတော့။

ချောကလက်အပေါ် ဘွဲ့တာဝန်ကျေသည်ဟုပဲ ထင်ပါသည်။

သို့သော် ...

မကျေနပ်နိုင်သူက ချောကလက်ပါ။

ချောကလက်သည် ကိုကြီးဖုန်းကို တဂွမ်ဂွမ်ဆက်သည်။ ကိုကြီးက မကိုင်ပါ။ ဖုန်းပိတ်ထားတာများ၏။ ဖုန်းဖွင့်ချိန်ဆက်တော့လည်း မကိုင်။

ရက်စက်မှုအပေါင်း သရဖူဆောင်းပြီ ထင်ပါရဲ့။

www.burmeseclassic.com



ခုဆို စီးရီးစ်ကိစ္စနဲ့ပတ်သက်ရင် မမေသော်ကောင်းနဲ့ပဲ ပြောနေရသည်။

ချောကလက်သည် လွတ်တဲ့ငါးကို ကြီးနေမိပြီ။

ဘွဲ့ဘေးကနေရာကို လိုချင်ပါပြီဆိုမှ ဘွဲ့ကရောင်ထွက်သွားပြီ။

ဒါပေမဲ့ ချောကလက်ပဲလေ။ လွယ်လွယ်လက်လျှော့တတ်တာမှ မဟုတ်တာ။

ဘွဲ့နဲ့အဆက်အသွယ် မရတော့ ဘွဲ့ရှူတင်ရှိရာကို စုံစမ်းပြီး လိုက်သွားသည်။

သို့သော် ဘွဲ့ရဲ့မိခင်ကပဲ ဒိုင်ခံညှိခံကာ ဘွဲ့ကတော့ အလုပ်များချင်ယောင် ဆောင်နေသည်။

ရှူတင်ပြီးတော့လည်း နောက်ရှူတင်တစ်ခု သွားရမှာမို့လို့။ နေမကောင်းလို့။ ပွဲတက်စရာရှိလို့ စသဖြင့် အကြောင်းမျိုးစုံနှင့် ရှောင်ထွက်သွားတတ်သည်။





တစ်ခါတစ်ရံ မမေသော်ကောင်းက ရှူတင်ပြီးတာနဲ့ ရောက်လာပြီး ဘွဲ့ကိုခေါ်သွားသည်။

ဘာတဲ့။ မင်္ဂလာပွဲအတွက် သူတို့နှစ်ယောက် အလုပ်ရှုပ်နေတယ်ဆိုပဲ။

ချောကလက် ဘယ်လောက်ပဲ ကြိုးစားပါစေ ဘွဲ့နားကို ကပ်လို့ကိုမရ။ လူဆိုတာက ပြေးလေ လိုက်ချင်လေ မဟုတ်ပါလား။

ချောကလက်သည် လိုက်လို့မရလေ စိတ်တိုလေဖြစ်နေသည်။

ဒါပေမဲ့ ချောကလက်ကလည်း အားနေတာမဟုတ်။ ရှိုးပွဲတွေ ဆက်နေသဖြင့် သီချင်းတိုက်ရ။ ရှိုးဆိုရ။ အဝတ်အစားစီစဉ်ရနဲ့ မအားပါ။

ပြီးတော့ နယ်ကမိဘတွေလည်း ရောက်နေသည်။ ချောကလက် အောင်မြင်တာကိုကြည့်ပြီး အံ့သြနေသည်။

www.burmeseclassic.com



ကိုယ့်ဘာသာ အဆိုတော်ဖြစ်အောင် ကြိုးစားတဲ့ရွှ ကို ဆုချတဲ့အနေနဲ့ မိဘတွေက တိုက်ခန်းလာဝယ်ပေးကြသတဲ့။

လောကကြီးက ဘာလို့ လွဲနေမှန်းကိုမသိ။

✤ ❖ ✤

ဝေဖန်စာ၊ အကြံပြုစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ စ-လွှာ(၀)၊ ဇေယျဝတီလမ်း(ဗထိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။



ဘွဲ့က မေသော်ထံတွင် ချောကလက်နဲ့ တွေ့ခွင့် တောင်းသည်။

"မမေ '... ကျွန်တော် ချောကလက်နဲ့ တစ်ခါလောက်တွေ့ပြီး စကားပြောလိုက်ရင် ကောင်းမယ်ထင်တယ်။ သူဘာပြောစရာရှိလဲ မသိဘူး။ အခု ကျွန်တော်က ဘာမှမဖြစ်ဘဲ အကြောင်းမဲ့ ရှောင်သလို ဖြစ်နေတယ်"

"ဘွဲ့တွေ့ချင်လို့လား"

"ဟုတ်ကဲ့။ ဒါပေမဲ့ မမေ ခွင့်ပြုမှပါ"

"ခွင့်တောင်းမှတော့ ခွင့်ပြုရမှာပေါ့ ဘွဲ့လေးရဲ့။ တကယ်ဆို ဘွဲ့သာတွေ့ချင်ရင် မမေ မသိအောင် တွေ့လို့ရတာပဲ။

www.burmeseclassic.com



ခုလို ခွင့်တောင်းတယ်ဆိုတော့ မမေကလည်း ဘွဲ့ဆန္ဒကို အလေးထားရမှာပေါ့။ တွေ့လိုက်ပါ"

"ကျေးဇူးပဲ မမေ"

"ဒါပေမဲ့ နောက်ဆိုရင်တော့ မမေ ခွင့်မပြုချင်ဘူး"

"မမေ ခွင့်ပြုရင်တောင် ကျွန်တော် တွေ့ဖြစ်မှာ မဟုတ်ပါဘူး"

"မမေ ဘွဲ့လေးကို ယုံပါတယ်"

"ကျွန်တော်တို့ သန်ဘက်ခါ လက်မှတ်ထိုးရမှာနော် မမေ"

"မမေက လက်ချိုးရေတွက်နေတဲ့သူပါ ဘွဲ့လေးရဲ့"

ဘွဲ့က ပြုံးလိုက်သည်။ မိမိကို ချစ်ရှာလွန်းသော အမျိုးသမီး။ ပိုင်ဆိုင်သမျှ အားလုံးစွန့်လွှတ်ကာ မိမိဘဝထဲစွန့်ကာ ဝင်လာသူ။

သူမ စွန့်လွှတ်ခဲ့ရတာတွေက ပါးပါးလေးမဟုတ်။

ဒါကြောင့်လည်း ဘွဲ့က သူမ စိတ်ချမ်းသာအောင် ထားပေးချင်တာပါ။





တကယ်တော့ အချစ်ဆိုတာ ယောကျ်ားကောင်းတို့ အတွက်တော့ တကယ်မဟုတ်တဲ့ အိပ်မက်ပါပဲ။

မမေနဲ့ လက်ထပ်ဖို့ ကတိပေးပြီးမှ ချောကလက်ကို ချစ်ခဲ့မိတာ။

ချစ်သူကို လက်ထပ်ခွင့်မရှိတဲ့ အချိန်ကြမှ ဆုံလိုက်ရတာ ရင်နာစရာကောင်းပေမယ့် မမေကလည်း သူ့အတွက် အရမ်းကို သင့်တော်တဲ့ ကြင်ယာဖက်လောင်းပါပဲ။

သန်ဘက်ခါ မမေနဲ့ လက်မှတ်ရေးထိုး လက်ထပ်ကြတော့မည်။

မနက်ဖြန်တော့ ချောကလက်နဲ့ တွေ့ချင်ပါသေးသည်။ အခုက ပိုင်ရေးမရှိရုံ။ သန်ဘက်ခါဆို ဆိုင်ခွင့်ပါ ဆုံးရှုံးတော့မည်လေ။

လွှတ်လပ်သေးတဲ့ဘဝနဲ့ ချစ်သူ့မျက်နှာကို တစ်ခါလောက်တော့ ကြည့်ချင်ပါသေးသည်။

ပြီးတော့ သန်ဘက်ခါ မမေနဲ့ လက်ထပ်မည့် အကြောင်းကို ချောကလက်ကို အသိပေးရမည်။

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် သူ လုပ်သင့်လုပ်ထိုက်တာကို လုပ်ခဲ့တာပဲလေ။

အဲဒီအတွက် ဘယ်တော့မှ နောင်တရမှာမဟုတ်ပါ။

မမေလောက် သူ့အပေါ် ချစ်နိုင်တဲ့မိန်းမမျိုး ရှိမှာမဟုတ်ဘူး။ ချောကလက်ကို ဘယ်လောက်ပဲချစ်ချစ် မမေကိုမှ မပစ်နိုင်တာလေ။

လောကမှာ သစ္စာတရားနဲ့ ကဲတိတစ်လုံးကို လွယ်လွယ်နဲ့ မပေးသင့်သလို လွယ်လွယ်နဲ့လည်း မဖျက်သင့်ဘူးလေ။

ဒါကြောင့် သူ မမေကို စွန့်လွှတ်ဖို့ မဖြစ်နိုင်တာ။

စေ့စပ်ထားတဲ့ မိန်းမတစ်ယောက်အပေါ် အတတ်နိုင်ဆုံး သစ္စာရှိတဲ့အနေနဲ့ သူသိပ်ချစ်တဲ့ ချောကလက်နဲ့ ဝေးဝေးနေဖို့ ဆုံးဖြတ်လိုက်တာပါ။

ရင်ထဲမှာတော့ တစစ်စစ်နဲ့ ကိုက်ခဲနေတာပေါ့။

❖ ❖ ❖





ချောကလက်ဆီ ဖုန်းဆက်လိုက်တော့ ချောကလက်က စတူဒီယိုတစ်ခုမှာ သီချင်းတိုက်နေသည်။

"ဟဲလို"

"ကိုကြီးလား"

"ဟုတ်တယ်"

"ကိုကြီး တစ်ရေးနိုးလာတာလား။ ဒါမှမဟုတ် ဆေးစားများတာလား ? "

"ပြောတော့ကွာ၊ ခု ညီမလေး ဘယ်မှာလဲ ?၊ ခဏတွေ့လို့ ရမလား"

www.burmeseclassic.com



"ချောကလက်လို အညတရလေးဆီကို ခွင့်တောင်းစရာ မလိုပါဘူး ကိုကြီးရယ်၊ ချောကလက် ကိုဖိုးဆိုးတို့ စတူဒီယိုမှာရှိတယ်"

ဘွဲ့သည် နောက်ဆုံးအနေနဲ့ ချောကလက်ကိုသွားတွေ့ဖြစ်ပါသည်။

"ကိုကြီးရယ် ... မတွေ့တာကြာသလိုပဲ။ သတိရနေတာ"

ပြုံးလုံလုံလေး ချွဲနေတဲ့ ကောင်မလေးကို ပြန်ပြုံးပြရတာတောင် အားမရှိပါဘူး။

"ညီမလေး အဆင်ပြေရဲ့လား"

"ကိုကြီးက ပစ်ထားတာကလွဲရင် အားလုံးအဆင်ပြေပါတယ်"

"ညီမလေးရယ်"

"ကိုကြီး ချောကလက်ကို ဘာလို့ ရှောင်နေတာလဲ"

ဘွဲ့က ချောကလက်ရဲ့မေးခွန်းကို မသိကျိုးကျွံပြုကာ ...





"ညီမလေးအခွေ တော်တော်ပေါက်သွားတာပဲ။ ညီမလေး စန်းရှိတယ် မဆိုးဘူး။ ခုတော့ ညီမလေးဆန္ဒ ပြည့်သွားပြီပေါ့"

"ကိုကြီး"

"ကိုကြီး မနက်ဖြန် မမေနဲ့ လက်မှတ်ထိုးကြတော့မယ်။ ညှော်ခံပွဲက နောက်တစ်ပတ်ထဲကြမှ လုပ်ဖြစ်မယ်"

"ရှင်"

"ဟုတ်တယ်၊ အဲဒီကိစ္စတွေနဲ့ အလုပ်တွေရှုပ်ပြီး ညီမလေးနဲ့မတွေ့ဖြစ်တာ"

"ဩော် ... နောက်ဆုံးတော့ ကိုကြီး မမမေသော့်ကောင်းကို လက်ထပ်တော့မှာပေါ့နော်"

"ကိုကြီးတို့ စေ့စပ်ထားတာပဲ ညီမလေး။ လက်ထပ်ရမှာပေါ့"

"ဒါဆို ကိုကြီး မမမေကို ချစ်လို့ပေါ့နော်"

www.burmeseclassic.com



"အချစ်ဆိုတာ လက်ထပ်ခြင်းနဲ့ ထပ်တူကျလို့လား။ အဟင်း ... အေးလေ၊ အချစ်တစ်ခုလောက်မှမပါဘဲ လက်ထပ်ရင်လည်း အဲဒီအိမ်ထောင်ရေးက မျဉ်းပြိုင်ကြီးလို တန်းနေမှာပေါ့"

"ဒါဆို ကိုကြီးတို့လက်ထပ်ခြင်းမှာလည်း အချစ်ပါတယ်ပေါ့"

ဘွဲ့က ခေါင်းညိတ်သည်။ မမေရဲ့ပမာဏကြီးလှတဲ့ ချစ်ခြင်းမေတ္တာတွေ ပါတယ်လေ။

"သြော်"

ချောကလက်က နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်နေသည်။ ချောကလက် ဒေါသထွက်နေတာ။ အချိန်တွေ အများကြီး ရခဲ့ပါရဲ့ ချောကလက် အသုံးမချလိုက်မိဘူးလေ၊ ခုတော့ မနက်ဖြန်ပဲ လက်မှတ်ထိုးတော့မတဲ့။

"ကိုကြီး"

"ပြော ... ညီမလေး"





"ချောကလက်ကို တစ်ခုခုပြောစရာ မရှိဘူးလား"

"ညီမလေးရယ်"

"ပြောပါဦး ကိုကြီးရဲ့။ ဘာလို့ ချောကလက်ကို စီးရီးစ် ထုတ်ပေးခဲ့တာလဲ။ ပြောပါဦး"

"ညီမလေး ဝါသနာကို ဖြည့်ဆည်းပေးတာပါ"

"မလိုပါဘူး ကိုကြီးရယ်၊ အဲလိုသာဆို လူတိုင်းကို ဘာဝါသနာပါလဲ လိုက်မေးပြီး ဖြည့်ဆည်းပေးလိုက်ပါလား ကိုကြီး"

ဘွဲ့သည် ချောကလက် လက်ကလေးကို ရုတ်တရက် ဆွဲယူလိုက်မိသည်။ ဘာမှမပြောမိအောင် နှုတ်ခမ်းကို တင်းတင်း စေ့ထားမိသည်။

မနက်ဖြန်ဘဲ မမေကို လက်ထပ်ရတော့မည်။ ချောကလက်ကိုချစ်ရက်နဲ့ မမေကို လက်ထပ်ရမှာ သူရော မခံစားရဘဲ နေမလား။

www.burmeseclassic.com



သူ မှကြေကွဲဘူး ထင်လို့လား။

ခုလို ချောကလက်က ပေါက်ကွဲနေတော့ ပိုဆိုး သည်။

စနက်တံနားမှာ မီးလာထွန်းသလို ခံစားရသည်။

မျိုသိပ်ထားရတဲ့ အချစ်တွေ ပေါက်ကွဲကုန်ရင် ခက်လိမ့်မယ်။

ကိုယ်မယူနိုင်ဘဲနဲ့ ချစ်တယ်လို့ မပြောချင်ပါ။ ကိုယ် ရင်ထဲမှာ ပေါ့သွားဖို့အတွက် သူ့ကို ခံစားချက်တွေမပေးခဲ့ ချင်ပါ။

"ကိုကြီး"

"ကိုကြီး ချောကလက်ကို တစ်ခုခုပြောပါဦး၊ ပြောခဲ့ပါဦး ကိုကြီးရယ်"

ချောကလက် မျက်ရည်တွေ ကျလာသည်။ သရုပ် ဆောင်လုပ်ဖို့ပဲကောင်းရဲ့။





ဘွဲ့က ချောကလက်ရဲ့မျက်ရည်တွေကို သုတ်ပေး ရင်း ...

"ကိုကြီးအတွက် မျက်ရည်မကျပါနဲ့ ကလေးရယ်။ မတန် ပါဘူး"

"ဟင့်အင်း ... ကိုကြီး တစ်ခုခုတော့ ပြောဦး"

"ချောကလက်နဲ့ စတွေ့ကတည်းက ကိုကြီးမှာ ဘာမှ ပြောစရာမရှိတော့ဘူး"

"ဘာဖြစ်လို့လဲ"

"ချောကလက်နဲ့ စတွေ့ကတည်းက ကိုကြီးမှာ လက်ထပ် ရမယ့်သူ ရှိနေပြီလေ"

"ချောကလက်နဲ့တွေ့ပြီးမှ ကိုကြီး စေ့စပ်တာပါ"

"ဟုတ်တယ်၊ ဒါပေမဲ့ ချောကလက်နဲ့တွေ့တော့ မမေကို လက်ထပ်ဖို့ ကတိပေးပြီးပြီ"

"ဘာပဲဖြစ်ဖြစ် ကိုကြီးရယ်၊ ချောကလက်ကို ပြောစရာ တစ်ခုခု မရှိဘူးလား"

www.burmeseclassic.com



ချောကလက်သည် ဘွဲ့ရဲ့မျက်လုံးထဲကို မြင်သွားသည်။ ဘွဲ့ရဲ့မျက်လုံးထဲမှာ သူမအပေါ်ထားသည့် အချစ်တွေ။

ပြီးတော့ ငွေကုန်ကြေးကျခံကာ သူမကို စီးရီးစ် ထုတ်ပေးခဲ့တာ။

လက်ထပ်ရတော့မှာမို့လို့ သူမကို ရှောင်သွားခဲ့တာ။

ဘုရားရေ ... ဒီ အကယ်ဒမီမင်းသားသာ ဟန်မဆောင်တတ်ဘူးဆိုရင် ဒီလူ ချောကလက်ကို တကယ်ချစ်နေတာလား။

သူမကို စီးရီးစ်သာ ထုတ်ပေးခဲ့တာ။ သူမဆီက ဘာအခွင့်အရေးမှ မယူခဲ့ဘူးနော်။

ချောကလက်သည် တဖြည်းဖြည်းနဲ့ ဒီလူကို ပိုင်ဆိုင်ချင်လာသည်။

စိတ်သဘောထား ပြည့်ဝမှန်ကန်ပြီး သူမကိုမြတ်နိုးတဲ့ ဒီလူကို အဆုံးရှုံး မခံချင်တော့။





ဘယ်လိုလုပ်ရမလဲ။

"ကိုကြီး"

"ကိုကြီး ပြန်တော့မယ်၊ မနက်ဖြန်ဆို အိမ်ထောင်သည် ဖြစ်တော့မှာဆိုတော့ ဒီနေ့လာနှုတ်ဆက်တာ ... ဟား ဟား"

"ကိုကြီး"

"ကိုကြီး သွားတော့မယ်"

"သွားမယ်ဆိုရင်လည်း ချောကလက်ကို တစ်ခုခုတော့ ပြောသွားပါ"

ဘွဲ့က ဘာမှမပြောဘဲ လှည့်ထွက်သွား၏။ ကားပေါ်ရောက်ကာ စက်နှိုးပြီးမှ သူမ မျက်နှာကို စူးစိုက်ကြည့်ကာ ကားကိုမောင်းထွက်သွားသည်။

ချောကလက် ဘာလုပ်ရမလဲ ? ။

မနက်ဖြန်ဆိုတော့ ချောကလက်အတွက် အချိန်မရှိတော့ဘူး။

www.burmeseclassic.com



ဒီနေ့ မိုးမချုပ်ခင် ချောကလက် လှုပ်ရှားမှုရမှာ။ ဒါပေမဲ့ ဘာလုပ်ရမှန်းလဲ မသိ။

ကိုကြီး မနက်ဖြန် လက်မှတ်မထိုးရဘူး။

ကိုကြီးတို့ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးလိုက်တာနဲ့ ပွဲကပြီးသွားပြီ။

ဟင့်အင်း ... ဟင့်အင်း။

✤ ❖ ✤





ဘွဲ့သည် ချောကလက်နဲ့တွေ့ပြီးတာနဲ့ မမေဆီလာခဲ့သည်။

မမေတို့ရုံးနားက ကော်ဖီဆိုင်မှာ စကားထိုင်ပြောဖြစ်သည်။

သူ့ကို ဦးသော်ကောင်း အလိုမရှိမှန်း သိကတည်းက သူ ဦးသော်ကောင်းနဲ့ ပတ်သက်တဲ့နေရာတွေကို ခြေမချတော့။

ထို့ကြောင့် မမေရုံးခန်းကို မသွားတော့ဘဲ မမေကို တွေ့ချင်ရင် အပြင်မှာပဲ တွေ့ဖြစ်သည်။

"ချောကလက်နဲ့ တွေ့ပြီးပြီပေါ့"

"ဟုတ်ကဲ့"

www.burmeseclassic.com



"Lunch စားပြီးပြီလား"

"light food လောက်ပဲ စားချင်တယ်"

"အိုခေ ... ဒါဆို juice တစ်ခွက်နဲ့ donut တစ်ခုလောက်ပဲပေါ့"

"ဟုတ်"

မေသော်ကောင်းသည် လူကဲခတ် အင်မတန်တော်ပါသည်။ ဘွဲ့မျက်လုံးထဲမှာ ဆွေးရိပ်တွေ တွေ့နေရသည်။

ထိုခဏမှာပဲ မေသော် သိလိုက်တာက ဘွဲ့သည် ချောကလက်ဆိုသော ကောင်မလေးကို သာမန်ထက်ပိုနေသည် ဆိုတာပဲ။

ဒါဆို ချစ်တဲ့သူကို ဘာလို့မရွေးချယ်တာပါလိမ့်။

ဘာလို့ မေသော့်ကိုပဲ လက်ထပ်တာပါလိမ့်။

သူ မေသော့်ကို စိတ်မဝင်စားတာ မေသော်သိနေတာပဲ။

မေသော် စဉ်းစားလို့မရ။





ထိုစဉ်မှာပဲ မေသော့်ဆီကို ချောကလက် ဖုန်းဆက်လာသည်။

"မမမေနဲ့ တွေ့ချင်တယ်၊ အရေးကြီးလို့ အခုချက်ချင်းတွေ့ရမှဖြစ်မယ်"

"ခဏနော် ညီမ"

မေသော်က ဖုန်းကိုလက်နဲ့အသာအုပ်ပြီး ...

"ချောကလက်ဆက်တာ ဘွဲ့လေး။ မမေနဲ့ အခုတွေ့ချင်တယ်တဲ့"

"ဗျာ"

ဘွဲ့သည် ချောကလက် ဘာတွေကျိုင်ရှာမှာပါလိမ့်ဆိုပြီး စိတ်ရှုပ်သွားသည်။ မမေကို တစ်ခုခုများ ပြောမလို့လား။ ပြောရအောင် သူ့ဘက်ကမှ ဘာမှမဖောင်းလ်ခဲ့တာလေ။

"မမေ ခဏနေမှ ပြန်ဆက်မယ် ညီမ။ ဆယ်မိနစ်လောက်ပဲ။ ဒီမှာ အလုပ်ရှုပ်နေလို့"

မေသော်က ပြောပြီး ဖုန်းပိတ်လိုက်သည်။

www.burmeseclassic.com



"ဘွဲ့လေး ... မမေ သူ့ကို တွေ့ရမလား"

ဘွဲ့မျက်နှာမှာ စိတ်ရှုပ်နေပုံနှင့်။

"မမေ သဘောလေ"

"မမေ သူ့ကိုတွေ့ချင်တယ်၊ သူ ဘာပြောချင်လဲ မသိဘူး။ ဒါပေမဲ့ သူ ဘာပဲပြောပြော မမေတို့ကိစ္စက အပြောင်းအလဲ ဖြစ်မှာ မဟုတ်ဘူး"

ဘွဲ့က ဘာမှမပြော။

"ပြီးတော့ သူလာရင် ဘွဲ့ပါ မမေနဲ့အတူ လိုက်ခဲ့လေ"

"ဗျာ"

"သူ ဘာပြောမလဲ သိရတာပေါ့"

"ဟုတ်ကဲ့"

ခုချိန်မှာ ဘွဲ့ ဘာမှမဆုံးဖြတ်ချင်။ မမေ ပြောသမျှပဲ ခေါင်းညိတ်နေမိသည်။

ပြီးတော့ သူလိုက်တွေ့တာ ပိုကောင်းပါ၏။ မဟုတ်ရင် ချောကလက်က မမေကို တစ်ခုခုပြောလိုက်ရင် အခက်။





မေသော်က ချောကလက်ဆီ ဖုန်းပြန်ဆက်သည်။

"ရပြီ ညီမလေး၊ ဘယ်မှာတွေ့ကြမလဲ"

"စိမ်းလန်းစိုပြေကို လာခဲ့ပါလား မမေ"

"အိုခေ ... ညီမလေး"

စိမ်းလန်းစိုပြေမှာ ချောကလက်က အရင်ကြိုစောင့်နေခဲ့သည်။

မေသော်နဲ့အတူ ဘွဲ့ပါ ပါလာတာတွေ့တော့ မျက်နှာပျက်သွား၏။

"ကိုကြီးပါလာတာကိုး။ ကိုကြီး ကျေးဇူးပြုပြီး ခဏရှောင်ပေးပါ။ မမေနဲ့ ပြောစရာရှိလို့"

ပေါ်တင်ကြီး နှင်ထုတ်တာမို့ ဘွဲ့လည်း ကားထဲပြန်ဝင်ထိုင်နေရတော့၏။

"မမေ"

"ပြော ညီမလေး"

"မမေတို့ မနက်ဖြန် လက်ထပ်ကြမယ်ဆို"

www.burmeseclassic.com



"ဟုတ်တယ်"

"အဲဒီလက်ထပ်ခြင်းမှာ ကိုကြီးဘက်က ချစ်ခြင်းမေတ္တာ ပါမယ်လို့ မမမေ ထင်လား"

"အဲဒါ ချောကလက်နဲ့ ဘာဆိုင်လို့လဲ"

"မဆိုင်ရင်တော့ ဒီလိုတွေ့ဖြစ်မှာ မဟုတ်ဘူး။ ဖြေပါဦး မမမေ။ ကိုယ့်ကိုမချစ်တဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်ရဲသလား"

"မင်း ဘယ်လိုဆိုင်သလဲ တို့ မသိဘူး။ သိလည်းမသိချင်ဘူး။ မင်းမေးတဲ့ မေးခွန်းကိုတော့ ဖြေချင်တယ်ကွ။ ကိုယ့်ကိုမချစ်ဘဲ လက်ထပ်ရဲသလား။ လက်ထပ်ရဲတယ်။ ဘာလို့လဲသိလား။ အချစ်ဆိုတာ နှလုံးသားအတွက်ပဲ အရေးကြီးတာဖြစ်ပြီး အိမ်ထောင်ပြုတာမှာတော့ အချစ်ထက် နားလည်မှုက ပိုအရေးကြီးလို့ပဲ၊ မင်း သိအောင် ဥပမာပြရရင် အမေရိကားမှာ အိမ်ထောင်ကျတဲ့ တို့သူငယ်ချင်းဆို သူ့အိမ်ထောင်ရေးမှာ အချစ်မပါဘူး။ ပြီးတော့





သူတို့လင်မယားနှစ်ယောက်လုံး လင့်ဝတ္တရားငါးပါးတို့၊ မယားဝတ္တရားငါးပါး ဆိုတာတွေလည်း မသိဘူးတဲ့။ ဒါပေမဲ့ သူတို့မှာ နားလည်မှုရှိတယ်။ အဲဒီတစ်ခုတည်းနဲ့ တည်ဆောက်ထားတဲ့ သူတို့အိမ်ထောင်ရေးက ပျော်ရွှင်အေးချမ်းနေတာပဲ"

မေသော်က စကားကိုရပ်ပြီး ချောကလက်ကို ဖြုံးပြလိုက်၏။

"ခုလည်း ဒီလိုပဲ။ တို့က ဘွဲ့ကို အပြည့်အဝ နားလည်ပေးမှာဖြစ်ပြီး ဘွဲ့ကလည်း တို့လိုပဲဆိုတာယုံလို့ တို့ကို မချစ်လည်း လက်ထပ်ရဲတယ်"

"ကိုကြီးမှာ ချစ်ရတဲ့သူ ရှိရင်ရော၊ ဒါဆိုရင်တော့ သူချစ်တဲ့သူကို ကျောခိုင်းပြီး မချစ်တဲ့သူကို ယူရမှာ၊ ကိုကြီးတော်တော် စိတ်ဆင်းရဲမှာပဲ"

မေသော့်ကို ဖြတ်ရိုက်လိုက်သလို ခံစားရ၏။ သို့သော် မေသော်ပဲလေ။

www.burmeseclassic.com



"ဩော် ... ဒါကတော့ ညီမရယ်၊ ဘွဲ့လေး ချစ်မိတဲ့သူရှိရက်နဲ့ မချစ်တဲ့ မမေကို လက်ထပ်ဖို့ရွေးတယ် ဆိုကတည်းက သူချစ်မိတဲ့သူက လက်ထပ်ဖို့ မသင့်တဲ့သူ ဖြစ်နေလို့နေမှာပေါ့။ အချစ်ဆိုတာ နှလုံးသားကွက်ကွက်ကလေး တစ်နေရာအတွက်ပဲ အရေးကြီးတာပါကွာ"

"ဘာလို့ လက်ထပ်ဖို့ မသင့်ရမှာလဲ။ သူ ချစ်တဲ့သူကို နောက်ကျမှ တွေ့လိုက်လို့။ မမမေနဲ့ လက်ထပ်ဖို့စီစဉ်ပြီးမှ သူချစ်တဲ့သူကိုတွေ့လို့။ အဲဒါကြောင့် ကိုကြီး စိတ်ဆင်းရဲနေရတာ"

"ဟုတ်လား ...။ သူချစ်တဲ့သူက ဘယ်သူများလဲ။ ဘာလို့ ချောကလက်က ဒီစကားတွေ လာပြောနေတာလဲ။ သူများကြားထဲ အမှန်းမခံပါနဲ့ ညီမလေးရယ်၊ ညီမလေး စိတ်ကျေနပ်အောင် တစ်ခုပြောရရင် ဘွဲ့နဲ့မမေကို မမေတို့ဘက်က ဘွဲ့အနုပညာအလုပ်ကို မစွန့်ရင် သဘောမတူဘူး။ ဘွဲ့ကလည်း မမအတွက် သူ့အနုပညာကို မစွန့်နိုင်ဘူး။





ဒီတော့ ဘာလုပ်တယ် ထင်သလဲ။ မမေက မမေအသိုင်းအဝိုင်း၊ မမေ ပိုင်ဆိုင်သမျှကို စွန့်လွှတ်ပြီး ဘွဲ့ကိုလက်ထပ်တာ။ ဘွဲ့ကလည်း အဲဒါကြောင့် မမမေကို မထားရက်ခဲ့တာ။ ဘွဲ့ သူ့ကောင်မလေးကို ချစ်တယ်ဆိုရင်တောင် မမေ သူ့ကိုချစ်တဲ့အချစ်ကို မီမယ်မထင်ဘူး။ ပြီးတော့ ဘယ်မိန်းကလေးကမှ မမေလောက် ဘွဲ့ကိုပေးဆပ်ပြီး ချစ်နိုင်မယ် မထင်ဘူး။ မြန်မာပြည်အနှံ့ လက်ညှိုးထိုးမလွဲတဲ့ ပိုင်ဆိုင်မှုတွေကိုစွန့်ပြီး အရူးအမူးချစ်ခဲ့တဲ့ မမေကို ဘွဲ့က ဘယ်တော့မှ စွန့်လွှတ်မှာ မဟုတ်ဘူး။ အဲဒါ ယောကျ်ားပီသတဲ့ ဘွဲ့ရဲ့ဆုံးဖြတ်ချက်ပဲ။ ညီမလေးလည်း သင်ခန်းစာယူပေါ့။ ဘယ်အရာမဆို အရင်းမစိုက်ဘဲ အမြတ်မရဘူး။ အရင်းမပါဘဲ မြတ်တယ်ဆိုရင် သေချာတယ် အဲဒါ အချောင်ရတာပဲ။ မမေက ဘွဲ့နဲ့လက်ထပ်ဖို့အတွက် မမေရဲ့မေတ္တာကို ပြခွင့်ရဖို့ အများကြီးရင်းလိုက်ရတာ။ ဘယ်လောက်ထိ မမေကို သူ ဂရုစိုက်လဲ သိလား။ ညီမ

www.burmeseclassic.com



လေးနဲ့ ကောလာဟလထွက်တာကို ဆင်ခြင်ဖို့ ညီမလေး စီးရီးစ်ကိစ္စကိုတောင် မမေ့နဲ့လွှဲတဲ့အထိပဲ။ မနက်ဖြန်မှ လက်မှတ်ထိုးမှာ ဆိုပေမယ့် ဘွဲ့ရဲ့စိတ်တစ်ခုလုံးကို မမေ ပိုင်ဆိုင်ပြီးပြီ ညီမလေးရဲ့။ အဲဒါကြောင့် အချစ်ဆိုတာ လေးမပါလာလည်း ဂရုမစိုက်ဘူး။ ကုန်ကုန်ပြောရရင် ဒီနေ့ ညီမလေးကို သွားတွေ့ခွင့်တောင် မမေလွှတ်မှ သူ သွားတာ။ ဘွဲ့လေး ချစ်ရတဲ့သူ ရှိတယ်ဆိုရင် ပြောလိုက် ပါကွယ်။ မနက်ဖြန် မမေတို့ လက်ထပ်မှာ စိတ်တူကိုယ် တူပါလို့။ ယောကျ်ားတစ်ယောက်အတွက် ဒီလောက်ရှင်း ပြရတာတောင် မကောင်းတော့ဘူး။ တော်ကြစို့ ညီမရယ်”

ချောကလက်မှာ ပြောစရာ မရှိတော့ပါ။

✤ ❖ ✤





တကယ် ပြောစရာ မရှိတော့။

ဘာတဲ့။

မချစ်လည်း လက်ထပ်ရဲသတဲ့။

ဒီမင်းသားအတွက် သူမပိုင်သမျှ အကုန်စွန့်ခဲ့သတဲ့။ ရူးလိုက်တဲ့မိန်းမ။

ဒါနဲ့များ ဘာတွေတော်နေ ထက်နေတာလဲ။

သိပ်တော်ပါတယ်ဆိုတဲ့ မေသော်ကောင်း ဘာမဟုတ် တဲ့ အချစ်အတွက် ဒူးထောက်သတဲ့။

ရယ်စရာပဲ။

ချောကလက်လို သာမန်မိန်းကလေးက ကိုမဲ့ဘဝ ဒီထက်ပိုမြင့်ဖို့ ဘွဲ့ကို လက်ထပ်ချင်တာ။

BURMESE CLASSIC

www.burmeseclassic.com



မေသော်ကောင်းလို မိလျှနာသူဌေးမကတော့ ဘွဲ့နဲ့ လက်ထပ်ခွင့်ရဖို့အတွက်၊ ပိုင်ဆိုင်သမျှကို စွန့်လွှတ်သတဲ့။

ချောကလက်သည် အားပါးတရ ရယ်နေမိသည်။

အချောင်နိုက်ချင်တဲ့စိတ်နဲ့ ပွဲဖျက်ဖို့ ကြိုးစားမိတဲ့ ကိုယ့်ကိုယ်ကိုယ် ရွံမိသည်။

BURMESE CLASSIC

တကယ်တော့ ...

ဘွဲ့ရော။ မေသော်ကောင်းပါ မြင့်မြတ်ကြသူတွေ ဖြစ်၏။

သူမကတော့ ...။

သူမလည်း မချစ်ဘဲ လက်ထပ်ရဲပါသည်။

သူမ ဘွဲ့ကို မချစ်ဘဲ လက်ထပ်ရဲသည်။

ဘွဲ့ကတော့ သူ့ကိုချစ်တဲ့သူကိုပဲ လက်ထပ်သွားသည်။ သူ့ကိုချစ်တဲ့ မမေကိုပဲ ရွေး၏။

ဘွဲ့က ချောကလက်ကို **ချစ်သည်**။

မမေက ဘွဲ့ကို **ချစ်သည်**။





ချောကလက်က ဘယ်သူ့ကိုမှ **မချစ်**။

ချောကလက်မှာ **အချစ်မရှိ**။

ထို့ကြောင့် ...

ဘွဲ့က မမေကို မချစ်သော်လည်း အချစ်ရှိတဲ့ မမေကိုပဲရွေးကာ ကိုယ့်ကိုယ်ကိုယ်ကလွဲရင် ဘယ်သူ့ကိုမှ မချစ်တတ်သော ချောကလက်ကို ချန်ထားရစ်ခဲ့သည်။

အချစ်မရှိသော ချောကလက်တစ်ယောက် မချစ်ဘဲ လက်ထပ်ရဲသော်လည်းပေါ့။

မမေက သူ့ကိုမချစ်လည်း လက်ထပ်ရဲသတဲ့။

ချောကလက်ကတော့ ကိုယ်ကမချစ်လည်း လက်ထပ်ရဲပါ၏။

ဒါဆို ...

ဘွဲ့ကရော ...

ဘွဲ့လည်း မချစ်ဘဲ လက်ထပ်ရဲတာပင်။

မမေသော်ကို မချစ်သော်လည်း လက်ထပ်ရဲတာပင်။

www.burmeseclassic.com



ဒါဆို ...

အချစ်ဆိုတာ ...

အိမ်ထောင်ရေးမှာ သိပ်အရေးမပါတာလား ? ။

စာချစ်သူ ပရိသတ်များ စဉ်းစားပေးကြပါဦးနော်။

ရွှမ်းမြလန်းဆန်း ဘဝပန်းကို

ထာဝရ ပန်ဆင်နိုင်ကြပါစေ

ရွှန်းရမိုး

(28 th Nov' 11)

(10:30 PM. Mon)

ဝေဖန်စာ၊ အကြံပေးစာနှင့် မိတ်ဆက်စာများပေးပို့ပါလျှင်
အမှတ်-၉/၁၁၊ ၈-လွှာ(ဂ)၊ ဇေယျာဝတီလမ်း(ဗဟိုလမ်း)၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့
ပေးပို့နိုင်ပါသည်။